ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်

# EDU2109

## သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာလေ့လာမှုများ - ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း

ကျောင်းသားကိုင်စာအုပ်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ၂၀၁၆-၂၀၂၁တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင် အကြိုဆရာအတတ်သင် ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲ ပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များစသည်တို့ပါဝင် သည်။ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကိုအခြေခံ ပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးဒီဂရီ ကောလိပ်ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင်ထိရောက်စွာသင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေ ဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့်ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ် ချက် အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်းချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးဒီဂရီကောလိပ်ကျောင်းသားများသည် မိမိတို့သိထားပြီး သောအယူအဆသဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည်ဖြစ်သည်။ ထိုသို့ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်းကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် သင်ရိုးကိုအပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူ ထားသည့် အယူအဆသဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ်နှင့် စတုတ္ထ နှစ်)တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည်ဖြစ်သည်။ သို့မှသာ ပညာရေးဒီဂရီ ကောလိပ်ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆသဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင်စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင် လေ့ရှိသည်များကို မိမိတို့အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှုအမျိုးမျိုးအနက်မှ အချို့သောအပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင် ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သောကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက် အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည် သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်းမဟုတ်ဘဲ သက်ဆိုင်ရာအသက်အရွယ် အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား များကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သောအစိတ်အပိုင်းများ ဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်းစသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆို ပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆသဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကိုအသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)

၂။ အသုံးချခြင်း (သင်ကြား သင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်

၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ် အကဲဖြတ်ခြင်း)

ပညာရေးဒီဂရီကောလိပ်တွင် ပညာသင်ယူပြီးချိန်တွင်လည်း ပညာရေးဒီဂရီကောလိပ်ဘွဲ့ရ ကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ်ဟူသည့် စက်ဝန်း သံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင်အသုံးချခြင်း အားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ် တာဝန်ပေးအပ်ထားသော ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေး

တက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သောသင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့ပြင် မြန်မာပြည်တွင်းမှကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ်တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre-service Teacher Education in Myanmar) စီမံချက်မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် အင်္ဂလန်နိုင်ငံအစိုးရများကလည်း ပေးအပ်ထားပါသည်။

# မာတိကာ


နိဒါန်း ....................................................................................................က

မာတိကာ..................................................................................................ဃ

ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။ ...............................................၁

အခန်း ၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မိတ်ဆက်........................................................ ၁၃

၁.၁။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ်ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ ................................................................................ ၁၈

၁.၁.၁။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ.................................................................... ၁၈

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ................................................................ ၃၀

၁.၂။ အလယ်တန်းကျောင်းသားများ၏ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းသင်ယူမှုအား ပံ့ပိုးခြင်း............................................................................................ ၃၁

၁.၂.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအတွက် သင်ကြားရေးဆိုင်ရာ ချဉ်းကပ်နည်းများ၊ နည်းဗျူဟာများနှင့် နည်းလမ်းများ ...................................................၃၂

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ................................................................ ၄၃

အခန်းဆုံးအနှစ်ချုပ် ........................................................................................ ၄၄

အဓိကအချက်များ...................................................................................... ၄၄

အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း........................................................... ၄၅

ဆက်လက်ဖတ်ရှုရန်စာရင်းများ ................................................................... ၄၆

အခန်း ၂။ တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့်ဒေသတွင်းစီးပွားရေးများ ... ၄၈

၂.၁။ တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်းစီးပွားရေးများ အကြောင်းသင်ယူခြင်း မိတ်ဆက် ............................................................ ၅၂

၂.၁.၁။ ဒေသယဉ်ကျေးမှု မိတ်ဆက် - တိုင်းဒေသကြီး/ သမိုင်းဝင် အထင်ကရ နေရာများ ............ ၅၂
၂.၁.၂။ ဒေသအလိုက်၊ ရိုးရာအလိုက်ပွဲတော်များနှင့် ဓလေ့ထုံးတမ်းများ............ ၇၀
၂.၁.၃။ တိုင်းဒေသကြီးစီးပွားရေး၊ ဒေသတွင်းစီးပွားရေးနှင့် ဒေသထွက် ထွက်ကုန်များ............ ၉၀
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ............ ၁၀၈
အခန်းဆုံးအနှစ်ချုပ် ............ ၁၁၀
အဓိကအချက်များ............ ၁၁၀
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း............ ၁၁၁
ဆက်လက်ဖတ်မှတ်စရာများ ............ ၁၁၂
အခန်း ၃။ စိုက်ပျိုးရေးလုပ်ငန်း............ ၁၁၄
၃.၁။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း............ ၁၁၇
၃.၁.၁။ စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံ ............ ၁၁၇
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ............ ၁၂၄
၃.၂။ အပင်နှင့် မျိုးစေ့များ............ ၁၂၅
၃.၂.၁။ အပင်များကို အမျိုးအစားခွဲခြားခြင်း - လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများ............ ၁၂၅
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ............ ၁၂၇
၃.၃ ။ မြေဆီလွှာများနှင့် မြေဩဇာများ ............ ၁၂၈
၃.၃.၁ ။ အချဉ်ပေါက်မြေနှင့် အငန်ပေါက်မြေကို ပြုပြင်ခြင်း............ ၁၂၈
၃.၃.၂။ သဘာဝမြေဩဇာများ ............ ၁၃၄
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ............ ၁၃၉
၃.၄။ အပင်မျိုးပွားခြင်း ............ ၁၄၀
၃.၄.၁။ ကိုင်းဆက်ကူးခြင်းဖြင့် အပင်မျိုးပွားခြင်း............ ၁၄၀

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................................................၁၄၉
အခန်းဆုံးအနှစ်ချုပ် ........................................................................................ ၁၅၀
အဓိကအချက်များ......................................................................................... ၁၅၀
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း........................................................... ၁၅၀
ဆက်လက်ဖတ်မှတ်စရာများ ..........................................................................၁၅၁
ခက်ဆစ်အဘိဓာန် ..............................................................................................၁၅၃
ကျမ်းကိုးစာရင်း.................................................................................................. ၁၅၈
နောက်ဆက်တွဲများ ...........................................................................................၁၆၄
လက်ကမ်းစာစောင် (၁) ပညာရေးဒီဂရီကောလိပ် ပထမနှစ်၊ ဒေသဆိုင်ရာ
သင်ရိုးညွှန်းတမ်း မာတိကာ အကြောင်းအရာ.....................၁၆၄
လက်ကမ်းစာစောင် (၂) အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်မှ
ကောက်နုတ်ချက်............................................................. ၁၇၁

# ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။

## ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ် ကျောင်းသားကိုင်စာအုပ်ကို မည်သူအသုံးပြုမည်နည်း။

ဤပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ကျောင်းသားကိုင်စာအုပ်ကို ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ် သင်ယူရာတွင် အထောက်အကူပြုစေရန် ရေးဆွဲထားပါသည်။ ဤကျောင်းသားကိုင်စာအုပ်တွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို တွေ့ရှိရမည်။ ထိရောက်စွာ သင်ကြားပို့ချပေးနိုင်သည့်မြန်မာနိုင်ငံ၏ ဆရာကောင်းတစ်ဦး ဖြစ်လာစေရေးတွင် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ဖွံ့ဖြိုးစေမည့် သင်ယူမှုလုပ်ငန်းများနှင့် ဆက်လက်ဆည်းပူးစရာများကိုလည်း ဤကျောင်းသားကိုင်စာအုပ်တွင် တွေ့ရှိပါလိမ့်မည်။ သင်သည် ဤကျောင်းသားကိုင်စာအုပ်ကို စာသင်ခန်းအတွင်း အဓိကဆည်းပူးစရာ စာအုပ်အဖြစ်လည်းကောင်း၊ ကိုယ်တိုင်ဆည်းပူးလေ့လာစရာစာအုပ်အဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

ဤကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သောအကြောင်းအရာများကို ကျောင်းသား[၁]များအတွက်ဟု အမည်တပ်ထားသော်လည်း သင်တို့အား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အခြေခံတတ်ကျွမ်းမှုများရအောင် ပံ့ပိုးကူညီပေးပြီး အနီးကပ်ကြည့်ရှု၊ ထောက်ပံ့ ကူညီကြမည့် ဆရာများ[၂] အတွက်လည်း ဆည်းပူးစရာ အကြောင်းအရာများဖြစ်ပါသည်။ ဤဘာသာရပ်တစ်ခုလုံးတွင် သင်တို့နှင့် သင်တို့၏ဆရာသည် ကျောင်းသားကိုင်စာအုပ်အား သင်ယူရေးကိရိယာတစ်ခုအဖြစ် အသုံးပြုပြီး အတူပူးပေါင်း လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

## ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ကြားရေးအစီအစဉ်တွင် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၁၀ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၁၂ ချိန်) တစ်နှစ်လျှင် စုစုပေါင်းစာသင်ချိန် ၂၂ ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

---

[၁] ဤကျောင်းသားကိုင်စာအုပ်တွင်ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

[၂] ဤကျောင်းသားကိုင်စာအုပ်တွင်ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

## ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ် ကျောင်းသားကိုင်စာအုပ်တွင် မည်သည့် အရာများ ပါဝင်သနည်း။

ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းပုံနှင့် ပါဝင်သည့်အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဘာသာရပ်တွင် အောက်ပါအခန်းများပါဝင်ပါသည်။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းမိတ်ဆက်
- တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်း စီးပွားရေးများ
- စိုက်ပျိုးရေးလုပ်ငန်း
- သက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ
- အိမ်တွင်းစီမံခန့်ခွဲမှုစွမ်းရည်များ
- စစ်ဆေးအကဲဖြတ်ခြင်း

အခန်းတစ်ခုစီတွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများအား လုပ်ဆောင်ရာတွင် သင်ခန်းစာ ခေါင်းစဉ်နှင့်ဆိုင်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ နက်နဲစွာ တတ်မြောက် ရရှိသွားစေရန် တစ်ဦးချင်း (သို့မဟုတ်) အတန်းဖော်များ၊ အတန်းဆရာနှင့်ပူးပေါင်းပြီး ပါဝင် လုပ်ဆောင်ကြရပါမည်။ အောက်တွင် ဖော်ပြထားသော မာတိကာ အကြောင်းအရာဇယားတွင် အခန်းတစ်ခန်းစီအတွက် မျှော်မှန်းထားသော သင်ယူမှုရလဒ်နှင့် အချိန်သတ်မှတ်ချက်ကို ပေးထားပါသည်။

## ဇယား (က)။ ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း မာတိကာ အကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်း ကိန်းများ | |
| ၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း မိတ်ဆက် | ၁.၁။ ပညာရေးဒီဂရီ ကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း နှင့် အလယ်တန်း အဆင့် ဒေသ ဆိုင်ရာ သင်ရိုး ညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ | ၁.၁.၁။ ပညာရေး ဒီဂရီ ကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း နှင့်အလယ်တန်း အဆင့် ဒေသ ဆိုင်ရာ သင်ရိုး ညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ | • ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း၏ အနက်အဓိပ္ပာယ်နှင့် ယင်းအား အလယ်တန်း ကျောင်းတွင် အဘယ်ကြောင့်သင်ကြား ရသည်ကို အဓိပ္ပာယ် ဖွင့်ဆိုတတ်မည်။<br>• ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့်ခေါင်းစဉ်များ နှင့် အလယ်တန်း သင်ရိုးညွှန်းတမ်းကို နှိုင်းယှဉ်တတ်မည်။ | (က) (၄.၁) | (က) .၁.၁) | ၁ |
| | ၁.၂။ အလယ်တန်း ကျောင်းသားများ ၏ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ယူမှုအား ပံ့ပိုးခြင်း | ၁.၂.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း အတွက်သင်ကြား ရေးဆိုင်ရာ ချဉ်းကပ်နည်း များ၊ နည်းဗျူဟာ များနှင့် နည်းလမ်းများ | • အလယ်တန်းကျောင်းသား များ၏ သင်ယူပုံကို ဆွေးနွေးတတ်မည်။<br>• အလယ်တန်း ဒေသ ဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန်အတွက် သင်ကြား သင်ယူမှု နည်းလမ်းအမျိုးမျိုးကို သရုပ်ပြ တတ်မည်။<br>• မြန်မာနိုင်ငံ တိုင်းဒေသ အနှံ့အပြားတွင်ဒေသ ဆိုင်ရာသင်ရိုးညွှန်းတမ်း အား သင်ကြားနိုင်ရန် အတွက် အမျိုးမျိုးသော ချဉ်းကပ်နည်းများနှင့် ပံ့ပိုး ရေးနည်းစနစ်များကို စူးစမ်းဖော်ထုတ် တတ်မည်။ | (ဂ)(၁.၃)<br>(ဂ)(၃.၂)<br>(ဂ)(၃.၃) | (ဂ) (၁.၃.၁)<br>(ဂ)(၃.၂.၁)<br>(ဂ)(၃.၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၂။ တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်းစီးပွားရေးများ | ၂.၁။ တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်း စီးပွားရေးများအကြောင်း သင်ယူခြင်း မိတ်ဆက် | ၂.၁.၁။ ဒေသယဉ်ကျေးမှု မိတ်ဆက် - တိုင်းဒေသကြီး/ သမိုင်းဝင် အထင်ကရ နေရာများ | • မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့အပြားရှိ ကမ္ဘာ့ရေးဟောင်း အမွေအနှစ် နေရာများကို ဖော်ထုတ်ပြသတတ်မည်။<br>• မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့အပြားရှိ သမိုင်းဝင် အထင်ကရ နေရာများကို မည်သို့ တန်ဖိုးထား၊ ထိန်းသိမ်း စောင့်ရှောက်သင့်ကြောင်း ဆွေးနွေးတတ်မည်။ | (က)(၅.၁)<br>(ဂ)(၁.၃) | (က)<br>(၅.၁.၁)<br>(ဂ)(၁.၃.၁) | ၁ |
| | | ၂.၁.၂။ ဒေသအလိုက်၊ ရိုးရာအလိုက် ပွဲတော်များနှင့် ဓလေ့ထုံးတမ်းများ | • မြန်မာနိုင်ငံအတွင်းရှိ ကွဲပြားစုံလင်သော ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များအကြောင်းကို ဖော်ထုတ်လေ့လာတတ်မည်။<br>• ကွဲပြားစုံလင်သော ဒေသအလိုက်၊ ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ရှင်းရှင်းလင်းလင်းပြောဆိုတတ်မည်။ | (ဂ)(၃.၁) | (ဂ)(၁.၃.၁) | ၁ |
| | | ၂.၁.၃။ တိုင်းဒေသကြီး စီးပွားရေး၊ ဒေသတွင်း စီးပွားရေးနှင့် ဒေသထွက် ထုတ်ကုန်များ | • မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့အပြားရှိ ဒေသတွင်းထုတ်ကုန်များကို ဖော်ထုတ်ပြသတတ်မည်။ | (ဂ) (၃.၂)<br>(ဂ) (၃.၃) | (ဂ)(၃.၂.၁)<br>(ဂ)(၃.၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • နိုင်ငံတွင်းနှင့်ဒေသတွင်း စီးပွားရေးစနစ်များ၏အသွင်အပြင်များနှင့် ယင်းစနစ်များ၏ ဒေသတွင်းအုပ်ချုပ်ရေး နိုင်ငံတော်၊ အာဆီယံ ဒေသကြီးတို့၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကို အကဲဖြတ်တတ်မည်။<br>• အာဆီယံအသိုက်အဝန်း အတွင်း တစ်ရွာထုတ်ကုန် တစ်မျိုး (OVOP) လှုပ်ရှားမှုနှင့်မြန်မာနိုင်ငံ၏ တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) စနစ် ဖွံ့ဖြိုးတိုးတက်မှုကို ချဉ်းကပ်လုပ်ဆောင်မှုတို့ကို ဖော်ပြတတ်မည်။<br>• နိုင်ငံနှင့် အာဆီယံဒေသကြီးတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတွင်း စီးပွားရေး၊ ဒေသတွင်း ထုတ်ကုန်များ၊ ဒေသတွင်း စီးပွားရေးစနစ် တို့ကို အသိအမှတ်ပြု၊ တန်ဖိုးထားတတ်မည်။ | | | |
| ၃။ စိုက်ပျိုးရေးလုပ်ငန်း | ၃.၁။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း | ၃.၁.၁။ စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံ | • မြန်မာနိုင်ငံ စိုက်ပျိုးရေး၏ အရေးပါပုံကို ရှင်းပြတတ်မည်။<br>• မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ရပ်ရွာအသိုင်းအဝိုင်းများ အလိုက် တွေ့ရှိရသော ဒေသထွက် သီးနှံများကို ဖော်ပြပြောဆိုတတ်မည်။ | (က) (၅.၁) | (က) (၅.၁.၁)<br>(က) (၅.၁.၂)<br>(က) (၅.၁.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | ၃.၂။ အပင်များနှင့် မျိုးစေ့များ | ၃.၂.၁။ အပင်များကို အမျိုးအစား ခွဲခြားခြင်း- လယ်ယာ သီးနှံများနှင့် ဥယျာဉ်ခြံ သီးနှံများ | • လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား ကွာခြားချက်များကို ဖော်ထုတ်တတ်မည်။ | (က)(၅.၁) | (က) (၅.၁.၁) (က) (၅.၁.၂) (က) (၅.၁.၃) | ၁ |
| | ၃.၃။ မြေဆီလွှာနှင့် ဓာတ်မြေဩဇာ များ | ၃.၃.၁။ အချဉ်ပေါက်မြေ နှင့်အငန်ပေါက် မြေကိုပြုပြင်ခြင်း | • ဖြစ်ပေါ်နေသော အချဉ်ပေါက်မြေ ပြဿနာ များနှင့် ၎င်းအချဉ်ပေါက် မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ဆွေးနွေးတတ်မည်။<br>• အငန်ပေါက်မြေ ပြဿနာ အမျိုးအစားနှင့် ၎င်းအငန် ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ရှင်းပြ တတ်မည်။ | (က) (၅.၁) (ဂ) (၁.၄) | (က) (၅.၁.၁) (က) (၅.၁.၂) (က) (၅.၁.၃) (ဂ)(၁.၄.၁) | ၁ |
| | | ၃.၃.၂။ သဘာဝ မြေဩဇာများ | • စိုက်ပျိုးရေး လုပ်ငန်း၌သဘာဝမြေဩ ဇာများ၏တန်ဖိုးကို ဖော်ပြတတ်မည်။<br>• ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အတွက် သဘာဝ မြေဩဇာများကို သိုလှောင်ပုံနှင့် အသုံးချပုံ ကို ဖော်ပြတတ်မည်။ | (က) (၅.၁) (ဂ) (၁.၄) | (က) (၅.၁.၁) (က) (၅.၁.၂) (က) (၅.၁.၃) (ဂ)(၁.၄.၁) | ၁ |
| | ၃.၄။ အပင်မျိုးပွားခြင်း | ၃.၄.၁။ ကိုင်းဆက် ကူးခြင်းဖြင့် အပင်မျိုးပွားခြင်း | • ရိုးရှင်းသော ကိုင်းဆက်ကူး နည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့်လုပ်ငန်းစဉ်ကို ရှင်းပြတတ်မည်။ | (က) (၅.၁) (ခ) (၁.၂) | (က) (၅.၁.၁) (က) (၅.၁.၂) (က) (၅.၁.၃) (ခ)(၁.၂.၃) | ၁ |
| **စုစုပေါင်း စာသင်ချိန် (ပထမနှစ်ဝက်)** | | | | | | **၁၀** |

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ ယေဘုယျရည်ရွယ်ချက်မှာ အခြေခံပညာသင်ရိုးညွှန်းတမ်းပါ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သဘောတရားနှင့် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်စေသည် သာမက ဤသင်ရိုးညွှန်းတမ်းကို ဒေသလိုအပ်ချက်များနှင့်အညီ တုံ့ပြန်ရေးဆွဲပုံကိုလည်း ရင်းနှီးစေရန် ဖြစ်သည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၊ အထူးသဖြင့် စိုက်ပျိုးရေးဘာသာရပ် အတွက် တွေ့ရသော သင်ခန်းစာခေါင်းစဉ်များတွင် အသိပညာနှင့် ကျွမ်းကျင်မှုများကို လေ့လာ ဆည်းပူးရပေမည်။ ဤသင်ရိုးအပြီးတွင် မြန်မာနိုင်ငံရှိ ဒေသအခြေအနေများတွင် ပညာရေးနှင့် ဆီလျော်ကိုက်ညီမှုရှိစေရေးအတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်နှင့် အရေး ပါပုံတို့ကိုသာမက ယဉ်ကျေးမှုချင်း အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ အပေါ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အကျိုးပြုပုံတို့ကိုလည်း နက်ရှိုင်းစွာနားလည်ပြီး ဖြစ် သွားပေမည်။

ဤကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ဘာသာရပ်နှင့် ကိုက်ညီသည့် သိသင့်တတ်သင့်သည်များနှင့် စာသင်ခန်းအတွင်း လုပ်ဆောင်နိုင်သည့် အဓိကတတ်ကျွမ်းမှုစံများကို အခြေခံထားပါသည်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ဘာသာရပ်အတွက် အဓိကကျသော ဆရာများအတွက်တတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို အောက်ဖော်ပြပါ ဇယား (ခ)တွင် ဖော်ပြထားပါသည်။

**ဇယား (ခ)။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| **(က-၄) သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။** | (က) (၄.၁) အခြေခံပညာသင်ရိုး ညွှန်းတမ်းတွင်ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်း အလိုက်၊ ဘာသာရပ်အလိုက် သင်ကြား သော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိက အသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက် များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br>(က) (၄.၁.၃) အလယ်တန်း သင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာမူများကိုဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| **(က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| | | (က) (၅.၁.၂) ကျောင်းသားများ၏ အဓိက ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများနှင့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ ပြုနိုင်ရန် တိကျမှန်ကန် ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။ |
| | | (က) (၅.၁.၃) အဆင့်အမျိုးမျိုးနှင့် အတန်းအမျိုးမျိုးတွင် တိကျသော ဘာသာရပ်ဆိုင်ရာ အခြေခံများနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန် အဓိက သဘောထား အယူအဆများ၊ အခြေခံမှုများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။ |
| | (က) (၅.၂) ကျောင်းသားများ၏သင်ယူမှု လိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှုအခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။ |
| | | (က) (၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆများ၊ အဓိက ဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ရှင်းပြသည်။ |
| **(ခ-၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ အတန်းအရွယ်အစား၊ အတန်းအမျိုးအစား တို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| **(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | (ခ) (၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့် သုံးသပ် အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |
| | (ခ) (၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း(အသေးစိတ်) ထားရှိပြီး၊ ထို စစ်ဆေးအကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများ သင်ယူမှု တိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်း ပြသည်။ | (ခ) (၂.၂.၁) ကျောင်းသားများ၏ သင်ယူဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျမှန်ကန်စွာ မှတ်တမ်းထားသည်။<br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှုအခြေအနေများနှင့်ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |
| **(ဂ-၁) ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်အကျိုးပြုတာဝန်ထမ်းဆောင်သည်။** | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိ ဆရာများလိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ်အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။ |
| | (ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းလုပ်ငန်းများတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက်နိုင်ကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (ဂ) (၁.၃.၁) ကျောင်းသားများ၏ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှု ပြသသည်။ လေ့လာရန် အချိန်ယူသည်။ |
| | (ဂ) (၁.၄) ပညာရေးဆိုင်ရာ ရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။ | (ဂ) (၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာ အသုံးပြုသည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေးမြင့်မားစေရန်နှင့် ပညာသင်ယူခွင့် မျှတမှုရှိစေရန် မြှင့်တင်ဆောင်ရွက်သည်။** | (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြား ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။ | (ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့်အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| | (ဂ) (၃.၃) ကျောင်းသားများ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသားဖြစ်မှု အကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသည်။ | (ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏အခွင့်အရေးများ၊ တာဝန်များနှင့် ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ-၂) သင်ကြားရေး လက်တွေ့ ကျင့်သုံးမှုများ တိုးတက်မြင့်မား ရေးအတွက်လုပ်ဖော်ကိုင်ဖက် များနှင့် ပူးပေါင်းဆောင်ရွက် သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့ သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။ |
| **(ဃ-၃) သင်ကြားရေးလက်တွေ့ ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူ လေ့လာမှုများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်သည်။** | (ဃ) (၃.၁) လက်တွေ့သင်ကြားမှု လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသန အခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း ပြသည်။ | (ဃ) (၃.၁.၁) မိမိ၏လက်တွေ့သင်ကြားမှု များ တိုးတက်ကောင်းမွန်စေရန် ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူမှုပစ္စည်းများကို သတ်မှတ်ဖော်ထုတ်သည်။ |

*ရင်းမြစ်* - မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ၊ (၂၀၂၀ ခုနှစ်) (စာ. ၁၀၉ - ၁၄၀)

## ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့ အသုံးပြုမည်နည်း။

ဤကျောင်းသားကိုင်စာအုပ်ကို မိမိကိုယ်တိုင် သင်ယူလေ့လာနိုင်ရန်နှင့် စာသင်ခန်းအတွင်း ဆရာက ကူညီပံ့ပိုးပေးသော သင်ယူမှုလုပ်ငန်းများတွင် ကိုးကားရန် အသုံးပြုနိုင်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းတစ်ခန်းစီကို အောက်ပါအတိုင်းဖွဲ့စည်းထားသည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ။** သင်ယူမှုရလဒ်များကို အခန်းတစ်ခန်းစီ၏အစနှင့် သင်ခန်းစာတစ်ခုချင်းစီ၏ အစတွင် ဖော်ပြထားသည်။ မျှော်မှန်းထားသောရလဒ်များသည် သင်ခန်းစာတစ်ခုနှင့် အခန်းတစ်ခုသင်ယူပြီးစီးသည့် အချိန်တွင် သင်မည်သည်တို့ကို သိသင့်သည်နှင့် မည်သည်တို့ကို လုပ်နိုင်စွမ်းရှိလာမည်ဆိုသည်ကို ညွှန်ပြသည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေး ဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် **(Teacher Competency Standards Framework – TCSF)** သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများဖြစ်သည်။

**သင်ယူရမည့်အကြောင်းအရာများ။** အခန်းတစ်ခန်းစီတွင် သင်ယူရမည့်အကြောင်းအရာများကို အခန်းငယ်များနှင့် သင်ခန်းစာများအဖြစ်ပိုင်း၍ ဖော်ပြသည်။ ၎င်းတို့တွင် အရေးပါသည့်ဘာသာရပ် အကြောင်းအရာများ ခြုံငုံပါဝင်သည်။

**သင်ယူမှုလုပ်ငန်းများ။** ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သောသင်ယူမှုလုပ်ငန်းများသည် ခေါင်းစဉ်နှင့်ပတ်သက်၍ သင်တို့တစ်ဦးချင်း သင်ယူရရှိလိုက်သော အသိပညာနှင့် နားလည်သဘောပေါက်မှုအပေါ် ပိုမိုနက်ရှိုင်းစွာ စွဲမြဲသွားရန် ထည့်သွင်းထားခြင်းဖြစ်သည်။ သင်တို့၏ ဆရာကလည်း စာသင်ခန်းအတွင်း သင်ယူမှုလုပ်ငန်းများကို ပံ့ပိုးကူညီပေးမည် ဖြစ်သည်။ ထိုလုပ်ငန်းများသည်တစ်ဦးချင်း၊ နှစ်ဦးတစ်တွဲ၊ အုပ်စုငယ်ဖွဲ့၊ တစ်တန်းလုံးပါဝင်သော လုပ်ငန်းများဖြစ်နိုင်သည်။ သင်ယူမှုလုပ်ငန်းအားလုံးသည် သင်ခန်းစာ၏ မျှော်မှန်းထားသော သင်ယူမှုရလဒ် အောင်မြင်ပေါက်မြောက်စေရန်အတွက် ရည်ရွယ်ပြီး ရေးဆွဲထားသော လုပ်ငန်းများ ဖြစ်ကြသည်။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ။** အခန်းတွင် ပါဝင်သောအကြောင်းအရာများအပေါ် သင်တို့၏နားလည်မှုကို စစ်ဆေးရန် (သို့မဟုတ်) စာမေးပွဲအတွက်လေ့လာရာတွင် အထောက်အကူပြုရန်အတွက် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို လေ့လာနိုင်ပါသည်။

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။**သင်တို့လေ့လာသင်ယူခဲ့သည်များအပေါ် အချိန်ယူ၍ ပြန်လည်သုံးသပ်စဉ်းစားခြင်းဖြင့် သင်ယူမှုများကို မှတ်မိရန်၊ အသုံးချရန်၊ အခြားဘာသာရပ် သင်ယူမှုနယ်ပယ်များ၊ နေ့စဉ်ဘဝများနှင့် ဆက်စပ်ကြည့်ရန် အထောက်အကူပြုပါသည်။ အခန်းတစ်ခန်းစီ၏ အဆုံးတွင် အဆိုပါအခန်းမှ သင်ယူလေ့လာခဲ့သည်များကို မည်သို့ပြန်လည်သုံးသပ်၍ မည်သို့ဆက်လက်လေ့လာရမည်ကို အကြံပြုထားသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** အခန်းတိုင်းတွင် သင်ယူရသည့် အကြောင်းအရာအလိုက် ဖတ်စရာ ထပ်ဆောင်းရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့်စပ်လျဉ်းပြီး သင်ကိုယ်တိုင်ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်)ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် အကြံပြုလိုပါသည်။

**အဓိကအသုံးအနှုန်းများ။** အခန်းတစ်ခန်းစီ၏ အစတွင် ထိုအခန်းမှ အရေးကြီးသောဝေါဟာရများ (သို့မဟုတ်) အကြောင်းအရာများကို အလေးပေးဖော်ပြထားသော အသုံးအနှုန်းများ ပါရှိသည်။

ကျောင်းသားကိုင်စာအုပ်၏ နောက်ဆုံးတွင် **ခက်ဆစ်အဘိဓာန်** ပါရှိပြီး သင်တို့အတွက် အသစ်အဆန်းဖြစ်နိုင်သော အဓိကဝေါဟာရများကို အဓိပ္ပာယ်ရှင်းလင်းချက်နှင့်တကွ ဖော်ပြထားသည်။ ကျောင်းသားကိုင်စာအုပ် တစ်အုပ်လုံးတွင် အသုံးပြုခဲ့သော **ကျမ်းကိုးစာရင်း**ကို မူလရင်းမြစ်များနှင့်တကွ ဖော်ပြထားကြောင်း တွေ့ရပါလိမ့်မည်။

ဤဘာသာရပ်ကို သင်ယူရန် သင်တို့၏ ဆရာက ပံ့ပိုးကူညီပေးပါလိမ့်မည်။ အကယ်၍ သင်နားမလည်သော အကြောင်းအရာရှိပါက သင်တို့၏ ဆရာကိုမေးရန် (သို့မဟုတ်) အတန်းဖော်များကိုမေးရန် သတိရပါ။ ပညာရေးဒီဂရီကောလိပ်ကျောင်းသားတစ်ဦးအနေဖြင့် ပညာရေးဒီဂရီကောလိပ်၏ ပူးပေါင်းဆောင်ရွက်သည့် သင်ယူမှုဝန်းကျင်တွင် ရွယ်တူအဖော်များနှင့် ဆရာ၏လမ်းညွှန်မှုဖြင့် သင်ကြားမှုအရည်အသွေးများကိုရယူရန် ဖြစ်ပါသည်။

# အခန်း ၁

## ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းမိတ်ဆက်

ဤအခန်းတွင် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို မိတ်ဆက်သင်ကြား၍ မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ ဆီလျော်မှုနှင့် အရေးပါပုံတို့ကို ရှင်းပြထားပြီး ဤဘာသာရပ်အား အခြားနိုင်ငံများတွင် လက်တွေ့အကောင်အထည်ဖော်သည့် သာဓကများကိုလည်း ဖော်ပြထားပါသည်။ ဤအခန်းသည် အလယ်တန်းကျောင်းများတွင် ဘာသာရပ်နယ်ပယ်တစ်ခုအနေဖြင့် သင်ကြားသည့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏အရေးပါပုံကို နားလည်အောင် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ပိုအရေးကြီးသည့် အချက်မှာ ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းကျောင်းများတွင် ဆဋ္ဌမတန်းမှ နဝမတန်းကျောင်းသားများအား သင်ကြားရမည့် အကြောင်းအရာများကို ခြုံငုံသုံးသပ် ဖော်ပြထားခြင်းဖြစ်ပါသည်။ သင်သည် အလယ်တန်းကျောင်းသားများ၏ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား သင်ယူပုံနှင့် ထိုဘာသာရပ်ကို သင်ကြားရန် ချဉ်းကပ်နည်းများအကြောင်း လေ့လာခွင့်ရရှိပြီး ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုးပေးခွင့်ရရှိပါမည်။ နောက်ဆုံးသင်ခန်းစာကို ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရန်အတွက် အမျိုးမျိုးသော သင်ကြားရေးနည်းလမ်းများ၊ ချဉ်းကပ်နည်းများနှင့် နည်းဗျူဟာများ သင်ယူနိုင်အောင်ဖန်တီးပေးထားပါသည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန်အတွက် အောက်ပါဝေါဟာရများကို အနက်ဖွင့်ပေးထားပါသည်။ “ဒေသဆိုင်ရာ” ဆိုသည်မှာ ဒေသတစ်ခုမှ အကြောင်းအရာ၊ ထိုဒေသနှင့် ဆက်နွှယ်နေသောအကြောင်းအရာ၊ ထိုဒေသတွင်တည်ရှိဖြစ်ပွားနေသောအကြောင်းအရာ (သို့မဟုတ်) ထိုဒေသအတွက် တာဝန်ရှိသောအကြောင်းအရာများကို ဆိုလိုခြင်းဖြစ်ပါသည်။ “အမျိုးသား” ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းကိုသာ ရည်ညွှန်းလိုခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့် ဆက်နွှယ်နေသည့် အကြောင်းအရာ (သို့မဟုတ်) ထိုနိုင်ငံ၏ ဝိသေသလက္ခဏာကို ဆိုလိုခြင်းဖြစ်ပါသည်။ “တိုင်းဒေသကြီးဆိုင်ရာ” ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ပိုင်းနှင့် ဆက်နွှယ်နေသောအကြောင်းအရာ (သို့မဟုတ်) ယင်းမှ အခြေတည်သောအကြောင်းအရာများကို ဆိုလိုခြင်းဖြစ်ပါသည်။[၃]

၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ၏ အပြည်ပြည်ဆိုင်ရာ ပညာရေးအဖွဲ့ကြီး (IBE) က အမျိုးသားသင်ရိုးညွှန်းတမ်းဆိုသည်မှာ “ပုံမှန်အားဖြင့် အမျိုးသားစာသင်ကျောင်းစနစ်၏ ဘုံပန်းတိုင်များ၊ ရည်မှန်းချက်များနှင့် အရည်အသွေးနှင့်/ သို့မဟုတ် အကြောင်းအရာစံနှုန်းများကို ဖော်ပြထားသည့်စာအုပ်တစ်အုပ် (သို့မဟုတ်) ဆက်စပ်နေသော စာအုပ်တွဲများအဖြစ် ရေးဆွဲချမှတ်ပါသည်။” အမျိုးသားသင်ရိုးညွှန်းတမ်းကို စံသတ်မှတ်ချက်များဖြစ်သည့် ပညာရေးအဆင့်များနှင့် ဘာသာရပ်တစ်ခုချင်း (သို့မဟုတ်) သင်ယူရေးနယ်ပယ် တစ်ခုချင်းအတွက် ပြဋ္ဌာန်းထားသော ရည်မှန်းချက်များနှင့် ရရှိသွားမည့် တတ်ကျွမ်းမှုများအဖြစ်လည်း ရေးဆွဲပါသည်။ ယင်းသည် သင်ရိုးညွှန်းတမ်းအကြောင်းအရာအား ဒေသတွင်းအဆင့် (သို့မဟုတ်) ကျောင်းတွင်းအဆင့်အဖြစ် မည်သည့်အတိုင်းအတာအထိ ရေးဆွဲနိုင်ကြောင်း ညွှန်ပြနေပါသည်။ (စာမျက်နှာ - ၄၄)

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား အမျိုးသားသင်ရိုးညွှန်းတမ်းဘောင်ထဲတွင် အကျုံးဝင်နေသ၍ စာသင်ကျောင်းအဆင့်၊ ရပ်ရွာအသိုက်အဝန်းအဆင့်၊ ပြည်နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့် စသည်ဖြင့် အဆင့်အမျိုးမျိုးပေါ်တွင် ဆွေးနွေးသဘောတူ၍ ရေးဆွဲပို့ချနိုင်ပါသည်။ အမျိုးသားသင်ရိုးညွှန်းတမ်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိ ကျောင်းသားအများစု လိုက်နာရမည့် သင်ရိုးဘာသာရပ် တစ်ရပ်ဖြစ်ပါသည်။ ကျောင်းသားများသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသင်ယူခြင်းမှတစ်ဆင့် ဒေသခံများ၊ နေရာများနှင့် ဆက်စပ်သောအကြောင်းအရာအမျိုးမျိုးကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်လာကြပါသည်။

[၃] Definition of local, national and regional from the Cambridge Advanced Learner’s Dictionary and Thesaurus (2020)

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် ဒေသခံလူ့အဖွဲ့အစည်း၊ ဒေသခံတိုင်းရင်းသားလူမျိုးစုများ၊ ဒေသစီးပွားရေးနှင့် ဒေသသမိုင်းကြောင်းတို့အပါအဝင် ပြည်တွင်းရှိဒေသများ၏အရေးပါသည့် အကြောင်းအရာများကို သင်ကြားရန် သင်ယူလေ့လာရန် နားလည်သဘောပေါက်စေရန် အတွက် နယ်ပယ်တစ်ခု ပံ့ပိုးပေးပါသည်။ ဒေသန္တရအကြောင်းအရာများတွင် တိုင်းရင်းသား ဘာသာစကားများဖြစ်သည့် ရှမ်း၊ မွန်၊ ဂျိမ်းဖောနှင့် အခြားသော ကချင်ဘာသာစကားများ (သို့မဟုတ်) မြန်မာဒေသိယစကားများပင် ပါဝင်နိုင်ပါသည်။ တစ်ခါတစ်ရံတွင် ဒေသဆိုင်ရာနှင့် တိုင်းဒေသကြီးဆိုင်ရာအကြောင်းအရာများသည် ကိုက်ညီနေတတ်ပြီး မကိုက်ညီသည့်အခါမျိုး လည်း ရှိတတ်ပါသည်။ ဥပမာ - သင်သည် ရှမ်းပြည်နယ်တွင် စာသင်ကြားနေပါက ရှမ်းပြည်နယ် နှင့် သက်ဆိုင်သည့် အကြောင်းအရာ ထည့်သွင်းသင်ကြားရန် သင့်လျော်ပါသည်။ သို့သော် ရှမ်းပြည်နယ်တွင် အင်းသား၊ ပအိုဝ် (သို့မဟုတ်) ပလောင်လူမျိုးကဲ့သို့ အခြားလူမျိုးစုများလည်း နေထိုင်ကြသည့်အတွက် ၎င်းတို့အကြောင်းကို လေ့လာရန်လည်း သင့်လျော်ပါသည်။

အထက်မြန်မာပြည်ကဲ့သို့ ဒေသအချို့တွင် ဒေသခံတိုင်းရင်းသားလူမျိုးစု အနည်းငယ် ရှိပါသည်။ သင့်အနေဖြင့် ဒေသခံလူ့အဖွဲ့အစည်းနှင့် ဒေသသမိုင်းကြောင်းကို လေ့လာရန်ဖြစ်စေ၊ နိုင်ငံ၏ အခြားဒေသများရှိ ဒေသခံတိုင်းရင်းသား လူမျိုးစုများအကြောင်းကို လေ့လာရန်ဖြစ်စေ၊ ရွေးချယ်နိုင်ပါသည်။ ဒေသန္တရအကြောင်းအရာအား ဘာသာရပ်အများစုတွင်ထည့်သွင်း သင်ကြားနိုင်ပြီး သင်ခန်းစာများအား အလယ်တန်းကျောင်းသားများ၏ဘဝနှင့် ဆီလျော်အောင် သင်ကြားနိုင်သောကြောင့် စိတ်ဝင်စားမှု ပိုရှိလာစေသည်ကို အမှတ်ရပါ။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အနက်အဓိပ္ပာယ်နှင့် ယင်းအား အလယ်တန်းကျောင်းတွင် အဘယ်ကြောင့်သင်ကြားရသည်ကို အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။
- ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့်အကြောင်းအရာများကို အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့်အကြောင်းအရာများနှင့် နှိုင်းယှဉ်တတ်မည်။
- အလယ်တန်းကျောင်းသားများ၏ သင်ယူပုံကို ဆွေးနွေးတတ်မည်။
- အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန်အတွက် သင်ကြားသင်ယူမှု နည်းလမ်းအမျိုးမျိုးကို သရုပ်ပြတတ်မည်။
- မြန်မာနိုင်ငံတိုင်းဒေသအနှံ့အပြားတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန်အတွက် အမျိုးမျိုးသောချဉ်းကပ်နည်းများနှင့် ပံ့ပိုးရေးနည်းစနစ်များကို စူးစမ်းဖော်ထုတ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ် အခြေအနေများသည် ကျောင်းလုပ်ငန်းများတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။

(ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင် ပေးနိုင်စွမ်းရှိကြောင်းပြသသည်။

## အဓိက အသုံးအနှုန်းများ

ဒေသ
ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း
ဒေသမှုပြုခြင်း
နောက်ခံအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်း
သင်ရိုးညွှန်းတမ်း
အမျိုးသားဆိုင်ရာ
တိုင်းဒေသကြီးဆိုင်ရာ
သင်ရိုးမာတိကာ
ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)
ယဉ်ကျေးမှုစုံ ပညာရေး
ကွဲပြားစုံလင်သော ပညာရေး
ဘာသာရပ်စုံ အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်း
ဘာသာရပ်များအကြား အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်း
ဘာသာရပ်အလိုက် သင်ကြားနည်းစနစ်များ
ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်
စီမံချက်အခြေပြု သင်ယူမှု (PBL)
သင်နည်းဗေဒ

# ၁.၁။ ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ

ဤအခန်းငယ်သည် သင့်အား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းပါ အခြေခံသဘောတရားများကို မိတ်ဆက်ပေး၍ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ယူခြင်းမှတစ်ဆင့် အလယ်တန်း ကျောင်းသားများအတွက် မည်သည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်ကို စူးစမ်းဖော်ထုတ် တိုက်တွန်းအားပေးရန်ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့် အကြောင်းအရာများကိုလည်း စူးစမ်းလေ့လာရမည် ဖြစ်ပါသည်။

## ၁.၁.၁ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အနက်အဓိပ္ပာယ်နှင့် ယင်းအား အလယ်တန်း ကျောင်းတွင် အဘယ်ကြောင့်သင်ကြားရသည်ကို အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။
- ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့်အကြောင်းအရာများကို အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်း တွင် သင်ကြားမည့် အကြောင်းအရာများနှင့် နှိုင်းယှဉ်တတ်မည်။

## ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားမှုအပေါ် ပြန်လည်သုံးသပ်ခြင်း

ကျောင်းသင်ရိုးညွှန်းတမ်းများအား နောက်ခံအခြေအနေနှင့် ကိုက်ညီအောင်ပြင်ဆင်ခြင်းနှင့် ဒေသမှုပြုခြင်းဖြင့် အလယ်တန်းကျောင်းသားများ သင်ယူရာတွင် ပိုမိုဆီလျော်မှုရှိစေသောကြောင့် ၎င်းတို့၏သင်ယူမှုကို ပံ့ပိုးပေးနိုင်ပါသည်။ ကျောင်းသင်ရိုးညွှန်းတမ်းအား ဒေသမှုပြုခြင်းသည် ဒေသတွင်ဖြစ်ပွားလျက်ရှိသည့် အဓိကကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ပိုမိုအဓိပ္ပာယ်ပြည့်ဝသော သင်ယူရေးအတွေ့အကြုံများ ရရှိနိုင်စေရန်အတွက် ပြည်နယ်နှင့် ဒေသပညာရေးဌာနများ၊ အခြားပါဝင်ပတ်သက်သူများနှင့် တိုင်းရင်းသားအသိုက်အဝန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အကြောင်းအရာများကို ရပ်ရွာအသိုက်အဝန်း၊ ဒေသ (သို့မဟုတ်) ကျောင်းအဆင့်တွင် အဓိပ္ပာယ်ဖွင့်ဆိုသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ အကြောင်းအရာများကို ကျောင်းသားတစ်ဦးချင်းစီအတွက် ပိုမိုဆီလျော်၍ ကိုယ်တွေ့ဖြစ်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့ပိုမိုကောင်းမွန်စွာ သင်ယူနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းမှ ချမှတ်ထားသော သင်ယူမှုရလဒ်များ ရရှိစေရန်သာမက နေ့စဉ်ဘဝတွင် အသုံးချနိုင်သော အသိပညာ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများရရှိလာစေရန် ကူညီပေးပါသည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများတွင် အမျိုးသားသင်ရိုးညွှန်းတမ်းအား အသက်သွင်းစေနိုင်မည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ယင်းသည်-

- ဒေသခံတိုင်းရင်းသားလူမျိုးစုများမှ သင်ယူသူများနှင့် ၎င်းတို့မိသားစုများ၏ သင်ယူရေးလိုအပ်ချက်များ၊ ရပ်တည်ချက်များ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများ၊ စိတ်ဝင်စားမှုများ၊ အားသာချက်များနှင့် ရည်မှန်းချက်များအပေါ် စိတ်ပါဝင်စားမှုရှိရမည်။
- သင်ယူသူအားလုံး တိုးတက်လာအောင် ပံ့ပိုးပေးနိုင်သည့် အရာများကို တိကျစွာ အလေးပေး အာရုံစိုက်ရမည်။
- စာသင်ခန်းတွင်း သင်ကြားရာတွင် ဒေသခံလူမျိုးစုများနှင့် ယဉ်ကျေးမှုများအကြောင်း ပေါင်းစပ်သင်ကြားရမည်။
- သင်ယူသူကလေးငယ်များ၏ ဘဝတစ်လျှောက်လုံးတွင် ယုံကြည်မှုရှိရှိ ဆက်လက်လေ့လာသင်ယူသွားနိုင်စေရန်အတွက် အသိပညာ၊ တန်ဖိုးထားမှုများ၊ တတ်ကျွမ်းမှုများနှင့် ရင်းနှီးမှုရှိလာအောင် ပံ့ပိုးပေးရမည်။
- အမျိုးသား သင်ရိုးညွှန်းတမ်းကို ဒေသမှုပြုရာတွင် နောက်ခံအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ထားသည့် ဆီလျော်မှုရှိသောအကြောင်းအရာများဖြင့် ပံ့ပိုးပေးရမည်။


- နောက်ခံအမျိုးမျိုးမှလာသည့် ကလေးငယ်များအတွက် စိတ်ဝင်စားဖွယ် သင်ယူရေး အတွေ့အကြုံများ ဖန်တီးပေးရမည်။
- ကလေးငယ်များ၏ ၎င်းတို့ နေထိုင်ရာဒေသအပေါ် နားလည်မှုနှင့် တွယ်တာမှုများ ပိုမို ပေါက်ဖွားလာအောင် မြှင့်တင်ပေးရမည်။
- စာသင်ကျောင်းများအား ကလေးငယ်များ၏ ရပ်ရွာအသိုက်အဝန်းနှင့် တည်နေရာများ နှင့် ကိုက်ညီမှုရှိလာအောင် ပို၍နီးနီးစပ်စပ် ဆက်စပ်ပေးရမည်။ [၄]

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်း - ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား နားလည်သဘောပေါက်ခြင်း

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းအဆင့်နှင့် ပညာရေးဒီဂရီကောလိပ် ပထမ စာသင်နှစ်နှင့် ဒုတိယစာသင်နှစ်အတွက် ဘာသာရပ်သင်ရိုးမာတိကာများအပေါ် သင်၏ နားလည်သဘောပေါက်မှုကို အခြေခံပြီး ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် မည်သည့် အကြောင်းအရာများ ပါဝင်သင့်သည်ကို တွေးတောအောင် တိုက်တွန်းအားပေးရန်ဖြစ်ပါသည်။ သင်သည် မူလအတန်းကျောင်းအဆင့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းပါ အဓိကအကြောင်း အရာများကို ယမန်နှစ်တွင် လေ့လာခဲ့ပြီး ဖြစ်ပါသည်။

၁။ “ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။” ဟူသည့် မေးခွန်းကို တွေးတော၍ သင့်ကိုယ်ပိုင်စကားဖြင့် ဖြေဆိုပါ။

၂။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အမျိုးသားသင်ရိုးညွှန်းတမ်းတို့ကြားရှိ တူညီချက် များနှင့် ခြားနားချက်များမှာ အဘယ်နည်း။ ထိုနှစ်ခုကို နှိုင်းယှဉ်ရန်အတွက် အောက်ပါ ဗင်ပုံကို အသုံးပြုပါ။



[၄] cited in Evans W. and Savage J. (2015) p.6 Developing a Local Curriculum: Using your locality to inspire teaching and learning. p.6.

၃။ ကျောင်းစနစ်တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ထည့်သွင်းသင်ကြားရသည့် ရည်ရွယ်ချက်ကို တွေးတောကြည့်ပါ။ ယင်းသည် မည်သည့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသနည်း။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် မည်သည်တို့ ပါဝင်ဖွဲ့စည်းထားသနည်း။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရာတွင်မည်သည့် စိန်ခေါ်မှုများရှိသနည်း။

## ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားခြင်း၏ အဓိကအချက်များ

ပထမနှစ်တွင် သင်သည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရန် အလေ့အကျင့်များ သာမက ဒေသတွင်း ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အဘယ်ကြောင့်လိုအပ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်သင်ယူခဲ့ရပြီးဖြစ်ပါသည်။ ဤစာသင်နှစ်၌ မြန်မာနိုင်ငံ၏ အခြေခံပညာရေးတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားခြင်းနှင့် ဆက်စပ်သော အဓိက အချက်အလက်များကို ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။

- ရက်သတ္တပတ် တစ်ပတ်လျှင် စာသင်ချိန် ၅ ချိန်နှုန်းဖြင့် တစ်နှစ်တာလုံး စုစုပေါင်း စာသင်ချိန် (၁၂၀) သင်ကြားရန်အတွက် အကြောင်းအရာများကို ရွေးချယ်နိုင်ပါသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကြောင်းအရာသည် အဓိကသင်ရိုးညွှန်းတမ်း၏ သက်ဆိုင်ရာဘာသာရပ်များတွင် ပေါင်းစပ်သင်ကြားနိုင်သကဲ့သို့ သီးခြားဘာသာရပ်များ အနေဖြင့်လည်း သင်ကြားနိုင်ပါသည်။ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (ဆဋ္ဌမမြောက်မူကြမ်း) တွင် အဆိုပြုခဲ့သည့် အဓိကအကြောင်းအရာမှာ တိုင်းရင်းသား ဘာသာစကားများ၊ ဒေသသမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှုများ၊ ဒေသစီးပွားရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြေခံကွန်ပြူတာကျွမ်းကျင်မှုများ[၅] ဖြစ်ပါသည်။
- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် အခြေခံပညာသင်ရိုးညွှန်းတမ်း၏ အခြေခံသဘော တရား(၁၃)ချက်မှ အများစုဖြစ်သည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရိုးရာအစဉ်အလာ အားလုံးကို တန်ဖိုးထားခြင်း၊ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ခြင်း၊ သဟဇာတဖြစ်စွာ နေထိုင်ခြင်းနှင့် ကျားမဖြစ်တည်မှု၊ လူမျိုး (သို့မဟုတ်) ဘာသာစကားတို့ ကွဲပြားစေကာမူ တန်းတူညီမျှမှုရှိရေးကို အားပေးခြင်းတို့ ပါဝင်ပါသည်။[၆] ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မိတ်ဆက်သည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ၂၀၁၆ -၂၀၂၁ တွင် ပါဝင်သော အခြေခံပညာ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးအချက် ကိုးချက် အနက်မှတစ်ချက်ဖြစ်သည့် ကျောင်းနေအရွယ်ကလေးများအားလုံးသည် ၎င်းတို့၏ ဘဝများသာမက ၂၁ ရာစု နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ

[၅] အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင် (ဆဋ္ဌမမြောက်မူကြမ်း) (၂၀၁၉)၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ။

[၆] အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင် (ဆဋ္ဌမမြောက်မူကြမ်း) (၂၀၁၉)၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ။

နှင့် ကိုက်ညီသော အသိပညာ၊ ကျွမ်းကျင်မှုများ၊ သဘောထားများနှင့် တတ်ကျွမ်းမှုများ ပျိုးထောင်နိုင်ရမည်ဟူသော အချက်နှင့် ကိုက်ညီပါသည်။[၇]

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းရေးဆွဲခြင်းနှင့် အမျိုးသားအခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်တွင် ထိုသို့ရေးဆွဲရန်ပါဝင်ခြင်းသည် အမျိုးသားပညာရေးစနစ် ပြုပြင်ပြောင်းလဲရာတွင် အရေးပါသော အဆင့်တစ်ဆင့်ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးလျက်ရှိသည့် မိမိတို့နိုင်ငံ၏ သဘောသဘာဝအမျိုးမျိုးနှင့် ဆီလျော်မှုရှိသော သင်ရိုးညွှန်းတမ်းရေးဆွဲသည့် လမ်းစဉ်ကို လိုက်နာခြင်းဖြစ်ပြီး ပညာရေးအား ရှေ့ရေးမျှော်တွေးသည့်နည်းလမ်းဖြင့် ချဉ်းကပ်ကြောင်း ပြသနေပါသည်။ အကြောင်းအရာများကို ဒေသမှုပြုခြင်းသည် မြန်မာနိုင်ငံသင်ရိုးညွှန်းတမ်းများကို အရည်အသွေးမြှင့်တင်ရာတွင် ပဓာနကျပါသည်။[၈]

- မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးစုံ၊ ဘာသာစကားမျိုးစုံ စုံလင်သောလူ့အဖွဲ့အစည်းဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံသားတိုင်း အခွင့်အရေးရရှိစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသားပေါင်းစုံ ယှဉ်တွဲနေထိုင်ရာ မြန်မာနိုင်ငံတွင် ကလေးငယ်များ ကျင်လည်နေထိုင်နိုင်ရန်အတွက် အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ ပျိုးထောင်ပေးရန်အလို့ငှာ သင်ရိုးညွှန်းတမ်းတွင် ဤသို့ယှဉ်ကျေးမှု ကွဲပြားစုံလင်မှုအကြောင်းကို အားလုံးအကျုံးဝင်သည့်ပုံစံဖြင့် ဖော်ပြသင့်ပါသည်။ ယှဉ်ကျေးမှုစုံပညာရေးသည် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲခြင်းမှတစ်ဆင့် သာတူညီမျှရေး၊ ယှဉ်ကျေးမှုနှီးနှောဖလှယ်တတ်ရေးနှင့် ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေးတို့ကို ဦးတည်သည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်ပေါ်စေရန် တိုက်တွန်းအားပေးပါသည်။[၉] နေရာဒေသအလိုက် ဘာသာရပ်သင်ရိုးမာတိကာများရေးဆွဲကာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ ကွဲပြားစုံလင်မှုကို အားပေး၍ အသိအမှတ်ပြုခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးစုအမျိုးမျိုးမှ ကလေးငယ်များသည် ၎င်းတို့၏ရပ်တည်ချက်များကို ပိုမိုသိရှိလာ၍ မိမိကိုယ်ကို ချစ်မြတ်နိုးတန်ဖိုးထားမှုများ တိုးပွားလာမည်ဖြစ်ပါသည်။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် ဒေသခံရပ်ရွာအသိုက်အဝန်းပေါ်တွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုရှိသင့်ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ယှဉ်ကျေးမှုအချင်းချင်း လေးစားမှုနှင့် နားလည်မှုကို မြှင့်တင်ရင်း မြန်မာစကားကို

---

[၇] အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (ဆဋ္ဌမမြောက်ဗားရှင်း) (၂၀၁၉)၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ။

[၈] Information adapted from Stabback, P. (2016) What makes a quality curriculum? UNESCO-IBE

[၉] Bennett, C. (1999). Comprehensive multicultural education, theory and practice. Boston: Allyn and Bacon. p. 11.

အဓိကထားမပြောသည့် တိုင်းရင်းသားကလေးငယ်များ၏ သင်ယူရေးအောင်မြင်မှုများ ပိုမိုရရှိအောင် ဆောင်ရွက်ခြင်းမှတစ်ဆင့် ၎င်းတို့၏ မိမိကိုယ်ကိုချစ်မြတ်နိုးတန်ဖိုးထားစိတ်များ မြှင့်တင့်ပေးရန်အတွက် သင်ကြားသင်ယူရမည့်အကြောင်းအရာများကို မိခင်ဘာသာစကား တစ်မျိုး (သို့မဟုတ်) တစ်မျိုးထက် ပိုအသုံးပြုကာ သင်ကြားသင်ယူခြင်းအားဖြင့် နောက်ခံအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခွင့်ပေးသင့်သည်ဟု ဖော်ပြထားပါသည်။[၁၀] ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် ပိုမိုသာတူညီမျှသောပညာရေးကို ပေးစွမ်းသည့်အတွက် လူ့အဖွဲ့အစည်းတစ်ခုလုံး အပေါ်တွင် ကောင်းကျိုးများသက်ရောက်စေမည်ဖြစ်ပြီး ထိုသို့သောပညာရေးမှသည် ကျောင်းသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးကာ ခေတ်မီလူ့အဖွဲ့အစည်းအတွင်း ဒေသခံရပ်ရွာအသိုက်အဝန်းများ ပေါင်းစပ်ပါဝင်နိုင်ရန်အတွက် ပံ့ပိုးပေးမည်ဖြစ်ပါသည်။

- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာများ ပျိုးထောင်ပေးသည့်အတွက် အလယ်တန်းကျောင်းသားများသည် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေး၍ဒေသိယဘာသာစကားများ၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို တန်ဖိုးထားသော နိုင်ငံသားများ ဖြစ်လာပေမည်။[၁၁]

## အခြေခံပညာတွင် ပါဝင်သော ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကြောင်းအရာများ - အလယ်တန်းအဆင့် (ဆဋ္ဌမတန်းမှ နဝမတန်းထိ)

ဤအကြောင်းအရာတွင် သင့်အား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာနှင့် ယှဉ်၍သင်ကြားသည့် ချဉ်းကပ်နည်းများအကြောင်း မိတ်ဆက်ပေးပြီး အခြားနိုင်ငံများတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား လက်တွေ့အသုံးချသည့် သာဓကများကို လေ့လာခွင့်ရမည် ဖြစ်ပါသည်။ သင်သည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် အလယ်တန်းကျောင်း (ဆဋ္ဌမတန်းမှ နဝမတန်းထိ) တွင် သင်ကြားမည့် ခေါင်းစဉ်များကို မိမိတို့သင်ယူထားသော အသိပညာများအပေါ် အခြေခံ၍ အနက်ဖွင့်ခွင့်ရမည်ဖြစ်ပါသည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို အလယ်တန်းကျောင်းသားများနှင့် ဒေသခံရပ်ရွာအသိုက်အဝန်း၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်အတွက် ဆီလျော်သောအကြောင်းအရာအများစုကို ခြုံငုံမိအောင် ရေးဆွဲထားပါသည်။ အလယ်တန်းကျောင်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားရန်အတွက် ရက်သတ္တပတ်တစ်ပတ်လျှင် စာသင်ချိန်အများဆုံး လေးချိန်ရရှိပြီး စာသင်နှစ်တစ်နှစ်လျှင် စာသင်ချိန်စုစုပေါင်း (၁၀၈) ချိန်ခန့် အများဆုံးရရှိပါသည်။

[၁၀] သိန်းလွင် (၂၀၁၇) ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်ရေးလမ်းညွှန်၊ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်

[၁၁] သန်းလွင် (၂၀၁၇) ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်ရေးလမ်းညွှန်၊ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်

ယင်းသည် အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်း၏ ၁၂ ရာခိုင်နှုန်းနှင့် ညီမျှပါသည်။[၁၂] အခြေခံပညာအလယ်တန်းကျောင်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဇယား ၁.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း - ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း - အလယ်တန်းကျောင်း (ဆဋ္ဌမတန်းမှ နဝမတန်း)**

| သင်ယူမှု နယ်ပယ် | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း |
|---|---|---|---|---|
| ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း | ရက်သတ္တပတ် တစ်ပတ်လျှင် စာသင်ချိန် အများဆုံး လေးချိန် (တစ်နှစ်လျှင် ၁၀၈ နာရီထက် မပိုသင့်ပေ။) | | | |
| (ဒေသခံ အလယ်တန်းကျောင်းသားများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုများ) | • တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများ<br>• သက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများ<br>• အခြေခံကွန်ပျူတာ ကျွမ်းကျင်မှုများ<br>• သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ<br>• စိုက်ပျိုးရေးလုပ်ငန်း<br>• အိမ်တွင်းမှုစီမံခန့်ခွဲရေးသိပ္ပံ<br>• ဒေသန္တရ ဗဟုသုတ | | | |

## ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အကြောင်းအရာများနှင့် အလယ်တန်းကျောင်းများတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရန်အတွက် ၎င်းတို့၏အကျိုးသက်ရောက်မှု

အောက်ပါအပိုင်း၌ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ပါဝင်သော အကြောင်းအရာများနှင့် သင်၏သင်ယူရေးတွင် ယင်းတို့၏အရေးပါပုံတို့ကို ဆွေးနွေးထားပါသည်။ ပထမစာသင်နှစ်တွင် သင်သည် တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများ သင်ကြားရန် အရေးပါပုံကို မိတ်ဆက်သင်ယူခဲ့ရပါသည်။ သင့်အနေဖြင့် မူလတန်းကျောင်းသားများသည် မူလတန်းကျောင်းတွင် ဒေသိယ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများကို သင်ယူနေသည်ဟူသော အဓိကအချက်များကို အမှတ်ရနိုင်ပါသည်။ ကလေးငယ်များအတွက် မိခင်ဘာသာစကား (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားသည် အဓိကဘာသာစကားဖြစ်နေနိုင်သောကြောင့် ထိုသို့သင်ကြားခြင်းအားဖြင့် ၎င်းတို့၏ ဆက်သွယ်ပြောဆိုခြင်းနှင့် လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းဆိုင်ရာကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အထောက်အကူ ဖြစ်စေပါသည်။ မိခင်ဘာသာစကားဖြင့် သင်ကြားသည့်ပညာရေးသည် အထူးသဖြင့် မြန်မာစကားကို အဓိကထားမပြောသော (သို့မဟုတ်) အိမ်တွင် မြန်မာစကား

[၁၂] ပညာရေးဝန်ကြီးဌာန (၂၀၁၉) ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာ

မပြောသော သင်ယူသူများတွင် ပညာရေးဆိုင်ရာအခွင့်အရေးများရရှိလာအောင်လည်း အထောက်အကူပြုပါသည်။ နိုင်ငံတကာသုတေသနများတွင် စာသင်ကျောင်းများ၌ မိခင်ဘာသာစကားနှင့် တိုင်းရင်းသားဘာသာစကားများ အသုံးပြုခြင်း၏ အရေးပါပုံကို ပြသနေပါသည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်များသည် ၎င်းတို့၏ မိခင်ဘာသာစကားကို အသုံးပြုရသည့်အတွက် ပိုမိုယုံကြည်မှုပြည့်ဝလာသောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဘာသာစကားမျိုးစုံနှင့် ယဉ်ကျေးမှုပေါင်းစုံစုစည်းရာ နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ စာသင်ခန်းများတွင် ထိုကွဲပြားစုံလင်မှုကို အားပေးမြှင့်တင်၍ လေးစားကြရပါမည်။ ထို့အတူပင် ဒုတိယစာသင်နှစ်တွင်လည်းသင်သည် လူမှုရေးစည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှုအချင်းချင်း နားလည်သဘောပေါက်မှုနှင့် ငြိမ်းချမ်းရေးတို့ကို တိုးမြင့်စေမည့် တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးမှုနှင့် တန်ဖိုးထားမှုတို့ကို အားပေးမြှင့်တင်ဆောင်ရွက်ရပါမည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ နောက်ထပ်အရေးပါသော ကဏ္ဍတစ်ရပ်မှာ သက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများဖြစ်ပါသည်။ သက်မွေးမှုဆိုင်ရာကျွမ်းကျင်မှုများကို လေ့လာခြင်းသည် အလယ်တန်းကျောင်းသားများ၏ သက်မွေးမှုလုပ်ငန်းဆိုင်ရာ အသိပညာများနှင့် နားလည်သဘောပေါက်မှုများ ချဲ့ထွင်နိုင်အောင် ပံ့ပိုးပေးပါသည်။ ဒုတိယ စာသင်နှစ်ဝက်တွင် မိတ်ဆက်သင်ကြားမည့် မရှိမဖြစ်လိုအပ်သော သက်မွေးမှုဆိုင်ရာကျွမ်းကျင်မှုများမှာ ပြဿနာဖြေရှင်းခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ အလိုက်သင့်ပြောင်းလဲခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အချိန်နှင့် ရင်းမြစ် စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာစီမံခန့်ခွဲခြင်း၊ နည်းပညာအသုံးပြုခြင်း၊ သတင်းအချက်အလက်အသုံးပြုခြင်းနှင့် ကောင်းသောအပြုအမူရှိခြင်းတို့ ဖြစ်ပါသည်။ သက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများသည် အလယ်တန်း ကျောင်းသားများအား ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဘဝတွင်သာမက ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းခွင်များတွင် ကြုံတွေ့ရမည့်ပြဿနာများကို ဖြေရှင်းနိုင်စေရန် ကူညီပေးပါသည်။ ယင်းသည် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် ကျယ်ပြန့်သော ဘက်စုံပညာရေးတည်ဆောက်နိုင်ရန် အရေးပါသော ကဏ္ဍမှပါဝင်နေပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍသည် တစ်နိုင်ငံလုံး၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ အနာဂတ်ရေရှည်တည်တံ့ ဟန်ချက်ညီစေရန်အတွက် အဓိကအထောက်အကူပြုပါသည်။ မြန်မာနိုင်ငံ လူဦးရေစုစုပေါင်း၏(၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ အထူးသဖြင့် ကျေးလက်ဒေသများတွင် အသိပညာဗဟုသုတနှင့် နည်းပညာလိုအပ်ချက်တို့ ရှိနေပါသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ပါဝင်သော စိုက်ပျိုးရေးဆိုင်ရာ အကြောင်းအရာများသည်

မြန်မာကျောင်းသားများအတွက် စိုက်ပျိုးရေးသိပ္ပံဆိုင်ရာ နည်းပညာဗဟုသုတများသာမက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၏ အရေးပါအရာရောက်မှုကို တန်ဖိုးထားတတ်စေရန် ပံ့ပိုးပေးပါသည်။

အိမ်တွင်းမှုစီမံခန့်ခွဲရေး ကျွမ်းကျင်မှုများတွင် ချက်ပြုတ်ခြင်းနှင့် အာဟာရပညာ၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့စေသော နေထိုင်မှုတို့ ပါဝင်ပါသည်။ အိမ်တွင်းမှုစီမံခန့်ခွဲရေး ကျွမ်းကျင်မှုများသည် လူတစ်ဦး၏နေအိမ်နှင့် ပိုင်ဆိုင်မှုများကို စီမံရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် မရှိမဖြစ်လိုအပ်သောကျွမ်းကျင်မှုများဖြစ်ပါသည်။ အလယ်တန်း ကျောင်းသားများရရှိရန် မျှော်မှန်းထားသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းရည်အမျိုးအစားများမှာ ၎င်းတို့ ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်တွင် တံမြက်စည်းလှည်းခြင်း၊ ကြမ်းတိုက်ခြင်း၊ ဖုန်စုပ်ခြင်း၊ ဖုန်သုတ်ခြင်း၊ အစားအစာများစီစဉ်ချက်ပြုတ်ခြင်း၊ အဝတ်လျှော်ခြင်းနှင့် ၎င်းတို့၏ ခြံဝင်းနှင့် ခြံပြင်ဘက်ကို ထိန်းသိမ်းခြင်းတို့ ဖြစ်ပါသည်။ မိသားစုငွေကြေးစီမံခန့်ခွဲရေးနှင့် ငွေကြေးစီမံခန့်ခွဲတတ်မှုတို့သည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ပါဝင်သောကဏ္ဍများဖြစ်ပြီး အလယ်တန်းကျောင်းသားများ ဘဏ္ဍာရေးပညာကို နားလည်သဘောပေါက်၍ ကောင်းမွန်စွာ စီမံခန့်ခွဲတတ်စေရန်အတွက် မရှိမဖြစ်သောကျွမ်းကျင်မှုများ ဖြစ်ပါသည်။ ဤကျွမ်းကျင်မှုများသည် အလယ်တန်းကျောင်းသားများ ငွေကြေးကို အကျိုးရှိရှိ စီမံခန့်ခွဲတတ်စေရန်အတွက် လိုအပ်သော အသိပညာနှင့်စွမ်းရည်များ ပြင်ဆင်ပံ့ပိုးပေးပါသည်။

### သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း - ပညာရေးဒီဂရီကောလိပ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာများကို လေ့လာခြင်းဖြင့် အလယ်တန်းကျောင်းများတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ဘာသာရပ်များအကြား အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်းပုံစံဖြင့် သင်ကြားသည့် သဘောသဘာဝအပေါ် သင်၏နားလည်သဘောပေါက်မှုကို ချဲ့ထွင်နိုင်စေရန်ဖြစ်ပါသည်။

၁။ ပညာရေးဒီဂရီကောလိပ် ပထမနှစ်နှင့် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာများကို အောက်ပါမေးခွန်းများအား အလေးပေး၍ လေ့လာပါ။

(က) ပညာရေးဒီဂရီကောလိပ် ပထမနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ပါဝင်သော အကြောင်းအရာများမှာ အဘယ်နည်း။ နောက်ဆက်တွဲ (၁) - ပညာရေးဒီဂရီကောလိပ် ပထမနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာရှိ ပထမစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာကို မှီငြမ်းကိုးကားနိုင်ပါသည်။

| ဇယား ၁။ ပညာရေးဒီဂရီကောလိပ် ပထမနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာ | | |
|---|---|---|
| **အခန်း** | **အခန်းငယ်** | **သင်ခန်းစာခေါင်းစဉ်** |
| ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မိတ်ဆက် | ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။ | ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။ |
| | | |
| တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှု | | |
| | | |
| | | |
| | | |
| | | |
| | | |

| ဇယား ၁။ ပညာရေးဒီဂရီကောလိပ် ပထမနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာ | | |
|---|---|---|
| အခန်း | အခန်းငယ် | သင်ခန်းစာခေါင်းစဉ် |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

(ခ) ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အကြောင်းအရာများမှာ အဘယ်နည်း။

| ဇယား ၂။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာ | | |
|---|---|---|
| **အခန်း** | **အခန်းငယ်** | **သင်ခန်းစာခေါင်းစဉ်** |
| ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းမိတ်ဆက် | ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း | ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတို့ကို နားလည်သဘောပေါက်ခြင်း |
| | | |
| တိုင်းရင်းသား ဘာသာစကား နှင့် ယဉ်ကျေးမှု | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

၂။ သင့်တွဲဖက် (သို့မဟုတ်) အုပ်စုအဖွဲ့ဝင်များနှင့် ပညာရေးဒီဂရီကောလိပ် ပထမ စာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ဇယား(၁.၁) - အခြေခံပညာသင်ရိုးညွှန်းတမ်း - အလယ်တန်း(ဆဋ္ဌမတန်းမှ နဝမတန်း) ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့်နှိုင်းယှဉ်ပါ။ ပညာရေးဒီဂရီကောလိပ် ဒေသဆိုင်ရာသင်ရိုး ညွှန်းတမ်း နှင့် အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတို့ကြားရှိ တူညီသော (သို့မဟုတ်) ကွဲပြားသောအကြောင်းအရာများမှာ အဘယ်နည်း။

၃။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းကျောင်းသားများအတွက် ဤအကြောင်း အရာများ၏ အရေးပါပုံကို ဆွေးနွေးပါ။ နောက်ဆက်တွဲ (၂) - အခြေခံပညာ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်မှ ကောက်နုတ်ချက်ကို ဖတ်၍ မှီငြမ်းကိုးကားပါ။

၄။ အုပ်စုလိုက်ဆွေးနွေးပြီးပါက မိမိတို့အဖွဲ့ဆွေးနွေးသည့်အကြောင်းအရာ နယ်ပယ် အကြောင်းကို ကျန်အုပ်စုများအားရှင်းပြ၍ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ "အနက် အဓိပ္ပာယ်" နှင့် အလယ်တန်းအဆင့်တွင် သင်ကြားမည့် အကြောင်းအရာများ၏ ဆီလျော်မှုကို ဖော်ပြရန်အတွက် အဖွဲ့ဝင်တစ်ယောက် ရွေးချယ်ပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဆိုသည်မှာ အဘယ်နည်း။

၂။ အမျိုးသား သင်ရိုးညွှန်းတမ်းအား ကျောင်းသားများနှင့် ပိုမိုဆီလျော်မှုရှိစေရန်အတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းက မည်သို့ပံ့ပိုးပေးသနည်း။

၃။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား အဘယ်ကြောင့် ရေးဆွဲထားသနည်း။

၄။ ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုး မာတိကာအညွှန်းဘောင်နှင့် အလယ်တန်းအဆင့် သင်ရိုးမာတိကာတို့ မည်သို့ ဆက်စပ်နေသနည်း။

၅။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ၏အရေးပါပုံမှာ အဘယ်နည်း။

၆။ ဒေသခံကျောင်းသားများအနေဖြင့် အလယ်တန်းအဆင့် (ဆဋ္ဌမတန်းမှ နဝမတန်းထိ) တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသင်ယူရန် အဘယ်ကြောင့် အရေးကြီးသနည်း။

# ၁.၂။ အလယ်တန်းကျောင်းသားများ၏ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ယူမှုအားပံ့ပိုးခြင်း

ဤအခန်းငယ်တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား သင်ကြားသင်ယူရန်အတွက် “ကျောင်းသားဗဟိုပြုနှင့် ကျောင်းသားအားလုံးပါဝင်မှုရှိသော ချဉ်းကပ်နည်း” အားဖြင့် ဖော်ပြ၊ ရှင်းလင်း၊ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ်၏ လေးနှစ်တာသင်ရိုးညွှန်းတမ်း အသစ်သည် သင့်အား ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ တန်ဖိုးများနှင့် စိတ်သဘောထား ပြည့်စုံ ကြွယ်ဝသည့် အရည်အချင်းရှိသော ဆရာတစ်ယောက်ဖြစ်အောင် ပြင်ဆင်ပေးရန်အတွက် တတ်ကျွမ်းမှုအခြေပြုသော၊ သင်ယူသူဗဟိုပြုသော၊ ကျောင်းသားအားလုံး ပါဝင်မှုရှိသော ချဉ်းကပ်နည်းများအား ပျိုးထောင်ပေးပါသည်။ ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ပညာရေးဘာသာရပ်တွင်ဖော်ပြပါကဲ့သို့ အလယ်တန်းကျောင်းစာသင်ခန်းများတွင် အသုံးပြုနိုင် သော သင်ယူသူဗဟိုပြုနှင့် ကျောင်းသားအားလုံးပါဝင်မှုရှိသည့် အမျိုးမျိုးသောချဉ်းကပ်နည်း များလည်း ပါဝင်ပါသည်။ ဤအခန်းငယ်သည် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်ဖြင့် ချဉ်းကပ်နည်း၊ စုံစမ်းမေးမြန်းမှု အခြေပြုသင်ယူခြင်း၊ စီမံချက်အခြေပြု သင်ယူခြင်း (PBL)[၃၃] ကဲ့သို့သော ချဉ်းကပ်နည်းများမှာ အလယ်တန်းကျောင်းသားများ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ယူမှုအား မည်သို့ပံ့ပိုးပေးနိုင်ပုံကို ရှင်းပြထားပြီး ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ခိုင်လုံပြည့်စုံ၍ လက်တွေ့ကျသော နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖြစ်နိုင်ခြေရှိသည်များကို ဖော်ထုတ်တင်ပြ ထားပါသည်။

[၃၃] စုံစမ်းမေးမြန်းမှုအခြေပြုသင်ယူခြင်းနှင့် စီမံချက်အခြေပြုသင်ယူခြင်းဆိုင်ရာ အသေးစိတ်ရှင်းလင်းချက်အား ပညာရေးဒီဂရီကောလိပ်၊ ဒုတိယနှစ် ပညာရေး ဘာသာ သင်ခန်းစာ (၃.၃.၇) တွင် ရည်ညွှန်းလေ့လာပါ။

# ၁.၂.၁ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက် သင်ကြားရေးဆိုင်ရာ ချဉ်းကပ်နည်းများ၊ နည်းဗျူဟာများနှင့် နည်းလမ်းများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းကျောင်းသားများ၏ သင်ယူပုံကို ဆွေးနွေးတတ်မည်။
- အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန်အတွက် သင်ကြားသင်ယူမှု နည်းလမ်းအမျိုးမျိုးကို သရုပ်ပြတတ်မည်။
- မြန်မာနိုင်ငံတိုင်းဒေသအနှံ့အပြားတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန်အတွက် အမျိုးမျိုးသောချဉ်းကပ်နည်းများနှင့် ပံ့ပိုးရေးနည်းစနစ်များကို စူးစမ်းဖော်ထုတ်တတ်မည်။

## အလယ်တန်းကျောင်းတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရန်အတွက် ဘာသာရပ်စုံ အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်း ချဉ်းကပ်နည်း

အလယ်တန်းကျောင်းတွင် သင်ကြားသော ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို အဓိကခေါင်းစဉ် ခုနစ်ခုဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ အခြေခံကွန်ပျူတာ ကျွမ်းကျင်မှုများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကျွမ်းကျင်မှုများ၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှုသိပ္ပံနှင့် စီမံခန့်ခွဲမှုဆိုင်ရာသိပ္ပံဟူ၍ ဖြစ်ကြပါသည်။[၁၄] ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို ဘာသာရပ်အလိုက် သင်ကြားရေးနည်းစနစ်များ အသုံးပြုပြီး ဘာသာရပ်စုံ အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်းနှင့် ဘာသာရပ်များကြား အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်းတို့ဖြင့် သင်ခန်းစာများပို့ချနိုင်ရန် ရေးဆွဲထားခြင်းဖြစ်သည်။

**ဘာသာရပ်စုံ အပြန်အလှန်ချိတ်ဆက်သင်ကြားခြင်းသည်** မတူညီသည့် ဘာသာရပ်များနှင့် ကွဲပြားသော အမြင်များကို ပေါင်းစပ်၍ ခေါင်းစဉ်၊ အဓိကဆိုလိုရင်း (သို့မဟုတ်) ပြဿနာ

၁၄ The Basic Education Curriculum Framework (Myanmar MOE, 2019)

တစ်ခုအား သရုပ်ဖော်ရန် အဓိကထားသော သင်ရိုးညွှန်းတမ်းပေါင်းစပ်သည့် ချဉ်းကပ်နည်း တစ်ခု ဖြစ်ပါသည်။ UNESCO-IBE (၂၀၁၃) အရ၊ ဘာသာရပ်စုံ အပြန်အလှန် ချိတ်ဆက် သင်ကြားခြင်းသင်ရိုးညွှန်းတမ်းသည် တူညီသောခေါင်းစဉ်တစ်ခုအား တစ်ခုထက်ပိုသော ဘာသာရပ်များ၏ရှုထောင့်များမှ လေ့လာခြင်းဖြစ်သည်။


**ဘာသာရပ်များကြား အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်းသည်** ဘာသာရပ်တစ်ခုနှင့် တစ်ခုကြား ချိတ်ဆက်နေသော ဆိုလိုရင်းများ၊ အတွေးအခေါ်များ၊ မတူညီသောဘာသာရပ် များနှင့် ၎င်းတို့နှင့် လက်တွေ့လောကကြားရှိ ဆက်စပ်မှုကို နားလည်စေသော သင်ရိုးညွှန်းတမ်း ပေါင်းစပ်သည့် ချဉ်းကပ်နည်းတစ်ခု ဖြစ်ပါသည်။

သင်ကြားမည့်နယ်ပယ်နှင့် အစီအစဉ်များကိုလည်း ဘာသာရပ်တစ်ခုအနေဖြင့် ပြင်ဆင်ပြီး ဖြစ်သည့်အတွက် ပညာရေးဒီဂရီကောလိပ်၏ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို ပို့ချရန် ဘာသာရပ်အလိုက် သင်ကြားသော ချဉ်းကပ်နည်းများကို အသုံးပြုသွားပါမည်။ **ဘာသာရပ် အလိုက် သင်နည်းဗေဒများသည်** ဘာသာရပ်တစ်ခု (သို့မဟုတ်) ခေါင်းစဉ်တစ်ခုကို သင်ကြားရန် အသုံးပြုသောနည်းလမ်းများ (သို့မဟုတ်) လက်တွေ့ကျင့်သုံးမှုများ ဖြစ်ပါသည်။ ဘာသာရပ်အလိုက် သင်နည်းဗေဒများကို ၎င်းအားအသုံးပြုမည့်ဘာသာရပ် (သို့မဟုတ်) ခေါင်းစဉ်အတွက် အကောင်းဆုံးသော လက်တွေ့ကျင့်သုံးမှုများအတိုင်း လိုက်နာကျင့်သုံး ပါသည်။

အလယ်တန်းကျောင်းတွင် သင်ကြားမည့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက်မူ အထက်တွင် ဖော်ပြခဲ့သော နည်းလမ်းသုံးမျိုးလုံးကို လျော်ညီသလို အသုံးပြုနိုင်ပြီး ဒေသခံ (သို့မဟုတ်) တာဝန်ရှိသူများသာမက ကျောင်း၏စီမံခန့်ခွဲရေးပိုင်းနှင့် စာသင်ခန်း တာဝန်ကျ ဆရာ၊ ဆရာမ များ၏ ဆုံးဖြတ်ချက်ပေါ်မူတည်၍ အသုံးပြုနိုင်ပါသည်။

## ဒေသခံရပ်ရွာအသိုက်အဝန်းရှိ ကျောင်းများ

စာသင်ခန်းသည် လေးဖက်လေးတန် နံရံများ ပတ်လည်ဝိုင်းနေသည့် အခန်းတစ်ခန်းသာ မဟုတ်တော့ဘဲ ဒေသခံရပ်ရွာအသိုက်အဝန်းဆီသို့ ဖြန့်ကြက်သွားသည်။ သင်ကြား၊ သင်ယူရန် ပြင်ဆင်သည့်အခါ ဒေသခံရပ်ရွာအသိုက်အဝန်းမှ ရင်းမြစ်များအား ထည့်သွင်းအသုံးပြုရန် သတိရပါ။ ရပ်ရွာအသိုက်အဝန်းသည် သင်၏ကျောင်းနှင့် စာသင်ခန်းတွင်း၌ ဖြစ်ပျက်နေသည့် အရာများအပေါ် စိတ်ဝင်စားမှုရှိကြောင်း စိတ်တွင်စွဲမှတ်ထားပြီး အလယ်တန်းကျောင်းသား များသည် ၎င်းတို့ သင်ရိုးညွှန်းတမ်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရပ်ရွာအသိုက်အဝန်းနှင့် တွဲဖက်လုပ်ကိုင်ရန် အခွင့်အရေးများရှိကြောင်း သတိပြုပါ။




**ပုံ ၁.၁။ ဒေသခံရပ်ရွာအသိုက်အဝန်းနှင့် အတူတကွလုပ်ဆောင်ပြီး သင်ကြားခြင်း**

ဒေသခံ ရပ်ရွာအသိုက်အဝန်းသည် စာသင်ခန်းများအတွက် အဓိကရင်းမြစ်တစ်ခုအဖြစ် နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်တည်နေသည်။ ဥပမာ -

၁။ အလယ်တန်းကျောင်းသားများ၏ လုပ်ဆောင်ချက်ကို မျှဝေနိုင်သည့်နေရာ

၂။ အသုံးချရန် ရင်းမြစ်များရှိသည့်နေရာ

၃။ ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးမည့်သူများနှင့် တွေ့ဆုံခြင်းအားဖြင့် သင်ယူနိုင်သည့်နေရာ

၄။ ဝန်ဆောင်မှုဆိုင်ရာ သင်ယူခြင်းတွင် အလယ်တန်းကျောင်းသားများနှင့် ရပ်ရွာအသိုက်အဝန်းတို့ ပူးပေါင်းလုပ်ဆောင်နိုင်သော သင်ယူမှုရပ်ဝန်းရှိသည့်နေရာ စသည်ဖြင့် ဖြစ်ပါသည်။

## ရင်းမြစ်များ

ဒေသခံရပ်ရွာအသိုက်အဝန်းတွင် မည်သည့်ရင်းမြစ်များရှိသည်ကို ရှာဖွေဖော်ထုတ်ခြင်းသည် သတိရှိစွာ ကြည့်ရှုလေ့လာခြင်းသာမက ဒေသခံများနှင့် ဆွေးနွေးညှိနှိုင်း၍ အကြံဉာဏ်ရယူခြင်းတို့ လိုအပ်ပါသည်။ သင်၏ သင်ကြား၊ သင်ယူမှုအစီအစဉ်တွင် ထည့်သွင်း အသုံးပြုနိုင်မည့်နေရာများကို ဖော်ထုတ်ရန်အတွက် ထိုဒေသတွင်းရှိ နေရာများတွင် လှည့်ပတ်သွားလာခြင်းဖြင့် စတင်ပါ။ ထိုဒေသ၏ ထူးခြားသော အင်္ဂါရပ်များအကြောင်း ကြားသိနိုင်ရန် ဒေသခံများနှင့် စကားပြောပါ။ ထိုရင်းမြစ်များအား သင်ကြား၊ သင်ယူရာတွင် အသုံးချနိုင်မည့် နည်းလမ်းများကို စဉ်းစားပါ။ သင်၏အတန်းသားများသည် ရေနှင့် ၎င်း၏အသုံးဝင်ပုံတို့အား ဆန်းစစ်လေ့လာသည့်အခါ ဒေသတွင်းရှိ စမ်းချောင်းတစ်ခုသို့ သွားရောက်လည်ပတ်၍ ဒေသခံများနှင့် စကားပြောခြင်းမှာ သင်ယူရန် ကောင်းမွန်သောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဒေသတွင်းတွင် ရရှိနိုင်သည့် အခြားသောရင်းမြစ်များအား ဖော်ထုတ်ပါ။ ထိုရင်းမြစ်များတွင် ပွဲလမ်းသဘင်များအတွက် ငှားရမ်းနိုင်မည့် ခန်းမများ (သို့မဟုတ်) ရိုးရာယဉ်ကျေးမှုဆိုင်ရာပွဲများပါဝင်နိုင်ပါသည်။ ဒေသတွင်းရှိ ဆိုင်များနှင့် စက်မှုလုပ်ငန်း အသေးစားများအား အလယ်တန်းကျောင်းသားများကို ခေါ်ဆောင်သွားနိုင်မည့် နေရာများအဖြစ်ဆန်းစစ်လေ့လာပါ။

ပုံ (၁.၂) တွင် ကျယ်ပြန့်သော ရင်းမြစ်အမျိုးအစား သုံးမျိုးကို ပေးထားပါသည်။ ၎င်းတို့မှာ လူများ၊ မီဒီယာနှင့် အခြားသောအရာများ စသည်တို့ ဖြစ်ပါသည်။ ၎င်းတို့ထဲမှ တစ်ခုစီသည် သင်ကြားခြင်းနှင့် သင်ယူခြင်း လုပ်ငန်းများကို အားဖြည့်ပေးနိုင်သော အချက်အလက်ပမာဏများစွာပေးစွမ်းနိုင်ပြီး ကျောင်းသားများအား မျက်မြင်ကိုယ်တွေ့ အချက်အလက်များ ပေးနိုင်သည်သာမက အသစ်ဖြစ်သော၊ နောက်ဆုံးသော အသိပညာဖြင့် တုံ့ပြန်နိုင်ရန်အခွင့်အရေးပေးပါသည်။ကျောင်းသားများ စိတ်ပါဝင်စားမှု ယုတ်လျော့သွားခြင်း မရှိရန်နှင့် ၎င်းတို့အား သင်ယူအောင် လှုံ့ဆော်အားပေးရန်အတွက် ရင်းမြစ်အမျိုးမျိုးကို အသုံးပြုဖို့လိုအပ်ပါသည်။

**လူများ**

- အလုပ်ရုံဆွေးနွေးပွဲများ
- နှီးနှောဆွေးနွေးပွဲများ
- အသေးစားသင်တန်းများ
- သရုပ်ပြမှုများ
- အနုပညာဆန်သော တင်ဆက်ပြသမှုများ
- အပြန်အလှန် ဆွေးနွေးပွဲများ
- စကားရည်လုပွဲများ

**မီဒီယာ**

- ရုပ်ရှင်
- ဒီဗီဒီ
- ပေါ်ဒ်ကာတ်စ်များ
- ဝက်ဘ်ဆိုက်ဒ်များ
- သတင်းစာများ
- မဂ္ဂဇင်းများနှင့် ဂျာနယ်များ

**အခြားရင်းမြစ်များ**

- ပြပွဲများ
- စိတ်ဝင်စားမှု မြှင့်တင်ရေး စင်တာများ
- ကွင်းဆင်းခြင်း ခရီးထွက်ခြင်းများနှင့် လေ့လာရေးခရီးများ
- ပြတိုက်များ၊ အနုပညာပြခန်းများ သင်ယူမှု စင်တာများ
- ဒေသတွင်း စက်မှုဇုန်များနှင့် စီးပွားရေး လုပ်ငန်းများ
- စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သားဖောက်/ပျိုးဖောက်သည့်နေရာများ

**ပုံ ၁.၂။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသင်ကြားရန်အတွက် ဒေသခံရပ်ရွာအသိုက်အဝန်း၏ ကျယ်ပြန့်သော ရင်းမြစ်အမျိုးအစားများ**

ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်တွင် ညွှန်ကြားချက်များသည် အုပ်စုလိုက် သင်ယူသည့်နေရာမှ တစ်ဦးချင်းသင်ယူသည့်နေရာသို့ ကူးပြောင်းသွားသော

သင်နည်းဗေဒ ချဉ်းကပ်နည်းတစ်ခု ဖြစ်ပါသည်။ အုပ်စုလိုက်သင်ယူမည့်နေရာအား ဆရာများက ကျောင်းသားများအား လမ်းညွှန်ပေးပြီး ကျောင်းသားများက ဘာသာရပ်အကြောင်းအရာတွင် အယူအဆများကိုအသုံးချပြီး ဆန်းသစ်စွာ ပါဝင်လှုပ်ရှားသည့် အပြန်အလှန်ဆွေးနွေးမှုရှိသော သင်ယူရာရပ်ဝန်းအဖြစ်ပြောင်းလဲလိုက်သည်။[၁၅] ကျောင်းသားများအား အခန်းထဲတွင် ဆရာနှင့်အတူ သင်ခန်းစာများကို ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့် စူးစမ်းလေ့လာခြင်းများလုပ်ခွင့်ပေးခြင်းအားဖြင့် ပုံမှန်အခန်းတွင်းဟောပြောပို့ချခြင်း ပုံစံအား ဤနည်းလမ်းဖြင့် အစားထိုးလိုက်ပါသည်။ ပုံမှန်အားဖြင့် အလယ်တန်းကျောင်းသားများသည် အတန်းမစမီတွင် သင်ခန်းစာကို ဖတ်ပါသည်။ ထို့ကြောင့်အတန်းချိန်အား အတန်းဖော်များဖြင့် ဆွေးနွေးခြင်းနှင့် ဆရာက ကူညီလမ်းညွှန်ပေးသော ပြဿနာဖြေရှင်းသည့်လုပ်ငန်းများဖြင့် ကျောင်းသားများ ထဲထဲဝင်ဝင် သိနားလည်အောင် လုပ်ဆောင်နိုင်သည်။

### သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်းနှင့် အုပ်စုလိုက်လုပ်ဆောင်ခြင်း - သင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာ ရေးဆွဲခြင်း

၁။ ပုံ(၁.၂)“ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသင်ကြားရန်အတွက်ဒေသခံရွာအသိုက်အဝန်း၏ ကျယ်ပြန့်သော ရင်းမြစ်အမျိုးအစားများ” ကို ဖတ်ပါ။ အလယ်တန်းကျောင်းသားများအား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရာတွင် အသုံးဝင်နိုင်သည့် အခြားသော သင်နည်းဗေဒ ချဉ်းကပ်နည်းများနှင့် သက်ဆိုင်သည့်ရင်းမြစ်များကို ဖြည့်စွက်ပါ။

၂။ မိမိ၏ တွဲဖက်ဖြင့်သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း (လူများ၊ မီဒီယာနှင့် အခြားသော ရင်းမြစ်များ) ဆိုသည့် ရင်းမြစ်အမျိုးအစားများထဲမှ သင်ခန်းစာ ပို့ချနိုင်မည့် နမူနာပုံစံတစ်ခု (သို့မဟုတ်) နှစ်ခုအားရွေးချယ်ပါ။ ဇယား(၁.၁)- အခြေခံပညာသင်ရိုးညွှန်းတမ်း၊ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၊ အလယ်တန်းကျောင်း (ဆဋ္ဌမတန်းမှ နဝမတန်းထိ) (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာမှ အလယ်တန်းကျောင်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအတွက် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နှစ်ခု ရွေးချယ်ပါ။ အောက်ပါ ဇယားတွင်ရွေးချယ်ထားသည့် ခေါင်းစဉ်များအတွက် အလယ်တန်းကျောင်း စာသင်ခန်းများ၌ သင်ကြားနိုင်သည့် သင်ခန်းစာဥပမာအမျိုးမျိုးအား ဤရင်းမြစ်များကို အသုံးပြု၍ဉာဏ်ဖွင့်ဆွေးနွေးပါ။ အချို့သောဥပမာများကို အောက်တွင်ဖော်ပြထား ပါသည်။

[၁၅] The Flipped Learning Network, 2014

| ရင်းမြစ် အမျိုးအစားများ | သင်ကြားရေး နည်းလမ်းများ/ ရင်းမြစ်များ | အလယ်တန်းကျောင်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအတွက် ရွေးချယ်ထားသော ခေါင်းစဉ်များ | သင်ကြားရေးနည်းလမ်းများ/ ရင်းမြစ်များ အသုံးပြု၍ အလယ်တန်းကျောင်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ခေါင်းစဉ်များအား မည်သို့သင်ကြားရမည့်အကြောင်း အတိုချုံးဖော်ပြချက် |
|---|---|---|---|
| လူများ | နှီးနှော ဆွေးနွေးပွဲများ | စိုက်ပျိုးရေးနှင့် သက်မွေးမှု ဆိုင်ရာ ကျွမ်းကျင်မှုများ | စာသင်ခန်းသို့ ဒေသခံလယ်သမားများ (ဖြစ်နိုင်ပါက ကျောင်းသားမိဘများ) အား ဖိတ်ခေါ်ပြီး အလယ်တန်းကျောင်း စာသင်ခန်းများတွင် ၎င်းတို့၏ အလုပ်အကြောင်းရှင်းပြရန် အတိုချုံးနှီးနှောဆွေးနွေးပွဲတစ်ခု ပြုလုပ်ခြင်း |
| အခြား ရင်းမြစ်များ | ကွင်းဆင်း လေ့လာရေးခရီး | သက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှု များနှင့် ဖွံ့ဖြိုးတိုးတက်မှု | အခန်းတွင်း လုပ်ငန်းတစ်ခုအနေ ဖြင့်အလယ်တန်း ကျောင်းသားများသည် ၎င်းတို့၏ ရပ်ရွာ အသိုက်အဝန်းတွင်ရှိသော သက်မွေးမှုနယ်ပယ် များကို စာရင်းပြုစုနိုင်သည် (ဥပမာ - မီးသတ် သမားများ၊ ဆရာဝန်များ၊ လယ်သမားများ စသည်ဖြင့် ဖြစ်သည်)။ ထို့နောက်ထိုလုပ်ငန်းခွင်သို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်တစ်ခုအနေဖြင့် သွားရောက်လည်ပတ်ရန် စီစဉ်နိုင်သည်။ ဤကဲ့သို့အခြေအနေမျိုးတွင် ထိုလုပ်ငန်းခွင်မှ ကျွမ်းကျင်ပညာရှင်များ၏ ရှင်းပြချက် (သို့မဟုတ်) သရုပ်ပြချက်များသည်အလယ်တန်းကျောင်းသား များ လေ့လာရန်အတွက် နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ |
| | | | |
| | | | |
| | | | |

၃။ သင်၏ ခေါင်းစဉ်များအတွက် ကားချပ်ကြီးတစ်ခုရေးဆွဲပြီး စာသင်ခန်းတွင် တင်ပြနိုင်ရန် ပြင်ဆင်ပါ။

## စီမံချက်အခြေပြု သင်ယူမှု (PBL)

စီမံချက်အခြေပြုသင်ယူမှုဟူသည့် Project-based learning (PBL) သည် ကျောင်းသား ဗဟိုပြုသင်နည်းဗေဒနှင့် သင်ကြားခြင်းနည်းဗျူဟာဖြစ်ပြီး ၎င်းတွင် ကျောင်းသားများသည် လက်တွေ့လောက၊ ရပ်ရွာအသိုက်အဝန်းအခြေပြုနှင့် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ရသည့် အဓိပ္ပာယ်ပြည့်ဝသော စီမံချက်များတွင် ပါဝင်လှုပ်ရှားခြင်းအားဖြင့် သင်ယူကြပါသည်။ စီမံချက် အခြေပြုသင်ယူမှုတွင် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် အမျိုးမျိုးသော ဆက်သွယ်ပြောဆိုခြင်း ပုံစံများပါဝင်ပါသည်။ ကျောင်းသား များသည် ဦးတည်မေးမြန်းသည့်မေးခွန်းကို ဖြေကြားရန်နှင့် အရည်အသွေးပြည့်ဝသော လုပ်ငန်းကို ဖန်တီးရန်အတွက် သတင်းအချက်အလက်များကို မှတ်မိရုံနှင့်ပင်မလုံလောက်ပေ။ ကျောင်းသားများသည် အဆင့်မြင့်သောတွေးခေါ်နည်းများကို အသုံးပြုရမည်ဖြစ်ပြီး အဖွဲ့တစ်ခု အနေဖြင့် လုပ်ကိုင်တတ်ရန် သင်ယူရမည်။ စီမံချက်အခြေပြုသင်ယူမှုသည် ကျောင်းသားများ က မှန်ကန်သော၊ စိတ်ဝင်စားဖွယ်ကောင်းသော၊ ရှုပ်ထွေးသောမေးခွန်း၊ ပြဿနာ (သို့မဟုတ်) အခက်အခဲများကို စူးစမ်းလေ့လာပြီး တုံ့ပြန်ရန်အတွက် ထပ်ဆောင်းအချိန်အတိုင်းအတာ တစ်ခုတွင် အလုပ်လုပ်ခြင်းအားဖြင့် ဗဟုသုတများနှင့်ကျွမ်းကျင်မှုများကို ရရှိနိုင်သော သင်ကြားရေးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ သင်သည် PBL ၏အသေးစိတ်ကို ဒုတိယနှစ် ပညာရေးဘာသာရပ် အခန်း(၃)၊ ထိရောက်သော သင်ယူမှုနည်းဗျူဟာများတွင် လေ့လာရမည် ဖြစ်ပြီး PBL သည် သင်ယူသူကိုယ်တိုင် ဦးဆောင်သင်ယူခြင်းအား မည်သို့မြှင့်တင်ပေးကြောင်း လေ့လာရမည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို စီမံချက်အခြေပြု သင်ယူမှုနည်းလမ်းများဖြင့် အကောင်းဆုံး ပို့ချနိုင်သည်။ ထိုနည်းမှတစ်ဆင့် ဆရာများသည် ကျောင်းသားများအတွက် သင်ယူခြင်းအား ပို၍ စိတ်ဝင်စားဖို့ကောင်းပြီး အဓိပ္ပာယ်ရှိအောင် လုပ်ဆောင်ပေးနိုင်ပါသည်။ ကျောင်းသား များသည် စီမံချက်တစ်ခုကို ကြာမြင့်သော အချိန်အတိုင်းအတာတစ်ခုတွင် လုပ်ဆောင်ကြရ သည်။ ထိုအချိန်မှာ ရက်အနည်းမှနေ၍ တစ်ပတ် (သို့မဟုတ်) နှစ်ပတ်ဖြစ်နိုင်သည်။ ထိုအချိန်သည် ကျောင်းသားများအား လက်တွေ့လောက၏ပြဿနာများ ဖြေရှင်းရာတွင် သော်လည်းကောင်း၊ ရှုပ်ထွေးသောမေးခွန်းတစ်ခုကို ဖြေကြားရာတွင် သော်လည်းကောင်း ပါဝင်လှုပ်ရှားစေပါသည်။ ကျောင်းသားများသည် ဒေသ (သို့မဟုတ်) နိုင်ငံတစ်ဝန်းရှိ ကြည့်ရှုသူများအတွက် အများပြည်သူနှင့်ဆိုင်သော ထုတ်ကုန်တစ်ခု၊ သတင်းအချက်အလက် တစ်ခု(သို့မဟုတ်) တင်ပြချက်တစ်ခုဖန်တီး၍ ၎င်းတို့၏ ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို သရုပ်ပြကြသည်။

စီမံချက်များသည် ပုံမှန်အားဖြင့် တစ်ပတ်မှ သုံးပတ်အထိ ကြာနိုင်သည်။ ဆရာများသည် ကျောင်းသားများအား ၎င်းတို့၏ စိတ်ဝင်စားမှုလည်းပါဝင်ပြီး ၎င်းတို့သိရန် လိုအပ်သည့် အချက်အလက်များလည်း ရရှိစေသော လက်တွေ့ဆန်သည့် လက်တွေ့လုပ်ဆောင်ရမည့် စီမံချက်နှင့် မိတ်ဆက်ပေးခြင်းဖြင့် အခန်းတစ်ခန်းစီ (သို့မဟုတ်) သင်ခန်းစာတစ်ခုစီကို စတင်ပါသည်။ စီမံချက်များသည် လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းကို လိုအပ်သည့်နက်နဲသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသည်။ စီမံချက်များမှတစ်ဆင့် ဆရာများသည် သင်ယူသူများ၏ ရလဒ်အားလုံး (အကြောင်းအရာနှင့် ၂၁ ရာစု ကျွမ်းကျင်မှုများ)ကို စွဲမြဲစွာ ထည့်သွင်းထားနိုင်ပြီး ထိုရလဒ်များကို စစ်ဆေးအကဲဖြတ်နိုင်သည်။ သင်ယူသူများ၏ ရလဒ်များသည် ဘာသာရပ်တိုင်းနှင့် ဘာသာရပ်ကြား အပြန်အလှန်ချိတ်ဆက်နေသောသင်ရိုးတိုင်းတွင် အတူတူပင်ဖြစ်သည်။ ဥပမာ - ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း စသည်ဖြင့်။ စီမံချက်များသည် အကြောင်းအရာ၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အရေးအသားဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ နှုတ်ဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် အခြားသောအရာများအတွက် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားဖြင့် တွဲဖက်ထားပြီး ၎င်းတို့အားလုံးကို ကျောင်းသားများအတွက် အွန်လိုင်းပေါ်တွင် တင်ထားပေးသည်။ ထို့မှသာအခြေခံအဆင့်၊ ကျွမ်းကျင်အဆင့် (သို့မဟုတ်) အဆင့်မြင့်လုပ်ငန်းတို့ထဲမှ မည်သည်ကိုဖြစ်မြောက်အောင် လုပ်ဆောင်ရမည်အား၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်မည် ဖြစ်သည်။

PBL နည်းလမ်းသည် အဓိက ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို အကဲဖြတ်ပြီး ဒေသတွင်းရှိ ပြဿနာများအား ဖော်ထုတ်ခြင်းကဲ့သို့သော စုံစမ်းမေးမြန်းရန် လိုအပ်သည့် ခက်ခဲသော မေးခွန်းမျိုးကို ဖော်ထုတ်လာနိုင်စေသည်။ စီမံချက်တစ်ခုသည် ကျောင်းသားများအနေဖြင့် အသိအမြင်ရှိသော လုပ်ဆောင်ချက်ကို ပြုလုပ်နိုင်ပါက အများပြည်သူအတွက် အကျိုးဖြစ်စေမည့်အရာတစ်ခုခုကို လုပ်ဆောင်ခွင့်လည်း ပေးနိုင်ပါသည်။ ကျောင်းသားများ၏ သင်ယူမှုအား အကဲဖြတ်ရန် နည်းတစ်ခုအဖြစ် PBL အခန်းတစ်ခုတွင် စုံစမ်းမေးမြန်းမှု အခြေပြုလုပ်ငန်းတစ်ခုအား ဖန်တီး၍လည်း ရပါသည်။ ဥပမာ - ကျောင်းသားများသည် စီမံချက်တစ်ခုအား ပူးပေါင်းဆောင်ရွက်သည့်အခါ စုံစမ်းမေးမြန်းမှု အခြေပြုသည့် လုပ်ငန်းသည် ကျောင်းသားတစ်ဦးစီ၏ အကြောင်းအရာအပေါ် နားလည်မှုနှင့် စီမံချက်လုပ်ဆောင်ရာတွင် ကျွမ်းကျင်မှုများကို ဆရာများ အကဲဖြတ်ရန် ထိရောက်သည့်နည်း ဖြစ်ပါသည်။

အလယ်တန်းကျောင်းသားများအတွက် PBL စီမံချက်တွင် ကျောင်းသားများအား ရပ်ရွာအမှိုက်သိမ်းဆည်းရေးစနစ်အကြောင်း လေ့လာခိုင်းပြီး ဒေသခံရွာသားများအား အသိပညာပေးနိုင်ပြီး စနစ်အား မွမ်းမံနိုင်မည့်နည်းများ ရှာဖွေ၍ ထိုနည်းလမ်းအချက်အလက်ကို အတန်းတွင်း၌ သာမက လူအများရှေ့တွင် တင်ပြစေနိုင်သည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ကျောင်းသားများ

အနေဖြင့် ရွာသားများသည် အမှိုက်နှင့်ပတ်သက်၍ မည်သို့ ဆောင်ရွက်ကြသည်ကိုသိရမည်။ ဥပမာ - ရွာသားများသည် အမှိုက်များကို တစ်နေရာ တည်းတွင် စုပုံသိမ်းဆည်းပါသလား။ လမ်းဘေးတွင်စွန့်ပစ်ပါသလား (သို့မဟုတ်) ဒေသတွင်းရှိ မြစ် (သို့မဟုတ်) ချောင်းများထဲသို့ စွန့်ပစ်ပါသလား။ ၎င်းတို့သည် ဒေသခံများအား အမှိုက်သရိုက်များနှင့်ပတ်သက်၍ သင်ပြပေးရန် မည်သည့်အသိပေးစကားများကို အသုံးပြုနိုင်မည်နည်း။ ဥပမာ - မကြာသေးမီအချိန်အထိ ငှက်ပျောရွက်နှင့် အခြားသောသဘာဝပစ္စည်းကဲ့သို့ အမှိုက်သရိုက်များကို စွန့်ပစ်လျှင် အန္တရာယ်ကင်းသေးသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပုပ်သိုးဆွေးမြည့်သွားမည် ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် ပလတ်စတစ်မှာမူ ဆွေးမြည့်သွားခြင်းမရှိဘဲ အဆုံး၌ ရေမြောင်းများ၊ စမ်းချောင်းများ၊ မြစ်များနှင့် ပင်လယ်တို့တွင် ပိတ်ဆို့ပြီး တိရစ္ဆာန်များကို သေစေသည်။ ထိုသို့အသိပညာပေးရန် ကျောင်းသားများသည် အမှိုက်သိမ်းဆည်းသည့်စနစ်နှင့် ရွာသားများ၏ အမူအကျင့်များကို လေ့လာရန်လိုပြီး ဒေသခံပြည်သူများအား အသိပညာပေးနိုင်မည့်နည်းလမ်းများကို သုတေသနပြုလုပ်ကာ အမှိုက်ကင်းစင်သည့် ပတ်ဝန်းကျင်ကို မြှင့်တင်ပေးနိုင်မည့် အကောင်းဆုံးသောနည်းလမ်းများကို ဆုံးဖြတ်ကြရမည်။ ထိုနည်းလည်းကောင်းပင် အလယ်တန်းဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ကြားရန်အတွက် ဆရာများသည် ကျောင်းသားများအား ၎င်းတို့၏စိတ်ဝင်စားမှုများနှင့် စိတ်အားထက်သန်မှုတို့အပေါ် မူတည်၍ သင်ရိုးမာတိကာ၊ အကြောင်းအရာတို့နှင့် ဆက်စပ်နေသည့် ကိုယ်ပိုင် PBL ခေါင်းစဉ်များကို ရေးဆွဲရန် ကူညီပေးနိုင်သည်။

ကလေးငယ်များသည် ပုံမှန်အားဖြင့် ကျောင်းတွင် ကောင်းမွန်စွာ လုပ်ဆောင်ပြရန် စိတ်ဓာတ်တက်ကြွကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် လောကကြီးအကြောင်းကို သင်ယူလိုသည့် ပင်ကိုစိတ်ဆန္ဒရှိပြီး ၎င်းတို့သည် စာရေးတတ်၊ ဖတ်တတ်ချင်ပြီး ကိန်းဂဏန်းများကို အသုံးပြုချင်သောကြောင့် ဖြစ်ပါသည်။ ၎င်းတို့သည် ဆရာများ၏ အကြိုက်ကိုလည်း ဆောင်လိုကြသည်။ အထူးသဖြင့် မူလတန်းအဆင့်များ၏သင်ကြားရေးနည်းလမ်းများသည် ပျော်ရွှင်ဖွယ်ကောင်း၍ ဆော့ကစားရခြင်းများ ပါဝင်နေသေးသည်။ သို့သော် ကလေးငယ်များသည် လုပ်ငန်းပေးစာရွက်များ၊ လေ့ကျင့်ခန်းများ (သို့မဟုတ်) အခြားသော ခေါက်ရိုးကျိုးနေပြီဖြစ်သည့် ပညာပေးနည်းများကဲ့သို့သော ချဉ်းကပ်နည်းများကို သုံးဖန်များလာပါက စိတ်ကုန်လာနိုင်ပါသည်။

ကျောင်းသားအများစုသည် အလယ်တန်းကျောင်းနှင့် အထူးသဖြင့် အထက်တန်းကျောင်းသို့ ရောက်သောအခါ အချိန်အများစုတွင် ကျောင်း၌ပါဝင်ပတ်သက်လှုပ်ရှားခြင်း မရှိတော့ကြောင်း ပြောကြသည်။ အချို့သော ကျောင်းသားများသည် အဆင့်ကောင်းကောင်းရလိုခြင်းနှင့် မိမိတို့၏ မိဘများကို စိတ်ကျေနပ်စေလိုခြင်းတို့ကြောင့် စိတ်ဓာတ်တက်ကြွခြင်းရှိနိုင်သေးသော်လည်း

အများစုမှာမူ မိမိတို့၏ ဆရာများက ပြောကြားသည်များကိုနားထောင်ခြင်း၊ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊ အိမ်စာများလုပ်ခြင်းနှင့် စာမေးပွဲအတွက် စာလေ့လာခြင်းတို့ကို ရေလိုက်ငါးလိုက်သဘောမျိုးဖြင့်သာ လုပ်ကြတော့သည်။ စံပြကျောင်းသားများပင်လျှင် ၎င်းတို့သည် ကျောင်း၌ မည်သည်တို့ကိုလုပ်ဆောင်ရမည်ကို သိသော်လည်း ၎င်းတို့၏ လုပ်ငန်းတာဝန်များတွင် ယေဘုယျအားဖြင့် စိတ်ဝင်စားမှုရှိပြီး အဓိပ္ပာယ်ရှိသည်ဟု မခံစားရတော့ကြောင်း ပြောဆိုဝန်ခံကြသည်။ တိုတိုနှင့်လိုရင်းကိုပြောရမည်ဆိုလျှင် ကျောင်းသားများသည် ပြင်ပမှအကြောင်းရင်းများကြောင့်သာ သင်ယူလိုစိတ်ရှိခြင်းဖြစ်ပြီး အမှန်အကန်သိရန်လိုသောကြောင့် သင်ယူလိုခြင်းမဟုတ်ပေ။ ထိုပြင်ပမှ အကြောင်းရင်းများသည် စီမံချက်အခြေပြုသင်ယူခြင်း၏ စိတ်အားတက်ကြွစေသော သက်ရောက်မှု၏သော့ချက်များဖြစ်ပါသည်။

ဆရာများသည် PBL နှင့် စုံစမ်းမေးမြန်းမှုအခြေပြုသော လုပ်ငန်းအသေးစားများအား မည်သို့အသုံးပြုရန် စဉ်းစားရင်းတပြိုင်နက် ကျောင်းသားများ၏ သင်ယူမှုအတွက် မည်သည့်အရာများသည် အဓိပ္ပာယ် ရှိ၊ မရှိကို သိနိုင်ရန် မိမိတို့၏ ပညာရှင်ဆန်သော ဆုံးဖြတ်နိုင်စွမ်းကို အသုံးပြုရမည်။ ထိုနှစ်မျိုးလုံးသည် ကျောင်းသားများ ပါဝင်ပတ်သက်သောလှုပ်ရှားခြင်းကို တိုးမြှင့်နိုင်ပြီး ပို၍နက်ရှိုင်းသော သင်ယူမှုကို အကဲဖြတ်ရန်အတွက် အသုံးပြုနိုင်ပါသည်။ PBL ကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ဆရာများသည် ကျောင်းသားများအား စံနှုန်းမီအောင် ကူညီနိုင်သည်သာမက မိမိတို့၏ ညွှန်ကြားချက်များကိုလည်း များစွာတိုးတက်စေပြီး ကျောင်းအား ပညာသင်ကြားရန်အတွက် ပို၍အဓိပ္ပာယ်ရှိသော နေရာဖြစ်အောင် လုပ်ဆောင်နိုင်ပါသည်။

### သင်ယူမှုလုပ်ငန်း (၂)။ ဂရပ်ဖစ်ပုံများအသုံးပြု သင်ယူခြင်း၊ "ကျွန်ုပ်တို့၏စီမံချက်" စီမံချက်အခြေပြု သင်ယူမှုနည်းဗျူဟာများအား အသုံးပြုခြင်း

၁။ ဂရပ်ဖစ်ပုံများ (ဗင်ပုံ၊ တီပုံစံဇယားကွက် စသည်ဖြင့်) အသုံးပြုပြီး စီမံချက်အခြေပြု သင်ယူမှုချဉ်းကပ်နည်းအား အသုံးပြုလေ့ရှိသည့် သမားရိုးကျ သင်ကြားရေးနည်းဗျူဟာများနှင့် နှိုင်းယှဉ်ပါ။

၂။ ကျောင်းသား ငါးယောက်မှ ခြောက်ယောက်ပါသော အုပ်စုတစ်စုဖြင့် အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

(က) ကျောင်းသားများအတွက် အလယ်တန်းကျောင်း စာသင်ခန်းများတွင် PBL အသုံးပြုခြင်း၏ အခက်အခဲများ၊ အကျိုးကျေးဇူးများနှင့် အခွင့်အရေးများမှာ မည်သည်တို့ ဖြစ်သနည်း။

(ခ) ဆရာများအတွက် အလယ်တန်းကျောင်း စာသင်ခန်းများတွင် PBL အသုံးပြုခြင်း၏ အခက်အခဲများ၊ အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများမှာ မည်သည်တို့ ဖြစ်သနည်း။

၃။ အုပ်စုလိုက် ဤမေးခွန်းများကို စဉ်းစားပြီးပါက ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် အသုံးပြုရန် သင်၏ ကိုယ်ပိုင် PBL (သို့မဟုတ်) "ကျွန်ုပ်တို့၏ စီမံချက်" အား ဒီဇိုင်းဆွဲပြီး ကားချပ်ကြီးတစ်ခုပေါ်တွင် ဖော်ပြပါ။

၄။ သင်၏ စိတ်ကူးအကြံဉာဏ်အား အတန်းတွင် တင်ပြပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ယူမည့် ကျောင်းသားများအား ကျွန်ုပ်တို့ မည်သို့ ပံ့ပိုးကူညီနိုင်မည်နည်း။

၂။ စီမံချက်အခြေပြု သင်ယူမှု၏ ဝိသေသလက္ခဏာများမှာ မည်သည်တို့ ဖြစ်သနည်း။

၃။ စီမံချက်အခြေပြု သင်ယူမှု၏ အကျိုးကျေးဇူးများမှာ မည်သည်တို့ ဖြစ်သနည်း။

# အခန်းဆုံး အနှစ်ချုပ်

## အဓိကအချက်များ

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား နေရာဒေသတစ်ခုစီ၏ ကွဲပြားသော ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးစုများ၊ ယဉ်ကျေးမှုများ၊ သမိုင်းနှင့် ရိုးရာများ၊ ဘာသာစကားများနှင့် ဝင်ငွေရရှိသည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်နိုင်ရန်အတွက် မိတ်ဆက်ပေးခြင်း ဖြစ်သည်။
- ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများ၊ စိုက်ပျိုးရေး၊ သက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ အိမ်တွင်း စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့အပါအဝင် ခေါင်းစဉ်အမျိုးမျိုး ပါဝင်ပါသည်။
- သင်ယူသူဗဟိုပြု၊ တတ်ကျွမ်းမှု အခြေပြုနှင့် ကျောင်းသားအားလုံး ပါဝင်မှုရှိသော သင်ယူမှုဆိုင်ရာ နည်းလမ်းများတွင် နည်းဗျူဟာများဖြင့် ထိတွေ့စေသည့် ရှုထောင့်မှနေ၍ လိုလားသောအနာဂတ်အား ဖော်ဆောင်နိုင်ရန်အတွက် ယနေ့ ခေတ်ကာလ၏ ရှုပ်ထွေးပြီး ကျယ်ပြန့်သော အခြေအနေတို့အပေါ် စဉ်းစားခြင်း ပါဝင်ပါသည်။ ဤသင်နည်းဗေဒ ချဉ်းကပ်နည်းသည် အပြန်အလှန်ဆွေးနွေးမှုကို လက်ခံသော သင်ကြားနည်းမျိုးသာဖြစ်၍ ပြန်လည်သုံးသပ် အဖြေရှာခြင်းမျိုးကိုလည်း အားပေးရမည်ဖြစ်ပြီး ကျောင်းသားများအား ၂၁ ရာစု ကျွမ်းကျင်မှုများကိုပေးကာ ဤကျွမ်းကျင်မှုများအား ၎င်းတို့၏နေ့စဉ်ဘဝတွင် အသုံးချနိုင်စေသည်။
- ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်သည် ကျောင်းသားများအား အိမ်၌ဖြစ်တတ်သော အကြောင်းအရာများကို မိတ်ဆက်ပေးပြီး ၎င်းအားကျောင်းတွင် လက်တွေ့လုပ်ဆောင်စေသော ရောယှက်သင်ယူခြင်း အမျိုးအစားတစ်ခုဖြစ်သည်။ ယင်းသည် အကြောင်းအရာအသစ်များအား ကျောင်းတွင် မိတ်ဆက်သင်ကြားပေးပြီး ကျောင်းသားတစ်ဦးချင်းစီအား အိမ်၌ လုပ်ဆောင်ရမည့် အိမ်စာများနှင့် စီမံချက်များအား တာဝန်ပေးခြင်းကဲ့သို့သော လုပ်ရိုးလုပ်စဉ်၏ ပြောင်းပြန်ဖြစ်ပါသည်။
- စီမံချက်အခြေပြုသင်ယူမှု (PBL) သည် ကျောင်းသားများမှ လက်တွေ့လောကနှင့် ကိုယ်တိုင် ပါဝင်လုပ်ဆောင်ရသည့် အဓိပ္ပာယ်ရှိသော စီမံချက်များတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်စေသည့် သင်ကြားရေးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ PBL သည် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ပို့ချရန် သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းများထဲမှ တစ်ခုဖြစ်ပါသည်။

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ပညာရေးပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဘယ်ကြောင့် သင်ကြားရပါသနည်း။

၂။ ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ်တွင် သင်ကြားမည့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် မည်သည့်ခေါင်းစဉ်များ ပါဝင်ပါသနည်း။

၃။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား သင်ယူလေ့လာခြင်းဖြင့် ဒေသခံကျောင်းသားများသည် မည်သည်တို့ကို ရရှိသွားမည်ဟု ထင်ပါသနည်း။

၄။ ဒုတိယစာသင်နှစ်အတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ်ခေါင်းစဉ်တစ်ခုအား ရွေးချယ်ပြီး ထိုခေါင်းစဉ်ကို အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းနှင့် မည်သို့ ပေါင်းစည်းနိုင်မည်ကို ကြည့်ပါ။ ၎င်းအား ဘာသာရပ်စုံ အပြန်အလှန်ချိတ်ဆက်သင်ကြားခြင်း၊ ဘာသာရပ်ကြား အပြန်အလှန်ချိတ်ဆက်သင်ကြားခြင်းနှင့် ဘာသာရပ်အလိုက် သင်ကြားနည်းစနစ်များထဲမှ မည်သည်ကိုသုံး၍ ပေါင်းစည်းသင့်သနည်း။ အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းထဲမှ မည်သည့်ဘာသာရပ်သည် ဤဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ခေါင်းစဉ်နှင့် ပေါင်းစည်းရန် ဆက်စပ်မှုရှိသနည်း။

၅။ အလယ်တန်းကျောင်း စာသင်ခန်းများတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား သင်ကြားရန်အတွက် စီမံချက်အခြေပြု သင်ယူမှု၏ ဥပမာအချို့မှာ မည်သည်တို့ဖြစ်မည်နည်း။

၆။ အလယ်တန်းကျောင်း စာသင်ခန်းများတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားရာတွင် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်နှင့် PBL နည်းလမ်းများ၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

၇။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ကြား၊ သင်ယူရန်အတွက် အလယ်တန်းကျောင်းဆရာများနှင့် ကျောင်းသားများအား မည်သည့်ပံ့ပိုးမှုများ ပေးသင့်သနည်း။

# ဆက်လက်ဖတ်မှတ်စရာများ

**၁.၁။**

Chunrasaksakun, C., Sanrattana, U., Tungkasamit, A., & Srisawat, N. (2015). Developing local curriculum framework on water resource and disaster course for enhancing students' learning achievements in the basic educational system. *Educational Research and Reviews*, 10, 2216-2225.

Evans, W., & Savage, J. (2015). *Developing a local curriculum: Using your locality to inspire teaching and learning*. Abingdon, England: Routledge.

Haddad, C. (2007). *Mother tongue-based literacy programmes: Case studies of good practice in Asia.* Bangkok, Thailand: United Nations Educational, Scientific and Cultural Organization-Asia and Pacific Regional Bureau for Education.

Kajornsin, B., Potisook, P., Ekwarangkoon, P., & Lapanachokdee, W. (2004, November). *Local-based curriculum development: A case study of Watsamankit Elementary School, Thailand.* Paper presented at the Australian Association for Research in Education Conference, Melbourne, Australia.

Ministry of Education. (2017). Local Curriculum Syllabus guidelines.

Ministry of Education. (2019). Education College Year 1 Local Curriculum Syllabus.

Ministry of Education. (n.d.). *Myanmar National Curriculum Framework (5th version)*. Retrieved from https://www.lextutor.ca/myanmar/curriculum_framework_v5.pdf

South, A., & Lall, M. (2016). *Schooling and conflict: Ethnic education and mother tongue-based teaching in Myanmar*. Retrieved from https://asiafoundation.org/

Te Kete Ipurangi. (n.d.). *Strengthening local curriculum*. Retrieved from https://www.tki.org.nz/

Thein Lwin. (2007). *Education and democracy in Burma: Decentralization and classroom-level education reform*. Retrieved from https://www.rwctic.org/

Thein Lwin. (2017). Local Curriculum Implementation Guide, February 2017 Annex. *In Language, identities and education: In relation to Burma/Myanmar.*

Thein Naing. (2015). *[Educated nation (Pyinnar Naing Ngan Daw), a collection of education articles].* Yangon, Myanmar: Wisdom House Publication.

Thein Naing. (2016). *[Education in a federal democracy].* Yangon, Myanmar: Myanmar Knowledge Society.

United Nations Educational, Scientific and Cultural Organization-International Bureau of Education. (n.d.). *Module 4: System management and governance.* Retrieved from http://www.ibe.unesco.org/fileadmin/user_upload/COPs/Pages_documents/Resource_Packs/TTCD/sitemap/Module_4/Module_4_2_concept.html

၁.၂။

Gilbert, R., & Hoepper, B. (Eds.). (2016). *Teaching humanities and social sciences: History, geography, economics & citizenship in the Australian curriculum* (6th ed.). Victoria, Australia: Cengage Learning Australia.

Kivunja, C. (2015). *Teaching, learning & assessment: Steps towards creative practice.* Melbourne, Australia: Oxford University Press.

Larmer, J., Mergendoller, J. R., & Boss, S. (2015). *Setting the standard for project based learning: A proven approach to rigorous classroom instruction.* Alexandria, VA: ASCD.

Reynolds, R. (2014). *Teaching humanities and social sciences in the primary school.* Melbourne, Australia: Oxford University Press.

Stabback, P. (2016). *What makes a quality curriculum?* Retrieved from https://unesdoc.unesco.org/home

Whitton, D., Barker, K., Humphries, J., Nosworthy, M., & Sinclair, C. (2010). *Learning for teaching: Teaching for learning* (2nd ed.). Melbourne, Australia: Cengage Learning Australia.

# အခန်း ၂

# တိုင်းရင်းသား ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့်ဒေသတွင်းစီးပွားရေးများ

ဤအခန်းတွင် ဒေသတွင်း တိုင်းရင်းသားယဉ်ကျေးမှု၊ ကျော်ကြားသောနေရာများ၊ တိုင်းဒေသအလိုက် (သို့မဟုတ်) သမိုင်းကြောင်းအရအထင်ကရနေရာနှင့်ပတ်သက်သည့်အကြောင်းအရာများကို မိတ်ဆက်ပေးထားပါသည်။ မြန်မာနိုင်ငံရှိ ကွဲပြားစုံလင်သောတိုင်းရင်းသားမျိုးနွယ်စုများနှင့် ယဉ်ကျေးမှုများ၊ ဒေသတွင်းအဝတ်အစားများနှင့် ရိုးရာအဝတ်အစားများ၊ ပွဲတော်များအကြောင်းကို သိနားလည်ပြီး တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်တတ်ရန် ဖော်ထုတ်လေ့လာသွားမည်ဖြစ်သည်။ ဤအခန်းသင်ကြားသွားပြီးချိန်၌ တိုင်းရင်းသား ကွဲပြားစုံလင်မှုအား အသိအမှတ်ပြုမှုအပေါ် ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။ အာဆီယံဒေသကြီးအတွင်းနှင့် မြန်မာနိုင်ငံ တိုင်းဒေသကြီး/ ပြည်နယ် အနှံ့အပြားရှိ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီးပွားရေးများ၊ ဒေသတွင်းစီးပွားရေးများ၊ ဒေသတွင်းထုတ်ကုန်များ အကြောင်းကို ထုတ်ကုန်များ၊ တစ်မြို့နယ် ထုတ်ကုန်တစ်မျိုး (OTOP)၊ တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) အစီအစဉ်များကို လေ့လာသင်ကြားခြင်းမှတစ်ဆင့် အာဆီယံဒေသကြီးအတွင်းနှင့် နိုင်ငံတွင်းရှိ စီးပွားရေးစနစ်များ အကြောင်းကို လေ့လာသင်ယူရမည်ဖြစ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေးသဘောထားခံယူချက် (Sufficiency Economy Philosophy) အကြောင်းကို ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ လေ့လာသင်ယူရမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -

- မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်နေရာများကို ဖော်ထုတ်ပြသတတ်မည်။
- မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ သမိုင်းဝင် အထင်ကရ နေရာများကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ ကွဲပြားစုံလင်သော ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များအကြောင်းကို ဖော်ထုတ်လေ့လာတတ်မည်။
- ကွဲပြားစုံလင်သော ဒေသအလိုက်၊ ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ရှင်းရှင်းလင်းလင်း ပြောဆိုတတ်မည်။
- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ဒေသတွင်းထုတ်ကုန်များကို ဖော်ထုတ်ပြသတတ်မည်။
- နိုင်ငံတွင်းနှင့် ဒေသတွင်း စီးပွားရေးစနစ်များ၏ အသွင်အပြင်များနှင့် ယင်းစနစ်များ၏ ဒေသတွင်းအုပ်ချုပ်ရေး နိုင်ငံတော်၊ အာဆီယံဒေသကြီးတို့၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကို အကဲဖြတ်တတ်မည်။
- အာဆီယံအသိုက်အဝန်းအတွင်း တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) လှုပ်ရှားမှုနှင့် မြန်မာနိုင်ငံ၏ တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) စနစ် ဖွံ့ဖြိုးတိုးတက်မှုကို ချဉ်းကပ်လုပ်ဆောင်မှုတို့ကို ဖော်ပြတတ်မည်။
- နိုင်ငံနှင့် အာဆီယံဒေသကြီးတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတွင်း စီးပွားရေး၊ ဒေသတွင်းထုတ်ကုန်များ၊ ဒေသတွင်း စီးပွားရေးစနစ်တို့ကို အသိအမှတ်ပြု၊ တန်ဖိုးထားတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းလုပ်ငန်းများတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း အပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။

(ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုနားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင် ပေးနိုင်စွမ်းရှိကြောင်းပြသသည်။

## အဓိက အသုံးအနှုန်းများ

သမိုင်းဝင် နေရာများ

သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်များ

အထင်ကရနေရာများ

ဝတ်စုံ

ထိန်းသိမ်းစောင့်ရှောက်ရေး

တိုင်းရင်းသားလူမျိုးစုပိုင်းဆိုင်ရာ ကွဲပြားစုံလင်မှုများ

ဒေသထွက် ထွက်ကုန်

တစ်မြို့နယ် ထုတ်ကုန်တစ်မျိုး(OTOP) တစ်ရွာ ထုတ်ကုန်တစ်မျိုး(OVOP)

ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု(LED)

တစ်သီးတစ်သန့်ရပ်တည်နိုင်သည့် စီးပွားရေး သဘောထားခံယူချက်(SEP)

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(SME)

# ၂.၁။ တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများ နှင့် ဒေသတွင်း စီးပွားရေးများအကြောင်း သင်ယူခြင်းမိတ်ဆက်

ဤအခန်းငယ်သည် ကျောင်းသားများအား မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အမျိုးမျိုးနှင့် သမိုင်းဝင်အထင်ကရနေရာများ၊ ရိုးရာအဝတ်အထည်များနှင့် ပွဲတော်များအကြောင်းကို ထဲထဲဝင်ဝင် သိရှိကျွမ်းဝင်သွားစေရန်နှင့် ယဉ်ကျေးမှုပိုင်းနှင့် သမိုင်းကြောင်းအရ ထင်ရှားသောနေရာများနှင့် ပွဲတော်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းရန် ရင်းမြစ်အမျိုးမျိုးကို အသုံးပြုခြင်းတို့ကို အဓိကအားပေးလှုံ့ဆော်ပေးပါသည်။ ထိုသို့သိရှိခြင်းအားဖြင့် သင်သည် သမိုင်းဝင်နေရာများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် သမိုင်းဝင်ထိန်းသိမ်းစောင့်ရှောက်မှု၏ အရေးကြီးပုံကို ဝေဖန်ဆွေးနွေးတတ်လာပါမည်။

## ၂.၁.၁ | ဒေသယဉ်ကျေးမှုမိတ်ဆက် - တိုင်းဒေသကြီး/သမိုင်းဝင် အထင်ကရနေရာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်နေရာများကို ဖော်ထုတ်ပြသတတ်မည်။
- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ သမိုင်းဝင် အထင်ကရ နေရာများကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ဆွေးနွေး တတ်မည်။

## ကမ္ဘာ့အမွေအနှစ်နေရာများ

ကမ္ဘာ့အမွေအနှစ်နေရာများသည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ကော်မတီမှ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင် အသိအမှတ်ပြုမှတ်တမ်းတင်ထားသော "ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်" ရှိသည့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ (သို့မဟုတ်)သဘာဝအလျောက်ဖြစ်ပေါ်သည့် နေရာများ ဖြစ်သည်။ ထိုအထင်ကရနေရာများ (သို့မဟုတ်) အဆောက်အအုံများသည် နိုင်ငံတစ်နိုင်ငံအတွင်းရှိ ပြည်သူများအတွက် တစ်မူထူးခြားသောအမှတ်အသားရှိပြီး ကမ္ဘာ့အမွေအနှစ်၏ အကောင်းဆုံးသာဓကများအဖြစ် ကိုယ်စားပြုသည်။ အဆိုပါ တည်နေရာများသည် တစ်နိုင်ငံလုံးအတိုင်းအတာ ထင်ရှားမှုထက်ပင် ကျော်လွန်နေပြီး အနာဂတ်ရှိ လူများအတွက်လည်း ထင်ရှားသည့်အထိမ်းအမှတ် အမှတ်အသားဖြစ်နေပါမည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပြဋ္ဌာန်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်သည့်တာဝန်ဝတ္တရားများပါ တစ်ပါတည်းပါလာသည့် ဆုတစ်ခုဖြစ်သည်။ အချို့နေရာများသည် လာရောက်လည်ပတ်သူများကို နှစ်ပေါင်းရာချီ၍ ဆွဲဆောင်ထားနိုင်ပါသည်။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များ တည်ရှိသည့် နေရာဆိုသည်မှာ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ - ယူနက်စကို (United Nations Educational, Scientific and Cultural Organization - UNESCO) က ရွေးချယ်ခံထားရသော ယဉ်ကျေးမှုဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျဆိုင်ရာ (သို့မဟုတ်) အခြားထင်ရှားသည့် အမှတ်အသားများရှိသည့် အထင်ကရနေရာ (သို့မဟုတ်) နယ်မြေတစ်ခုဖြစ်ပြီး ၎င်းကို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်စာချုပ်များဖြင့် တရားဝင် ထိန်းသိမ်းကာကွယ်ထားရာ နေရာများ ဖြစ်ပါသည်။ အဆိုပါ တည်နေရာများကို လူသားမျိုးနွယ်စု၏ အများပိုင်စိတ်ဝင်စားဖွယ်နေရာအဖြစ် အရေးကြီးမှု ရှိ/မရှိကို ယူနက်စကိုက ဆုံးဖြတ်ပါသည်။[၁၆] ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်များ တည်ရှိသည့် နေရာများသည် လူသားအားလုံးနှင့် သက်ဆိုင်ပါသည်။ ယူနက်စကိုထံမှ အတည်ပြုချက်လက်မှတ်ရရှိထားသော အဆိုပါနေရာများသည် မိမိတို့နိုင်ငံအတွက် ဂုဏ်သတင်းမွေးမှု၊ ကမ္ဘာလှည့်ခရီးသည်များနှင့် ဝင်ငွေရရှိမှု၊ လူထု အသိအမှတ်ပြုမှုတို့အပြင် အရေးအပါဆုံးအချက်ဖြစ်သည့် အစားထိုးမရနိုင်သည်များကို ထိန်းသိမ်းပေးရန် အတည်ပြုချက်များ တစ်ပါတည်းပါဝင်လာသောကြောင့် နိုင်ငံအများစုသည် ၎င်းတို့၏ အမျိုးသားရေးရာ တည်နေရာများ၊အဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင်နေရာများနှင့် သမိုင်းဝင်အဆောက်အအုံ အအိုအဟောင်းများကို ထိုစာရင်းဝင်အဖြစ် အတည်ပြုချက်ရယူနိုင်ရန် သူ့ထက်ငါ အလောတကြီး ကြိုးပမ်းဆောင်ရွက်ကြသည်။

[၁၆] UNESCE World Heritage: www.whc.unesco.org/

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ရေးဟောင်းအမွေအနှစ်တည်နေရာများကို အဆိုပြုတင်သွင်းရေး လုပ်ငန်းစဉ်အတွက် တာဝန်ယူထားသည်။ ဆရာများနှင့် ကျောင်းသားများအပါအဝင် ဒေသတွင်းရှိ ပြည်သူများသည် ဒေသတွင်းတည်နေရာများကို အဆိုပြုတင်သွင်းခံရရေးအတွက် ၎င်းတို့၏ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို အကူအညီတောင်းခံနိုင်သည်။ ဒေသတွင်းရှိ ပြည်သူများသည် အကြံပြုချက်များနှင့် အကူအညီများ ရရှိရေးအတွက် ရန်ကုန်ရှိ ယူနက်စကိုရုံးသို့လည်း ဆက်သွယ်နိုင်ပါသည်။

## မြန်မာနိုင်ငံတွင်း အမွေအနှစ်များရှိရာ နေရာများ[၁၇]

မြန်မာနိုင်ငံသည် မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် လူမျိုးစုများနေထိုင်ရာ နိုင်ငံဖြစ်ပြီး လူမျိုးစုပေါင်း (၁၃၅) မျိုးခန့်နေထိုင်ကြပြီး လူမျိုးစုတစ်စုချင်းစီတွင် ကိုယ်ပိုင်ဘာသာစကားများ ရှိကြသည်။ နိုင်ငံ၏ အကျော်ကြားဆုံးသော သမိုင်းဝင်သောနေရာနှင့် ရှေးဟောင်းသုတေသနနေရာများသည် ပြည်သူလူထုအတွက် ဘာသာရေးဆိုင်ရာအရေးပါမှု ရှိပါသည်။ ထို့အတူပင် မြန်မာနိုင်ငံ၌ တမူထူးခြားပြီး တန်ဖိုးကြီးမားသော ပထဝီဝင်ဆိုင်ရာ ထူးခြားသည့် အသွင်အပြင်မျိုးစုံလည်းရှိပါသည်။

## မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ်နေရာများ

၂၀၂၀ ခုနှစ် ဇူလိုင်လအထိ မြန်မာနိုင်ငံအတွင်း၌ ကမ္ဘာ့အမွေအနှစ်နေရာများအဖြစ် ဖော်ပြခံထားရသည့် နေရာနှစ်ခုရှိပြီး ယင်းတို့မှာ ပုဂံ (၂၀၁၉ ခုနှစ်) နှင့် ပျူမြို့ဟောင်းများ (၂၀၁၄ ခုနှစ်) တို့ ဖြစ်ပါသည်။

ပုဂံ



ပျူမြို့ဟောင်းများ



**ပုံ ၂.၁။ မြန်မာနိုင်ငံအတွင်းရှိ တရားဝင် ကမ္ဘာ့ရေးဟောင်းအမွေအနှစ်နေရာများ**

၁၇ UNESCO Myanmar World Heritage Sites: https://whc.unesco.org/en/statesparties/mm

**ပုဂံ**သည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် တည်နေရာတစ်ခုအဖြစ် ၂၀၁၉ ခုနှစ်မှ စတင်၍ သတ်မှတ်ခံထားရပြီးဖြစ်သည်။ ယင်း၌ ၉ ရာစုမှ ၁၁ ရာစုအတွင်း တည်ဆောက်ထားခဲ့သော ဘုရားကျောင်းကန်ပေါင်း ၂၀၀၀ ရှိပါသည်။ အဆောက်အအုံ အအိုအဟောင်း အပျက်အစီးများ ဖုံးလွှမ်းထားသော ခန့်မှန်းခြေ ဧရိယာမှာ ၄၁ ကီလိုမီတာခန့် ရှိသည်။ အဆိုပါအထိမ်းအမှတ် အဆောက်အအုံများကို အများအားဖြင့် အုတ်နှင့်သရွတ်နံများဖြင့် ဆောက်လုပ်ထားကြသည်။ မြို့ရိုးနှင့် သရပါတံခါးအပါအဝင် လောကီဆိုင်ရာ ဗိသုကာလက်ရာ နမူနာအချို့ကျန်ရှိသည်။ ပုဂံ ရှေးဟောင်းသုတေသနဇုန်သည် နိုင်ငံ၏အရှိန်ရစ စီးပွားရေးတစ်ခုဖြစ်သည့် နိုင်ငံခြား ခရီးသွားလုပ်ငန်းအတွက် အဓိကဆွဲဆောင်မှုဖြစ်သည်။[၁၈]

**ပျူမြို့ဟောင်းများ**တွင် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်တွင်တည်ရှိသော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့ကို အုတ်တံတိုင်း၊ မြို့ရိုး၊ မုခ်ဦးတို့ဖြင့် တည်ဆောက်ထားသည့် မြို့ဟောင်းအကြွင်းအကျန်များ ပါဝင်သည်။ ၎င်းတို့သည် ဘီစီ (၂၀၀) နှင့် အေဒီ (၉၀၀) အကြား နှစ်ပေါင်း ၁၀၀၀ ကျော် ရှင်သန်တိုးတက်ခဲ့သော ပျူနိုင်ငံများကို ထင်ဟပ်ပြသလျက် ရှိသည်။ မြို့သုံးမြို့သည် တစ်ပိုင်းတစ်စ တူးဖော်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ကြွင်းကျန်ရစ်သော အဆောက်အအုံများတွင် အဆင့်မြင့်သော ဗိသုကာလက်ရာများ၏ အခြေခံအရာများဖြစ်သည့် နန်းတော်ရာများ၊ သင်္ချိုင်းမြေများနှင့် ပစ္စည်းထုတ်လုပ်ရေးနေရာများအပြင် ဗုဒ္ဓစေတီတော်များ၊ တစ်စိတ်တစ်ပိုင်းသာကျန်ရှိသော နံရံများနှင့် စိုက်ပျိုးရေးကို အားကောင်းစေသော အင်္ဂတေမြှုပ်ခံထားသည့် ရေပေးဝေရေးအင်္ဂါရပ်များ(အချို့မှာအသုံးပြု၍ရဆဲ)တို့ပါဝင်ပါသည်။ ပျူမြို့ဟောင်းများကို ၂၀၁၄ ခုနှစ်မှ စတင်၍ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့ပါသည်။

## မြန်မာနိုင်ငံအတွင်း ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် လျာထားသောနေရာများ

၂၀၂၀ ခုနှစ် ဇူလိုင်လအထိ မြန်မာနိုင်ငံအတွင်း၌ ဆန်ခါတင်အဖြစ် သတ်မှတ်ခံရရန်အတွက် စာရင်းတင်သွင်းရန် နိုင်ငံတော် အစိုးရအဖွဲ့တစ်ဖွဲ့ချင်းစီက လျာထားသော နေရာ ၁၅ နေရာ ရှိပါသည်။ ယင်းတို့အနက်မှ ၈ နေရာကို ဤနေရာတွင် အက္ခရာအစဉ်အတိုင်း ဖော်ပြသွားမည် ဖြစ်သည်။

[၁၈] "Business: The Promise – and the pitfalls". The Economics 25 May 2013

## အထက်မြန်မာပြည်ရှိ ရှေးဟောင်းမြို့များ - အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး

**စစ်ကိုင်း** သည် ၁၉၉၆ ခုနှစ်မှစတင်၍ ယူနက်စကို (UNESCO) ၏ လျာထား ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်များအနက်မှ တစ်ခုအဖြစ် ထည့်သွင်းခံထားရပါသည်။ အဆိုပါမြို့များသည် ယခင်ခေတ် မြန်မာဘုရင်များ မြို့တည်နန်းစံရာ နေရာများဖြစ်ကြပြီး ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်များ၊ ဘုရားကျောင်းကန်များ၊ စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများတွင် ပါဝင်လှူဒါန်းမှုများနှင့်တကွ ၎င်းတို့၏ အာဏာအခြေအနေကို ထင်ဟပ်ပြသနေပါသည်။ သာဓကအားဖြင့် အမရပူရအနီးရှိ ဦးပိန်တံတားမှာ နိုင်ငံအတွင်း၌ အရှည်ဆုံးနှင့် သက်တမ်း အရင့်ဆုံး သစ်သားတံတားဖြစ်သည်။ ၁၈၅၀ခုနှစ်တွင် နန်းတော်ရာဟောင်းမှ ကျွန်းသစ်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားမှာ အရှည်အားဖြင့် ၁.၂ ကီလိုမီတာ ရှည်လျားပါသည်။



**ပုံ ၂.၂။ ဦးပိန်တံတား**

**ပြဒါးလင်းဂူနှင့် ဆက်စပ်ဂူများ (ဗဒလင်း)** သည် ရှမ်းပြည်နယ် တောင်ကြီးမြို့အနီးတွင် တည်ရှိသော ရှေးဟောင်းသုတေသနဆိုင်ရာ အရေးပါသော ထုံးကျောက်ဂူနှစ်ခု ဖြစ်သည်။ ၎င်းတို့တွင် ကျောက်ခေတ်လယ်နှင့် ကျောက်ခေတ်နှောင်း အစောပိုင်းကာလများမှ ကျောက်ပန်းပုများနှင့် ပန်းချီကားများပါရှိသည်။ ဂူတစ်ခုမှာ အစောပိုင်းခေတ်ဦးကတည်းက စတင်၍ ကျက်စားနေထိုင်မှုများ ရှိခဲ့သည်။ နှစ်ပေါင်း (၁၃၀၀၀)သက်တမ်းရှိ ကျောက်မီးသွေး များကို အဆိုပါဂူတွင် တွေ့ရှိထားပါသည်။ အဆိုပါဂူများကို ၁၉၉၆ ခုနှစ်မှစ၍ ယူနက်စကို၏ လျာထား ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာအဖြစ် ထည့်သွင်းခံထားရပါသည်။



**ပုံ ၂.၃။ ပြဒါးလင်းဂူ**

**ခါကာဘိုရာဇီ တောင်တန်းဒေသ** သည် ကချင်ပြည်နယ်တွင် တည်ရှိသည့် တောတောင်ထူထပ်ပြီး သားရဲတိရစ္ဆာန်များ မှီတင်းနေထိုင်ရာဒေသလည်းဖြစ်သည်။ အဆိုပါတောင်တန်းဒေသတွင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီဘေးမဲ့တောနှင့် အရှေ့တောင်အာရှတွင် အမြင့်မားဆုံးတောင်ထွတ်ဖြစ်သည့် ခါကာဘိုရာဇီတောင်တို့ပါရှိပါသည်။ ခါကာဘိုရာဇီ တောင်တန်းဒေသသည် (၂၀၁၄) ခုနှစ်မှစ၍ ယူနက်စကို၏ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် လျာထားနေရာများမှ တစ်ခုအဖြစ် ထည့်သွင်းလျာထားခံထားရပါသည်။



**ပုံ ၂.၄။ ခါကာဘိုရာဇီတောင်**

**အင်းလေးကန်** သည် ရှမ်းပြည်နယ်တွင်တည်ရှိသော အကြီးမားဆုံး ရေချိုကန်တစ်ကန်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေအိုင်ကြီးတစ်ခုဖြစ်သည်။ အင်းလေးကန်ကို ရေဝပ်ဒေသဂေဟာစနစ်၊ စိုစွတ်မြေဂေဟာစနစ်၏ များပြားလှစွာသော ဇီဝမျိုးစုံမျိုးကွဲများကို အကာအကွယ်ပေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် တိရစ္ဆာန်ဘေးမဲ့ကန်အဖြစ် ၁၉၈၅ ခုနှစ်တွင် သတ်မှတ်ပေးခဲ့ပါသည်။ ဆောင်းခို ရေပျော်ငှက်များအတွက် အာရှ-ဩစတြေးလျ ပျံသန်းရာ လမ်းကြောင်းတစ်လျှောက်ရှိ အဓိကနားခိုရာ ဒေသဖြစ်သည်နှင့်အညီ အဆိုပါဒေသကို အရေးပါသည့်ငှက်မျိုးစိတ်နှင့် ဇီဝမျိုးကွဲနယ်မြေ (Important Bird and Biodiversity Area – IBA) အဖြစ် ၂၀၀၄ ခုနှစ်တွင် စတင်စာရင်းသွင်းခဲ့ပါသည်။ ၎င်းကန်သည် ၂၀၀၃ ခုနှစ်မှ စတင်၍ အာဆီယံအမွေအနှစ် ဥယျာဉ် (ASEAN Heritage Park) ဖြစ်လာခဲ့ပြီး ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ယူနက်စကို ဇီဝအဝန်းအဝိုင်း ထိန်းသိမ်းရေးနယ်မြေ (UNESCO Biosphere Reserve) အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ ယင်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးကြီးမှုအပြင် အင်းလေးကန်သည် ဖောင်တော်ဦးဘုရားပွဲတော်၊ ရွာမရေပေါ်ဈေး၊ ငါးဖယ်ကျောင်း(ကြောင်ခုန်ကျောင်း)၊ ရွှေအင်းတိန်ဘုရား၊ မိုင်းသောက်တံတား၊ စံကားမြို့ဟောင်း အစရှိသည်တို့ကြောင့်လည်း ယဉ်ကျေးမှုအရ ထင်ရှားကျော်ကြားပါသည်။ အင်းလေးကန်သည် များစွာသော တိုင်းရင်းသားလူမျိုးစု အုပ်စုအမျိုးမျိုးတို့၏ နေထိုင်ရာဒေသလည်း ဖြစ်သကဲ့သို့ အများစုမှာ 'ကိုင်း'ဟုခေါ်သော ရေပေါ်ခြံစိုက်ခြင်း၊ ကြာချည်ရက်ခြင်း၊ ပန်းပဲလုပ်ငန်း၊ သစ်ထွင်းခြင်း၊ ထီးလုပ်ငန်းများနှင့် ၎င်းကန်၏အမှတ်သင်္ကေတဖြစ်သည့် ခြေဖြင့်လှေလှော်ငါးဖမ်းခြင်း၊ ပို့ဆောင်ခြင်းအစရှိသည်တို့ကဲ့သော ရိုးရာအသက်မွေးမှုထုံးတမ်းများကို လိုက်နာကျင့်သုံးကြသည်။ အင်းလေးကန်ကို ၁၉၉၆ ခုနှစ်မှ စတင်၍ ယူနက်စကို ကမ္ဘာ့အမွေအနှစ် လျာထားနေရာတွင် ထည့်သွင်းလျာထားခဲ့ပါသည်။



**ပုံ ၂.၅။ အင်းလေးကန်**

**မွန်မြို့များ - ပဲခူးနှင့် ဟံသာဝတီ** တို့သည် ဧရာဝတီမြစ်ဝှမ်းနှင့် စစ်တောင်းမြစ်ဝှမ်းအကြား တည်ထားခဲ့သော ရှေးဟောင်းမြို့များဖြစ်ကြသည်။ အဆိုပါမြို့များတွင် ရှေးမွန်ဘုရင်မင်းဆက်၏ နန်းတော်တည်ရာနေရာတစ်ခုလည်း ပါရှိပါသည်။ မွန်မြို့များသည် ၁၉၉၆ ခုနှစ်မှစ၍ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် လျာထားနေရာများမှ တစ်ခုအဖြစ် ထည့်သွင်းသတ်မှတ် ခံထားရပါသည်။



**ပုံ ၂.၆။ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီရွှေနန်းတော်**

**မြောက်ဦး** မြို့သည် ၁၄၃၀ - ၁၇၈၅ ခုနှစ်အတွင်း ရခိုင်မင်းနေပြည်တော်၏ မြို့တော်တစ်ခု ဖြစ်ခဲ့သည်။ ၁၅ ရာစုမှ ၁၈ ရာစုအတွင်းကတည်းက စေတီ၊ ပုထိုးများသည် မြောက်ဦးမြို့နယ် မြေအတွင်းရှိနေပြီး လက်ရှိတွင် စေတီပေါင်း (၂၁၅) ဆူနှင့် ဘုန်းတော်ကြီး ကျောင်း (၇) ကျောင်းကို မြောက်ဦးရှေးဟောင်းမြို့တော်တွင် မှတ်တမ်းတင်နိုင်ခဲ့ပြီး အခြားလက်ရာများကို ဆက်လက် ဖော်ထုတ်ရန် ရှိနေသေးပါသည်။ ယင်းသည် ၁၉၉၆ ခုနှစ်မှစ၍ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် လျာထားနေရာများထဲမှ တစ်နေရာအဖြစ် ထည့်သွင်းသတ်မှတ်ခံထား ရပါသည်။



**ပုံ ၂.၇။ မြောက်ဦးမြို့ရှိ စေတီပုထိုးများ**

**မြိတ်ကျွန်းစု**သည် မြန်မာပြည်တောင်ဘက်စွန်းရှိ ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော ကျွန်းစုဖြစ်သည်။ အဆိုပါကျွန်းများကို မြေနိမ့်ပိုင်း အမြဲစိမ်း စိုစွတ်တောများဖြင့် ဖုံးလွှမ်းထားပြီး များပြားလှသော သန္တာကျောက်တန်းများ၊ လမုပင်များ၊ ဒီရေတောများဖြင့် ဝန်းရံထားသည်။ ယင်းကျွန်းစုဒေသတွင် ပင်လယ်လိပ်များနှင့် ငါးမန်းမျိုးစိတ်များ အပါအဝင် အခြားအရေးပါသည့် တောရိုင်းတိရစ္ဆာန်များစွာ နေထိုင်ကြသည်။ ယင်းဒေသသည် ဆလုံလူမျိုးစုများ၏ နေရပ်ဇာတိလည်းဖြစ်သည်။ မြိတ်ကျွန်းစုသည် ၂၀၁၄ ခုနှစ်မှစ၍ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် လျာထားနေရာများမှ တစ်နေရာအဖြစ် ထည့်သွင်းသတ်မှတ်ခံထားရပါသည်။



**ပုံ ၂.၈။ မြိတ်ကျွန်းစု**


**နတ်မတောင် အမျိုးသားဥယျာဉ်** သည် ချင်းပြည်နယ်တွင် တည်ရှိပါသည်။ ယင်းဥယျာဉ်ကို လေးမြို့မြစ်နှင့် မြစ်သားမြစ်တို့၏ အထက်ရေဝေဒေသများကို ကာကွယ်ရန်၊ အဆိုပါဒေသအတွင်း မှီတင်းနေထိုင်သည့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ၁၉၉၄ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ နတ်မတောင် အမျိုးသားဥယျာဉ်သည် ၂၀၁၄ ခုနှစ် မှစ၍ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် လျာထားနေရာများမှ တစ်နေရာအဖြစ် ထည့်သွင်း သတ်မှတ်ခံထားရပါသည်။



**ပုံ ၂.၉။ နတ်မတောင် အမျိုးသားဥယျာဉ်**

*ရင်းမြစ်* - Chin State Government

ထပ်ဆောင်းအားဖြင့် အောက်ပါပုံသည် မြန်မာနိုင်ငံအတွင်း ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် တရားဝင်သတ်မှတ်ထားသော နေရာများနှင့် လျာထားသတ်မှတ်ထားသည့် နေရာ များ၏တည်နေရာများကို ညွှန်ပြပေးသည့် မြေပုံဖြစ်ပါသည်။




**ပုံ ၂.၁၀။ မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ်နေရာများပြ မြေပုံ**

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း - မြန်မာနိုင်ငံအတွင်းရှိ ယူနက်စကိုအသိအမှတ်ပြု ယဉ်ကျေးမှုအမွေအနှစ်နေရာများ

၁။ အောက်ပါစာပိုဒ်မှာ မြန်မာတိုင်း(မ်)က ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ထုတ်ဝေခဲ့သော 'ပုဂံဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာအဖြစ် အမည်စာရင်းတင်သွင်း'[၁၉] ဆိုသည့် သတင်းဆောင်းပါးမှ ထုတ်နုတ်ထားခြင်းဖြစ်သည်။ သတင်းတစ်ပုဒ်လုံးကို ဤလင့်ခ်တွင် ဖတ်ရှုနိုင်ပါသည် - https://www.mmtimes.com/news/bagan-named-unesco-world-heritage-site.html

ပုဂံကို ရှေးဟောင်းမြို့တော်အဖြစ် ပထမဦးဆုံးအမည်စာရင်းတင်သွင်းပြီး နှစ်ပေါင်း ၂၅ နှစ်ခန့်ကြာပြီးနောက်တွင် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ်သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂယဉ်ကျေးမှုအဖွဲ့၏ အသိအမှတ်ပြုမှုသည် အနောက်နိုင်ငံများနှင့် အာရှဈေးကွက်များမှ ဝယ်လိုအားကိုမြှင့်တင်ရန် ကူညီနိုင်လိမ့်မည်ဟု ခရီးသွားလုပ်ငန်းက ဆိုသည်။ သို့သော် ထိန်းသိမ်းစောင့်ရှောက်ရေး ကတိကဝတ်များနှင့် ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးကို လိုက်နာခြင်းသည် ဒေသ၏အနာဂတ်အတွက် အရေးပါလိမ့်မည်။

"ပုဂံက ကမ္ဘာလှည့်ခရီးသည်တွေကြားမှာ ရေပန်းစားတဲ့နေရာတစ်ခုပဲ။ ဒီယူနက်စကိုရဲ့ ဂုဏ်ပုဒ်က နိုင်ငံခြားက လာရောက်လည်ပတ်သူတွေကို ထပ်ဆွဲဆောင်နိုင်မှာပါ။" ဟု မြန်မာနိုင်ငံ ခရီးသွားဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းလင်းက မှတ်ချက်ချသည်။

သို့သော် သမိုင်းပညာရှင်နှင့် ရန်ကုန်အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်မြင့်ဦးက ခရီးသွားလုပ်ငန်းသည် ပုဂံ၏အနာဂတ် အစိတ်အပိုင်းတစ်ခု ဖြစ်သင့်ကြောင်း အကြံပြုခဲ့သည်။ "ပုဂံက ရင်သပ်ရှုမောလောက်အောင် လှလွန်းတဲ့နေရာတစ်ခုဖြစ်ရုံမက၊ သမိုင်းဝင် အရေးပါတဲ့ နေရာတစ်ခုလည်းဖြစ်တယ်။ ယဉ်ကျေးမှုပေါင်းစုံစနစ်နဲ့ ပြင်ပကမ္ဘာကို ချိတ်ဆက်ဖွင့်လှစ်ပေးတဲ့ နေရာတစ်ခုဖြစ်တာကြောင့် အတုယူစရာတွေနဲ့ ဉာဏ်ကွန့်မြူးမှုတွေရနိုင်တဲ့ နေရာတစ်ခုလည်းဖြစ်ပါတယ်" ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောကြားခဲ့သည်။

[၁၉] Chau နှင့် ကျော်စိုးထက် ၂၀၁၉ ခုနှစ်

သင့်တင့်လျောက်ပတ်သော ထိန်းသိမ်းစောင့်ရှောက်မှုလိုအပ်ကြောင်းနှင့် ရှေးဟောင်းသုတေသနဇုန်မှ စီးပွားဖြစ်လုပ်ဆောင်မှုများကို ဖယ်ထုတ်ရန် လိုအပ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ “ဒါပေမယ့် ပုဂံကို သာမန်မြန်မာလူမျိုးတွေ အလွယ်တကူ လက်လှမ်းမီနိုင်ဖို့နဲ့ ကမ္ဘာလှည့်ခရီးသွားတွေရဲ့ ကစားကွင်းပဲ မဖြစ်လာတာ သေချာဖို့ အရေးကြီးတယ်။ ငွေရှင်တဲ့ ကမ္ဘာလှည့် ခရီးသွားတွေအတွက် မဟုတ်ဘဲ မြန်မာကျောင်းသားတွေနဲ့ ဘုရားဖူးတွေက စီမံချက်ရဲ့ ဗဟိုချက် ဖြစ်သင့်တယ်။”

စနေနေ့၌ အဇာဘိုင်ဂျန်၊ ဘာကူမြို့တွင် ပုဂံကို စာရင်းသွင်းရန် အဆိုပြုလွှာအား ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီမှ အတည်ပြုလက်ခံခဲ့သည်။ ၂၀၁၄ ခုနှစ်၌ ပျူမြို့ဟောင်း သုံးမြို့ဖြစ်သော သရေခေတ္တရာ၊ ဟန်လင်းနှင့် ဗိဿနိုးမြို့ဟောင်းတို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် ဘွဲ့ပေးအပ်ချီးမြှင့်ပြီးနောက်တွင် မြန်မာနိုင်ငံမှ ဒုတိယ စာရင်းဝင်ဒေသ ဖြစ်လာခဲ့သည်။

**ခရီးသွားလုပ်ငန်းနှင့် စီးပွားရေး**

ယူနက်စကို၏ အသိအမှတ်ပြုမှုသည် မြန်မာနိုင်ငံ၏ ခရီးသွားလာရေးနှင့် ဧည့်ဝတ်ကျေပွန်မှုကဏ္ဍကို အားဖြည့်ပေးနိုင်ဖွယ်ရှိသည်။ ၂၀၁၇ ခုနှစ်မှစ၍ အထူးသဖြင့် ဥရောပမှ ခရီးသွားအရေအတွက်သည် ရခိုင်မြောက်ပိုင်း အကျပ်အတည်းနှင့် ညံ့ဖျင်းသော ခရီးသွားလုပ်ငန်းမူဝါဒများကြောင့် ကျဆင်းခဲ့သည်။ ပြီးခဲ့သည့်နှစ်က ပုဂံတွင် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်သည့် နေ့ရက်ပမာဏ အများဆုံးကို ငါးနှစ်မှ သုံးနှစ်အထိ အာဏာပိုင်များက ရှင်းလင်းချက် တစ်စုံတစ်ရာမရှိဘဲ ကန့်သတ်ခဲ့သည်။

အစိုးရသည် အရှေ့အာရှနှင့် ဥရောပသားများစွာအတွက် ဗီဇာကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရန် ကြိုးပမ်းခဲ့သည်။ လွှတ်တော်သည် ပြီးခဲ့သည့်နှစ်တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကို ပြင်ဆင်၍ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယင်းသည် တာဝန်ယူ တာဝန်ခံသော ရင်းနှီးမြှုပ်နှံမှုနှင့် ရည်မှန်းထားသည့်စီမံခန့်ခွဲမှုကို လွယ်ကူချောမွေ့စေရေးအတွက် ဒေသန္တရအစိုးရများအား လုပ်ပိုင်ခွင့်ရစေခဲ့သည်။

ရှေးဟောင်းမြို့တော်တွင် ကျန်ရှိနေသောဘုရားရှိခိုးကျောင်းများ၊ ဘုရားကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ခံတပ်အဆောက်အအုံများနှင့် အခြားအထိမ်းအမှတ် အဆောက်အဦး ၃၅၀၀ ကျော် ရှိသည်ဟု ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့်

အမျိုးသားပြတိုက်များမှ သိရသည်။ ၎င်းတွင် ရှေးဟောင်းသုတေသန နေရာများနှင့် ရှေးဟောင်းရေစီမံခန့်ခွဲမှုစနစ်၏ လက်စလက်နများလည်း ကျန်ရှိသည်။ ၂၀၁၆ မြေငလျင်တွင် အဆောက်အအုံများစွာ ပျက်စီးခဲ့သည်။

မြန်မာအစိုးရသည် ၂၀၂၈ ခုနှစ်တွင် ရှိပြီးသား ရှေးဟောင်းသုတေသနနေရာများမှ ဟိုတယ်အားလုံးကို ဖယ်ရှားပစ်ရန် ကတိပြုခဲ့သည်။ ဤကတိကဝတ်များကို လိုက်နာခြင်းနှင့် အခြားထိန်းသိမ်းစောင့်ရှောက်ရေး ရည်မှန်းချက်များကို ပြည့်မီခြင်းသည် ပုဂံ၏ ကမ္ဘာ့အမွေအနှစ်ဂုဏ်ပုဒ်ကို ထိန်းသိမ်းရန်အတွက် အဓိကစံနှုန်းတစ်ခုဖြစ်သည်။

ရန်ကုန်အခြေစိုက် Sampan ခရီးသွားလုပ်ငန်းအောဂျင်စီမှ ဘာတီလော်ဆွန်က အမွေအနှစ်ဒေသနှင့်ဝေးကွာသော ဟိုတယ်များကို ပြန်လည်နေရာချထားခြင်းနှင့် ပတ်သက်သည့်အချက်ကို သံယောင်လိုက်သည်။ “ရှေ့လျှောက်တော့ ခရီးသွားလုပ်ငန်းနဲ့ အမျိုးသားအမွေအနှစ်တွေအပေါ် ရေရှည်အမြင်ကို လက်ခံဖို့နဲ့ အတိတ်ကအမှားတွေကို ထပ်ကာထပ်ကာမဖော်ပြဖို့ အရေးကြီးတယ်။”

Gracious ပုဂံခရီးသွားလုပ်ငန်း၏ အထွေထွေမန်နေဂျာ ကိုမိုးဝေယံမြင့်က ပုဂံ၏ အခြေအနေကို ထိန်းသိမ်းရေးအတွက် ယူနက်စကို၏ စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အကြံဉာဏ်များကိုလိုက်နာရန် အာဏာပိုင်များကို တိုက်တွန်းခဲ့သည်။ “ဒီဟာက ကျွန်တော်တို့ပြည်သူတွေရဲ့ အမွေအနှစ်ဖြစ်လို့ အသိအမှတ်ပြုမှုကို ထိန်းသိမ်းထားဖို့ ပိုပြီးတာဝန်ရှိတယ်။”

ရှေးဟောင်းသုတေသနဇုန်အတွင်းရှိ ဟိုတယ်များ၏ ဆောက်လုပ်ရေးကို ကိုင်တွယ်ရမည်ဖြစ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဒေသတွင်းစီးပွားရေး လုပ်ငန်းနှစ်ခုစလုံး၏ ပြဿနာသည် စည်းမျဉ်းများကို မလိုက်နာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ လူအများအား ပညာပေးရန်လိုအပ်သည်ဟု ၎င်းကဆက်ပြောသည်။ “အမှိုက်သရိုက်တွေ မပစ်ဖို့ရယ် နံရံတွေပေါ် စာရေးတာက ရှိရိုးစွဲ ရှေးဟောင်းနံရံစာတွေပျက်စီးစေတာမို့ မရေးဖို့ သူတို့ကိုပြောဖို့လိုတယ်။”

*… မြန်မာတိုင်း(မ်) မှ ဇူလိုင်လ ၇ ရက် ၂၀၁၉ မှသတင်း*

၂။ အဆိုပါ ကောက်နုတ်ထားသော သတင်းစာပိုဒ်နှင့် သတင်းအပြည့်အစုံကို ဖတ်ရှုပြီးနောက် အောက်ပါမေးခွန်းများကို ပြန်လည်သုံးသပ်မှုပြုပါ။

(က) ပုဂံကို မည်သည့်အတွက်ကြောင့် ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ဖော်ပြသတ်မှတ်ခဲ့ပါသနည်း။

(ခ) တစ်ကမ္ဘာလုံးအတိုင်းအတာ၊ တစ်နိုင်ငံလုံးအတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထု၊ ဒေသခံပြည်သူများနှင့် သင့်အတွက် ပုဂံ၏တန်ဖိုးနှင့် အရေးပါမှုမှာ အဘယ်နည်း။

| ကွာခြားမှု အဆင့်များ | ပုဂံ၏ တန်ဖိုးနှင့် အရေးပါမှု |
|---|---|
| တစ်ကမ္ဘာလုံး အတိုင်းအတာ | |
| တစ်နိုင်ငံလုံးအတိုင်းအတာ | |
| နိုင်ငံအတွင်းရှိပြည်သူများ | |
| ဒေသခံပြည်သူများ | |
| သင်ကိုယ်တိုင် | |

(ဂ) တစ်ကမ္ဘာလုံးအတိုင်းအတာ၊ တစ်နိုင်ငံလုံးအတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထု၊ ဒေသတွင်းပြည်သူများနှင့် သင်ကိုယ်တိုင်အတွက် ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း ထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။

| ကွာခြားမှု အဆင့်များ | ပုဂံ၏ တန်ဖိုးနှင့် အရေးပါမှု |
|---|---|
| တစ်ကမ္ဘာလုံး အတိုင်းအတာ | |
| တစ်နိုင်ငံလုံး အတိုင်းအတာ | |
| နိုင်ငံအတွင်းရှိ ပြည်သူလူထု | |
| ဒေသခံပြည်သူများ | |
| သင်ကိုယ်တိုင် | |

(ဃ) အဆိုပါ သတင်းဆောင်းပါးထဲတွင် ဖော်ပြခဲ့သည့် ပုဂံကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်သည့် အဓိကအခက်အခဲများမှာ အဘယ်နည်း။

(င) ဤသို့ ပုဂံကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းအတွက် မည်သည့်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများတွင် တာဝန်ရှိပြီး ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများမှာ မည်သည်တို့ ဖြစ်သနည်း။ ပုဂံကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့်နည်းလမ်းများမှာ အဘယ်နည်း။

| တာဝန်ယူလုပ်ဆောင်သူများ | တာဝန်နှင့် ဝတ္တရားများ | ပုဂံအား ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် အဆိုပြုထားသော လုပ်ငန်းစဉ်များ |
|---|---|---|
| တစ်ကမ္ဘာလုံးအတိုင်းအတာ | | |
| တစ်နိုင်ငံလုံးအတိုင်းအတာ | | |
| နိုင်ငံတွင်းရှိ ပြည်သူလူထု | | |
| ဒေသခံပြည်သူများ | | |
| သင်ကိုယ်တိုင် | | |

## ရှေးဟောင်းအမွေအနှစ် နေရာများနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရခြင်း၏ အရေးပါပုံ

ယဉ်ကျေးမှုအမွေအနှစ်၏ အရေးပါမှုသည် ဒေသများမှတစ်ဆင့် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်း ကူးပြောင်းသွားသော အသိပညာနှင့် စွမ်းရည်များကြွယ်ဝခြင်း ဖြစ်သည်။ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့် အထင်ကရနေရာများကို ထိန်းသိမ်းခြင်းသည် အလွန်တရာ အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ကမ္ဘာတွင် ထိုနေရာများသည် အနာဂတ်မျိုးဆက်များအတွက် ၎င်းတို့သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် ၎င်းတို့၏ ဆက်နွှယ်မှုကို ဖော်ပြပေးနိုင်သောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမွေအနှစ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရေးသည်လည်း ခရီးသွားလုပ်ငန်းတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ နိုင်ငံသည် တံခါးဖွင့်စနစ် ကျင့်သုံးလာသောအခါ မြန်မာနိုင်ငံ၏ မြို့ကြီးများသည် လျင်မြန်သော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အရှိန်အဟုန်ကို အမီလိုက်နိုင်ရန်အတွက် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လက်လွတ် ဆုံးရှုံးရနိုင်သည့်အနေအထား ရှိနေပါသည်။ ကြာမြင့်စွာ ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်တွင်းစစ်၊ တောမီး၊ ငလျင်နှင့် အခြားသဘာဝဘေးဒဏ်များ၊ ညစ်ညမ်းမှု၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ဖမ်းဆီးခြင်း၊ ထိန်းချုပ်မှုမရှိသော

မြို့ပြချဲ့ထွင်ခြင်းနှင့် အဟန့်အတားမဲ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့သည် မြန်မာနိုင်ငံ၏ ကမ္ဘာ့ အမွေအနှစ်ဒေသများအတွက် ကြီးမားသော ပြဿနာများဖြစ်စေသည်။ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် လူ့အသိုင်းအဝန်းများ အားလုံးသည် ယူနက်စကိုမှ သတ်မှတ်ထားသော စည်းမျဉ်းများကို လိုက်နာရန်တာဝန်ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ စီမံခန့်ခွဲမှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် ပူးပေါင်း ဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါသည်။

ယူနက်စကို၏အဆိုအရ ဒြပ်မဲ့အမွေအနှစ်များဆိုသည်မှာ မိမိတို့၏ ဘိုးဘွားစဉ်ဆက်များမှ လက်ဆင့်ကမ်း အမွေဆက်ခံလာခဲ့သည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် နေထိုင်ပြုမူမှု ပုံစံများဖြစ်သကဲ့သို့ မိမိတို့၏သားစဉ်မြေးဆက်ကို လက်ဆင့်ကမ်းသွားရမည့်အရာများလည်း ဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (ICH) တွင် နှုတ်ရေးဓလေ့ထုံးတမ်းများ၊ သရုပ်ဖော် အနုပညာများ (အဆို၊ အက၊ အတီး)၊ လူမှုထုံးတမ်းများ၊ ရိုးရာဓလေ့ပွဲတော်များ၊ ပွဲတော်များ၊ သဘာဝနှင့် စကြဝဠာတို့နှင့်ပတ်သက်သည့် အသိပညာများ၊ အလေ့အထများ ပါဝင်ပါသည်။ ဒေသတွင်း၊ တိုင်းဒေသကြီး/ပြည်နယ်တွင်းနှင့် အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို တစ်တပ်တစ်အား ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ပြည်သူတိုင်းအတွက် အရေးပါသည့်အရာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သဘော တူညီချက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံတော်အစိုးရသည် ကွဲပြားစုံလင်သော တိုင်းရင်းသားလူမျိုးစုများ၏ အထင်ကရနေရာများ၊ ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ သုတေသနများပြုရန်နှင့် ကျင့်သုံးရန်မူဝါဒများချမှတ်ရန် ကတိကဝတ်ပြုထားပါသည်။ နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုများ၊ ဓလေ့ ထုံးတမ်းများကို တန်ဖိုးထားခြင်းနှင့် အသိအမှတ်ပြုခြင်းသည် အဆိုပါ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပထမခြေလှမ်းပင် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဒေသတွင်း အမွေအနှစ်နေရာများ ထိန်းသိမ်းစောင့်ရှောက် ရေးအပေါ် သုတေသနပြုခြင်းနှင့် ပြန်လည်တင်ပြခြင်း

၁။ မြန်မာနိုင်ငံသည် ကွဲပြားစုံလင်သော လူမျိုးစုပေါင်းစုံနေထိုင်ရာ နိုင်ငံဖြစ်သည့် အလျောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ယဉ်ကျေးမှုနှင့် သမိုင်းဝင် နေရာများစွာရှိသည်။ သမိုင်းကြောင်းအရ၊ ယဉ်ကျေးမှုအရ၊ သဘာဝအလျောက်အရ အရေးပါသော ဒေသတွင်းအထင်အရနေရာများကို သုတေသနပြု၊ ဖော်ထုတ်ပါ။ သင်သည် အွန်လိုင်းတွင်ရှာဖွေခြင်းဖြင့်ဖြစ်စေ၊ စာအုပ်များဖတ်ရှုခြင်း (သို့မဟုတ်) ဒေသခံပြည်သူများနှင့် စကားပြောဆိုခြင်းဖြင့်ဖြစ်စေ ယင်းနှင့်ပတ်သက်သည့် ပိုမို များပြားသည့် အကြောင်းအရာများကို ရှာဖွေနိုင်ပါသည်။

၂။ မိမိနှင့် ဆီလျော်မှုရှိသော အမွေအနှစ်နေရာများ (သို့မဟုတ်) ဓလေ့ထုံးတမ်းများ အနက်မှ တစ်ခုကို ရွေးချယ်ပါ။

<table>
<tr><th>အမွေအနှစ်နေရာ</th><td colspan="2"></td></tr>
<tr><th>အဆိုပါ အမွေအနှစ်နေရာ၏ တန်ဖိုးများနှင့် ကျော်ကြားသည့် အချက်များ</th><td colspan="2"></td></tr>
<tr><th>အဆိုပါ အမွေအနှစ်နေရာကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများ</th><td colspan="2"></td></tr>
<tr><th></th><th>တာဝန်နှင့် ဝတ္တရားများ</th><th>ဒေသတွင်း အမွေအနှစ်နေရာများအား ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် အဆိုပြုထားသည့် လုပ်ငန်းစဉ်များ</th></tr>
<tr><td>တစ်ကမ္ဘာလုံးအတိုင်းအတာ</td><td></td><td></td></tr>
<tr><td>တစ်နိုင်ငံလုံးအတိုင်းအတာ</td><td></td><td></td></tr>
<tr><td>နိုင်ငံတွင်းရှိ ပြည်သူလူထု</td><td></td><td></td></tr>
<tr><td>ဒေသခံပြည်သူများ</td><td></td><td></td></tr>
<tr><td>သင်ကိုယ်တိုင်</td><td></td><td></td></tr>
</table>

၃။ သင်၏ လုပ်ဆောင်မှုများကို တစ်တန်းလုံးထံ တင်ပြပါ။

# ၂.၁.၂ | ဒေသအလိုက်၊ ရိုးရာအလိုက် ပွဲတော်များနှင့် ဓလေ့ထုံးတမ်းများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာနိုင်ငံအတွင်းရှိ ကွဲပြားစုံလင်သော ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များအကြောင်းကို ဖော်ထုတ်လေ့လာတတ်မည်။
- ကွဲပြားစုံလင်သော ဒေသအလိုက်၊ ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ရှင်းရှင်းလင်းလင်း ပြောဆိုတတ်မည်။

## မြန်မာနိုင်ငံတွင်း ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ တိုင်းရင်းသားလူမျိုးစုပိုင်းဆိုင်ရာ ကွဲပြားစုံလင်မှုများ

ပညာရေးဒီဂရီကောလိပ် ပထမနှစ်နှင့် ဒုတိယနှစ် သင်ရိုးညွှန်းတမ်း တစ်လျှောက်တွင် အလေးပေး ဖော်ပြခဲ့သကဲ့သို့ပင် တိုင်းရင်းသားလူမျိုးစု အုပ်စုပေါင်း ၁၃၅ မျိုး စုပေါင်းနေထိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံအတွင်း ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ တိုင်းရင်းသား လူမျိုးစုပိုင်းဆိုင်ရာ ကွဲပြားစုံလင်မှု အခန်းကဏ္ဍကို သိရှိနားလည်ခြင်းသည်အလွန်အရေးပါ ပါသည်။

ပထမနှစ်၊ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၏ အခန်းငယ် (၅.၁) ယဉ်ကျေးမှုနှင့် တိုင်းရင်းသား လူမျိုးစုပိုင်းဆိုင်ရာ ကွဲပြားစုံလင်မှုတွင် လူသားအများစုသည် မိမိတို့ကိုယ်တိုင် တိုင်းရင်းသား မျိုးနွယ်အုပ်စု အတူတူပင်ဖြစ်သော်ငြားလည်း ကွဲပြားသော ဘာသာစကားများ ပြောဆိုနိုင်ကြောင်း ကိုသော်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ ယုံကြည်မှုအမျိုးမျိုး စွဲကိုင်ထားနိုင်ကြောင်းကို သော်လည်းကောင်း၊ ကိုးကွယ်သည့်ဘာသာအမျိုးမျိုးမှ ဆင်းသက်လာခြင်း ဖြစ်နိုင် ကြောင်းကို သော်လည်းကောင်း ရှင်းပြခဲ့ပြီးဖြစ်သည်။ ထို့အတူပင် တိုင်းရင်းသားအုပ်စုတစ်စုအတွင်း၌ပင် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစားများ၊ ၎င်းတို့ဆင်နွှဲသော ရိုးရာပွဲတော်များအပါအဝင် ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများ ကွာခြားနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ရိုးရာဓလေ့ပွဲတော်များ

မြန်မာနိုင်ငံအတွင်း၌ အမျိုးသားဆိုင်ရာ၊ တိုင်းနှင့် ပြည်နယ်အလိုက်၊ ဒေသဆိုင်ရာ ပွဲတော်များစွာ ရှိပါသည်။ ကိုးကွယ်ရာသာသာအမျိုးမျိုးနှင့် လူ့အသိုက်အဝန်းအမျိုးမျိုးမှ လူများသည် မိမိတို့ ကိုယ်ပိုင်ပွဲတော်များကို သီးသန့်ဆင်နွှဲကြပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်မှု နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့်အလျောက် အဆိုပါ ရိုးရာပွဲတော်များသည် ဗုဒ္ဓဘာသာနှင့်ဆက်နွယ်ကြပါသည်။ စန္ဒြမာသပြက္ခဒိန်အရ လပေါင်း တစ်ဆယ့်နှစ်လ ပါဝင်ပြီး လစဉ်တိုင်းတွင် ထိုလနှင့် သက်ဆိုင်သည့် ရိုးရာပွဲတော်များ[၂၀] ရှိကြကာ ဒေသတွင်း ဘုရားပွဲ အများစုကို ဘုရားပုထိုးများတွင် ကျင်းပကြပါသည်။[၂၁] ထိုကဲ့သို့ပင် ခရစ်ယာန်၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာများ အပါအဝင် အခြား ကိုးကွယ်ယုံကြည်မှုများနှင့် ပတ်သက်သည့် ပွဲတော်များကိုလည်း ဆင်နွှဲကြပါသည်။

အချို့သော ပွဲတော်များကို တိုင်းဒေသကြီးအဆင့်နှင့် ဒေသတွင်းသာ ကျင်းပလေ့ရှိသော်လည်း အခြားပွဲတော်များကိုမူ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစု အုပ်စုများအတွင်း ၎င်းတို့နှင့် ဆီလျော်ရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများနှင့် ဘာသာရေးဆိုင်ရာ ထုံးတမ်းများအရပါ ဆင်နွှဲကြပါသည်။ နောက်ခံအခြေအနေအမျိုးမျိုးရှိသော မြန်မာပြည်သူများ ဆင်နွှဲကြသည့် ပွဲတော်အများစုကို လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ ကွဲပြားစုံလင်သော ယဉ်ကျေးမှုများကိုလေ့လာနိုင်ပြီး အဆိုပါကွဲပြားစုံလင်မှုကို အသိအမှတ်ပြုကာ ယင်းကို နိုင်ငံ၏ ပင်မအားသာချက်အဖြစ် ပြောင်းလဲနိုင်မည်ဖြစ်သည်။

## မြန်မာနိုင်ငံရှိ ပွဲတော်များ

စန္ဒြမာသပြက္ခဒိန်တွင် ပွဲတော်များစွာကို အမှတ်အသားပြုပါသည်။ ပွဲများသည်  များသော အားဖြင့် ဗုဒ္ဓဘာသာနှင့် ဆက်နွယ်နေလေ့ရှိကြသည်။ ယင်းပွဲများသည် လပြည့်နေ့တွင် ယေဘုယျအားဖြင့် ဆင်နွှဲလေ့ရှိကြသော်လည်း အဆိုပါနေ့မတိုင်မီပင် ကြိုတင်ဆင်နွှဲလေ့ ရှိကြသည်။ ပွဲတော်အများစုသည် နေရာကျယ် ကွင်းပြင်များတွင် ဆင်နွှဲကြပြီး အကမျိုးစုံ ထည့်သွင်းဆင်နွှဲလေ့ရှိကြသည်။ ရှေးယခင်အချိန်များတွင်မူ ရုပ်သေးပြဇာတ်ရုံများပါ ထည့်သွင်း ဆင်နွှဲလေ့ရှိကြသည်။

ပွဲများတွင် တစ်မြို့လုံး၊ တစ်ရွာလုံး ဝင်ရောက်ဆင်နွှဲကြပါသည်။ နီးစပ်ရာခရိုင်ဒေသများမှ လူတန်းစားမျိုးစုံသည်လည်း ယာယီတဲလေးများထိုးကာ ၎င်းတို့၏ ဇာတိမြို့မှ လက်မှုပစ္စည်းများနှင့် ဒေသထွက် အစားအသောက်များကို ရောင်းချကြပါသည်။ အဆိုပါပွဲ အများစုမှာ

[၂၀] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကောင်စီ ၂၀၁၂ခုနှစ်မှ မြန်မာ့ရိုးရာပွဲတော်မိတ်ဆက်၊
[၂၁] Shway Yoe, The Burma – His life and notions, New York 1963

တစ်ပတ်မှ နှစ်ပတ်ခန့် ကြာမြင့်လေ့ရှိကြသော်လည်း အချို့မှာလချီ၍ပင် ကြာလေ့ရှိကြပါသည်။ အောက်ပါတို့မှာ မြန်မာပြည်တွင်ကျင်းပသော အဓိကပွဲတော်ကြီးများကို အင်္ဂလိပ်အက္ခရာစဉ်ဖြင့် စီစဉ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

## ချင်းရိုးရာ လုံယူးပွဲတော်



**ပုံ ၂.၁၁။ လုံယူးပွဲတော်**

*ရင်းမြစ်* - Tourism Chin

ချင်းပြည်နယ်၏ အဓိကရိုးရာပွဲတော်များထဲမှ တစ်ခုမှာ လုံယူး (သို့မဟုတ်) ကျောက်ပြင်ချီခေါင်ပွဲ ဖြစ်ပြီး မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်များရှိ ချင်းလူမျိုးများက ကျင်းပကြသည်။ ဤပွဲတော်သည် မျိုးနွယ်စုအကြီးအကဲ (သို့မဟုတ်) ဂုဏ်ရှိန်ကြီးမားသူတို့၏ ချမ်းသာကြွယ်ဝမှုနှင့် ဩဇာအာဏာကို ပြသခြင်းနှင့်အတူ ရပ်ရွာဒေသ၏ ပျော်ပွဲရွှင်ပွဲ စုပေါင်းကျင်းပသည့် စိတ်ဓာတ်ကို ဖော်ကျူးခြင်းလည်းဖြစ်သည်။ လုံယူးပွဲတော်ကို ဇန်နဝါရီလမှ မေလအတွင်း ကျင်းပလေ့ရှိပြီး ပွဲကျင်းပချိန်မှာ ၇ ရက် ကြာမြင့်သည်။ အနီးအနားရွာမှ လူများနှင့်သက်ဆိုင်ရာ ဆွေမျိုးအသီးသီးတို့ ၎င်းတို့၏ ရိုးရာထိန်းသိမ်းမှုနှင့် မျိုးနွယ်စုစိတ်ဓာတ်ကိုပြသရန် အတူတကွ လာရောက်ဆင်နွှဲကြသည်။ လုံယူးပွဲတော်အတွင်း ပွဲကျင်းပသူအိမ်ရှင်က လာရောက်ကြသော ဧည့်သည်များကိုကျွေးမွေးရန် နွားနောက်များစွာကို အသုံးပြုသည်။ ထို့နောက် အများပြည်သူက အသိအမှတ်ပြုနိုင်ရန် နွားနောက်ခေါင်းများကို အိမ်ရှေ့ရှိရိုးရာနတ်တိုင်တွင် ချိတ်ဆွဲပြသထားသည်။ လုံယူးပွဲတော်သည် ဒေသရိုးရာ စားသောက်ဖွယ်ရာများကို အတူတကွ ပျော်ရွှင်စွာ သုံးဆောင်ကြခြင်း၊ ရိုးရာအတီးအမှုတ်နှင့် အကများသီဆိုကခုန်ခြင်း၊ လူကြီးသူမများ၏ သီချင်းများနှင့် ပါးစပ်ရာဇဝင်များကို နားထောင်သင်ယူခြင်းနှင့် လာမည့်နှစ်တွင်

စိုက်ပျိုးရေးနှင့်ပတ်သက်၍ နတ်ပဆန်းဆရာ၏ ခန့်မှန်းဟောပြောချက်ကို နာယူမှတ်သားခြင်း၊ ပွဲတော်တွင်ပါဝင်ခြင်းဖြင့် မျိုးနွယ်၏ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်သည့် ပွဲတော်တစ်ခု ဖြစ်သည်။

## ကချင်ရိုးရာ မနောအကပွဲတော်



**ပုံ ၂.၁၂။ ကချင်ရိုးရာ မနောပွဲတော်**

ကချင်လူမျိုးများသည် အရေးကြီးသော အချိန်အခါသမယများတွင် မနောအကဖြင့် ပွဲတော် ကျင်းပကြသည်။ ဤထင်ရှားလူသိများသော ပွဲတော်သည် အောင်မြင်မှု၊ တိုက်ပွဲ အောင်နိုင်ခြင်း အထိမ်းအမှတ်များ၊ ကံကောင်းခြင်းများ၊ မျိုးနွယ်စုများ ပြန်လည်ပေါင်းစုံခြင်းအတွက် ကျင်းပခြင်းဖြစ်သည်။ ယခုနှစ်များတွင် မနောပွဲကို နှစ်စဉ် ဇန်နဝါရီလလယ် အစောပိုင်း၊ ဇန်နဝါရီ ၁၀ ရက်နေ့ ကချင်ပြည်နယ်နေ့တွင် ကျင်းပလေ့ရှိသည်။ အကအတွက်မူ ၎င်းတို့သည် မနောတိုင်များ ထောင်ထားကြပြီး ရိုးရာအကအလှ ဖျော်ဖြေရန် လူအများစုရုံးကြသည်။ မနောအကပွဲတော်ကို ဇန်နဝါရီလ ဒုတိယရက်သတ္တပတ်အတွင်း မြစ်ကြီးနားမြို့အတွင်းနှင့် ကချင်ပြည်နယ် ပူတာအိုအနီးတစ်ဝိုက်တွင် ကျင်းပကြသည်။

## ကယားရိုးရာ ကေးထျိုးဘိုး တံခွန်တိုင်ပွဲတော်



**ပုံ ၂.၁၃။ ကေးထျိုးဘိုး တံခွန်တိုင်ပွဲတော်**

*ရင်းမြစ်* - Kantarwaddy Times

ကယားတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များကို လူမှုရေးမင်္ဂလာပွဲများနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာပွဲတော်များဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ ကယားလူမျိုးများ အလေးအထားရဆုံးပွဲတော်မှာ ‘ကေ့ထျိုးဘိုး တံခွန်တိုင်ပွဲတော်’ ဖြစ်သည်။ ကေ့ထျိုးဘိုးပွဲတော်အား နှစ်စဉ်တန်ခူးလတွင် ကျင်းပလေ့ရှိသည်။ ယင်းပွဲတော်သည် နှစ်သစ်တွင် အေးချမ်းသာယာမှုရရှိစေရန်၊ ရာသီဥတုကောင်းမွန်၍ ဆန်စပါး ပေါ်ကြွယ်ဝစေရန်၊ ရောဂါဘယ ကင်းရှင်းစေရန်အတွက် တောတောင်ရေမြေစောင့်နတ်များကို ပူဇော်ပသသည့် ပွဲတော်ဖြစ်သည်။ ‘ကေ့ထျိုးဘိုး’ မှာ ကယားအခေါ်အဝေါ်ဖြစ်သည်။ ‘ကေ့’ ဆိုသည်မှာ တိုင်းပြည်ဖြစ်ပြီး ‘ထျိုး’မှာ ဖြစ်မြောက်ခြင်း၊ ‘ဘိုး’ မှာ တိုင်တော်ဖြစ်သည်။ ပွဲတော် ကျင်းပရာတွင် သစ်ပင်အားခုတ်လှဲ၍ တံခွန်တိုင်အဖြစ် ပွဲကျင်းပရာနေရာတွင် စိုက်ထူကြပြီး တိုင်တော်အား ရိုးရာအကများဖြင့် လှည့်ပတ်ကခုန်၍ ပူဇော်ကြသည်။ ပါဝင်ဆင်နွှဲသူများသည် နှစ်ဟောင်းမှ အညစ်အကြေးများအား ဆေးကြောရန်အလို့ငှာ အချင်းချင်းအပြန်အလှန် ရေပက်ဖျန်းကြသည်။ ပွဲတော်လာရောက်သူများအား ရိုးရာအစားအစာနှင့် ခေါင်ရည်များဖြင့်လည်း ဧည့်ခံကျွေးမွေးလေ့ရှိပါသည်။

## ကရင်နှစ်သစ်ကူးပွဲတော်



**ပုံ ၂.၁၄။ ပွဲတော်ဆင်နွှဲနေသည့် ကရင်တိုင်းရင်းသားနှင့် တိုင်းရင်းသူများ**

ဤပွဲတော်သည် များသောအားဖြင့် စန္ဒြမာသပြက္ခဒိန်ရှိ ပြာသိုလပထမရက်တွင်ကျရောက်သည့် ဒီဇင်ဘာလကုန် (သို့မဟုတ်) ဇန်နဝါရီလဆန်းတွင် ဆင်နွှဲလေ့ရှိပါသည်။ ၎င်းပွဲတော်ကို ကောက်သိမ်းချိန်အပြီးနှင့် နောက်တစ်ရာသီ ပျိုးကြဲချိန်အစတို့တွင် စတင်ဆင်နွှဲပါသည်။ ယင်းပွဲတော်မှာ ကရင်လူထုအတွက် ကြီးကျယ်သောပွဲတစ်ပွဲဖြစ်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ဆင်နွှဲကြပါသည်။

# ကဆုန်ညောင်ရေသွန်းပွဲတော်



**ပုံ ၂.၁၅။ ကဆုန်ညောင်ရေသွန်းပွဲတော်**

*ရင်းမြစ်* - Myanmar DigitalNews

မြန်မာပြက္ခဒိန်အရ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဗုဒ္ဓဘုရားရှင်အား မြတ်နိုးကိုးကွယ်၊ အလေးအမြတ်ပြုမှုကို ပြသသည့် ရေသွန်းဆင်နွှဲခြင်းဖြင့် ပါဝင်ဆင်နွှဲကြပါသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်သည် မြတ်စွာဘုရားအား ဖွားမြင်တော်မူသောနေ့နှင့် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော် ရရှိခဲ့သောနေရာကို ရည်စူး၍ ဗောဓိညောင်ပင်ကို ဒေသခံများက ရေသွန်းလောင်းကြရာမှ ကဆုန်ညောင်ရေသွန်းပွဲတော် ပေါ်ပေါက်လာခဲ့သည်။

## ကျောက်ဆည်ဆင်အကပွဲတော်



**ပုံ ၂.၁၆။ ဆင်အကအလှုပြနေစဉ်**

ကျောက်ဆည်ဆင်အကပွဲတော်ကို ကျောက်ဆည်မြို့တွင် ဝါလ ကင်းလွတ်ပြီးချိန် သီတင်းကျွတ်လပြည့်မတိုင်မီတစ်ရက် (အဖိတ်နေ့)နှင့် သီတင်းကျွတ်လပြည့်နေ့တို့တွင် ကျင်းပလေ့ရှိကြသည်။ ယင်းပွဲတော်အတွက် ရွာသူရွာသားများသည် ဝါးနှင့် စက္ကူများအသုံးပြု၍ ဆင်ရုပ်ကို ဖန်တီးကြပြီး ဆင်အက ကပြမည့်သူနှစ်ဦးသည် အိုးစည်ဗုံမောင်းသံများနှင့်အညီ ကပြဖျော်ဖြေကြသည်။ ယင်းဆင်ကပွဲတွင် အဆိုပါဆင်များဖြင့် လှည့်လည်ပြီး အလှူခံခြင်းနှင့်အတူ စီတန်းလှည့်လည်ခြင်းနှင့် အကပြိုင်ပွဲများလည်း ပါရှိပါသည်။ အကအလှုဖျော်ဖြေမှုများကို အောက်တိုဘာလတွင် ကျောက်ဆည်မြို့ရှိ ရွှေသာလျောင်းဘုရားတွင် ကျင်းပကြသည်။

## သျှစ်သောင်းဘုရားပွဲတော်



**ပုံ ၂.၁၇။ သျှစ်သောင်းဘုရားပွဲတော် (မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်)**

*ရင်းမြစ်* - သိန်းဝင်း

သျှစ်သောင်းဘုရား (သို့မဟုတ်) “ဗုဒ္ဓရုပ်ပွားတော်ပေါင်း ၈၀,၀၀၀ ကိန်းအောင်းတော်မူရာ ပုထိုးတော်” သည် ရခိုင်လူမျိုးတို့အတွက် အရေးပါအရာရောက်သော ပွဲတော်များအနက် တစ်ပွဲဖြစ်သည်။ အဆိုပါပွဲတော်များသည် ဒေသတွင်း ဘုရားများကို ပန်း၊ ဆီမီးဆက်ကပ် လှူဒါန်းသည့် ရိုးရာဘုရားပွဲဖြစ်ပါသည်။ ယနေ့ခေတ်အချိန် ပွဲတော်များတွင်မူ ရခိုင်ရိုးရာ လောင်း(လှေ)ပြိုင်ပွဲနှင့် ကျင်ကိုင်ပွဲများကို ရှေးမူမပျက် ကျင်းပကြသည်။ ၎င်းတို့ကို မြောက်ဦးမြို့တွင် မေလအတွင်း နှစ်စဉ်ကျင်းပသည်။

## တောင်ပြုန်းနတ်ညီနောင်ပွဲတော်



**ပုံ ၂.၁၈။ တောင်ပြုန်းနတ်ညီနောင်ပွဲတော်တွင် နတ်ဝင်သည်များ ကခုန်နေစဉ်**

*ရင်းမြစ်* - Ministry of Hotels & Torisum

တောင်ပြုန်းနတ်ညီနောင်ပွဲတော်သည် နတ်ညီနောင်နှစ်ဦးအား ပူဇော်ပသရန်နှင့် ဆုတောင်းရန် ကျင်းပသော ပွဲတော်ကြီးတစ်ခု ဖြစ်သည်။ ယင်းပွဲတော်ကာလအတွင်း နတ်ကတော်သည်များက နတ်ဝင်ရောက်စီးခံ၍ ကြားခံဆက်သွယ်ပေးကြသည်။ နတ်ကတော် အများးစုမှာ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲနေထိုင်သူ (Transgender) (သို့မဟုတ်) ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားဆင်ယင်သူ အမျိုးသားများဖြစ်ကြသည်။ ၎င်းတို့သည် ထိုပွဲတော်များတွင် အခရာကျပြီး အလေးအနက်ထား၍ ပူဇော်ခံရသူများ ဖြစ်ကြသည်။ ယင်းပွဲတော်သည် အထက်မြန်မာပြည် တောင်ပြုန်းတွင် စတင်ကျင်းပ၍ မိုးရာသီ၌လည်း ဆက်လက်ကျင်းပလေ့ရှိသည်။

## တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်



**ပုံ ၂.၁၉။ တောင်ကြီးပွဲတော်အတွင်း မီးပုံးပျံကြီး လွှင့်တင်နေစဉ်**

တန်ဆောင်တိုင် (သို့မဟုတ်) 'မီးထွန်းပွဲတော်' သည် မိမိတို့၏ဆုတောင်းများကို ပို့လွှတ်ရန် အလို့ငှာ မီးပုံးပျံများကို တန်ဆာဆင်၍ လွှတ်တင်ခြင်းအားဖြင့် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်အား ပူဇော်သောပွဲတော်ဖြစ်သည်။ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို နှစ်စဉ်နှစ်တိုင်း မြန်မာလ၏ ရစ်လမြောက်၊ စန္ဒြမာသပြက္ခဒိန်ပါ တန်ဆောင်မုန်းလ လပြည့်ည တစ်ဝိုက်တွင် ကျင်းပကြပါသည်။ ရှမ်းစက္ကူများဖြင့် မှိုင်းခံလွှတ်တင်ထားသော မီးပုံးပျံများမှာ ကောင်းကင်တစ်ခွင်ပြည့်နေပြီး ယင်းသည် မကောင်းသောနတ်ဆိုးများကို ခြောက်လှန့် မောင်းထုတ်ပေးပြီး ပျော်ရွှင်ခြင်းကို သယ်ဆောင်လာပေးနိုင်သည်ဟု ယုံကြည်ကြသည်။ နောက်ပိုင်းတွင်မှ ယင်းသည် နေ့ပိုင်းမီးပုံးပျံနှင့် ညပိုင်းမီးပုံးပျံ ဟု အမျိုးအစားနှစ်မျိုးခွဲ၍ ပြိုင်ပွဲအဖြစ် ပွဲတော်ဆင်နွှဲလာကြပါသည်။ နေ့အချိန်တွင်ပြိုင်သော မီးပုံးပျံများသည် များသောအားဖြင့် ဘုရားပုံ (သို့မဟုတ်) တိရစ္ဆာန်အရုပ်ပုံများ ဖြစ်ကြပြီး ညအချိန်တွင် လွှင့်တင်သော မီးပုံးပျံများကိုမူ 'ညမီးကျီ'နှင့် 'စိန်နားပန်'ဟု အမည်ပေးခေါ်ဆိုကြပြီး ယင်းတို့မှာ ပွဲတော်များ၏အဓိကကျသောအရာများဖြစ်ကြသည်။ မီးပုံးပျံများကို ရှမ်းစက္ကူများဖြင့် ပြုလုပ်ကြသည်။ မီးပုံးပျံ ပုံစံသွင်းခြင်း၊ ဆေးခြယ်ခြင်းနှင့် မီးရှူးမီးပန်းများ (သို့မဟုတ်) ဗျောက်အိုးများ အားလုံးမှာ ကိုယ်တိုင်ပြုလုပ်သည့် အရာများဖြစ်ကြသည်။ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်မှာ ရှမ်းပြည်နယ်ရှိ အထင်ရှားဆုံးပွဲတော်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ထောင်ပေါင်းများစွာသော ဒေသတွင်းနေ ပြည်သူများနှင့် နိုင်ငံတကာကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရာ ပွဲတော်တစ်ခုလည်းဖြစ်သည်။

## သင်္ကြန်ပွဲတော်

ဧပြီလလယ်တွင် စန္ဒြမာသနှစ်သစ်ကူးနေ့ကို လေးရက်တာကျင်းပသော သင်္ကြန်ပွဲတော်သည် လူသိအများဆုံး ပွဲတော်များအနက်မှ တစ်ခုဖြစ်သည်။ နိုင်ငံနှင့်အဝန်းဆင်နွှဲကြပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများ၏ အခြားဗုဒ္ဓဘာသာ နှစ်သစ်ကူးပွဲတော်များနှင့်လည်း ဆက်စပ်လျက်ရှိသည်။ သင်္ကြန်ပွဲတော်တွင် အတာရေ ပက်ဖျန်းကာ ရေကစားလေ့ရှိသကဲ့သို့ ဗုဒ္ဓဘာသာဝင်များ ရှစ်ပါးသီလ ဆောက်တည်ကြသော ဘာသာရေး နေ့ထူးနေ့မြတ်လည်းဖြစ်သည်။



**ပုံ ၂.၂၀။ မြန်မာနိုင်ငံ ကျေးလက်ဒေသတစ်ခုတွင် သင်္ကြန်ပွဲတော် ဆင်နွှဲနေကြပုံ**



**ပုံ ၂.၂၁။ မြန်မာနိုင်ငံ မြို့ပြဒေသတစ်ခုတွင် သင်္ကြန်ပွဲတော် ဆင်နွှဲနေပုံ**

*ရင်းမြစ်* - Wikiwand

## ဝါဆိုခြင်းလုံးပွဲတော်



**ပုံ ၂.၂၂။ ဝါဆိုခြင်းလုံးပွဲတော်တွင် အလှပြခတ်ကစားနေစဉ်**

ဤပွဲတော်သည် တော်ဝင်အားကစားတစ်ခုဖြစ်သော **ခြင်းလုံး**အားကစားကို အလေးအမြတ်ပြုသည့် ပွဲတော်ဖြစ်ပြီး မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးအတွင်း ကျင်းပလေ့ရှိသည်။ နိုင်ငံအနှံ့အပြားမှ ခြင်းခတ်သမားများသည် ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြပြီး အဆိုပါပွဲတော်ကို ဝန်းရံကာ ပွဲလမ်းများကို ဆင်နွှဲကြသည်။

## မြန်မာနိုင်ငံရှိ အခြားအဓိက ဘာသာရေးပွဲတော်ကြီးများ

### *ခရစ်ယာန်ဘာသာ*

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းလူဦးရေအရ ခရစ်ယာန်ဘာသာသည် နိုင်ငံ၏ဒုတိယအများဆုံး ဘာသာရေးယုံကြည်မှုဖြစ်ပြီး လူဦးရေ၏ ၆.၂ ရာခိုင်နှုန်းခန့်က လက်ခံကျင့်သုံး ကြကာ အဓိကကိုးကွယ်ကြသူများမှာ ကချင်၊ ချင်း၊ ကရင် ဥရောပအာရှကပြား လူမျိုးများဖြစ်ကြ သည်။ မြန်မာနိုင်ငံအတွင်း၌ ခရစ်ယာန်ဘာသာကို ၁၈ ရာစု အစောပိုင်းမှ စတင်ကိုးကွယ် ခဲ့ကြသည်ဟု မှတ်တမ်းတင်ထားပါသည်။

ဥပုသ်ဆောက်တည်သည့်ကာလ၊ အီစတာနှင့် ခရစ်စမတ်တို့သည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများအတွက် အဓိက ဘာသာရေးပွဲတော်များ ဖြစ်သည်။ ဥပုသ်ကာလ ဆိုသည်မှာ ယေရှုခရစ်တော်၏ အသက်စွန့်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို အောက်မေ့သတိရသော အနေဖြင့် အီစတာမတိုင်မီ ရက်ပေါင်း ၄၀ အစာရှောင်ဥပုသ် ဆောက်တည်သည့်ကာလကို ဆိုလိုပါသည်။ ခရစ်ယာန်ဘာသာကိုးကွယ်သူသည် ယေရှုခရစ်တော်၏ မွေးနေ့ဖြစ်သည့် ခရစ်စမတ်နေ့ကို ဒီဇင်ဘာ ၂၅ ရက်တွင် သတိတရ အခမ်းအနားပြုကျင်းပဆင်နွှဲကြပါသည်။



**ပုံ ၂.၂၃။ ရန်ကုန်မြို့ရှိ စိန့်မေရီ ကက်သီဒရယ် ဘုရားကျောင်းတွင် ခရစ်စမတ်ပွဲတော် ဆင်နွှဲနေပုံ**

*ရင်းမြစ်* - Global New Light Of Myanmar

## *ဟိန္ဒူဘာသာ*

မြန်မာနိုင်ငံလူဦးရေ၏ ၀.၅ ရာခိုင်နှုန်းခန့်သည် ဟိန္ဒူဘာသာကို လက်ခံကျင့်သုံးကြပါသည်။ ဗုဒ္ဓဘာသာနှင့်အတူ ဟိန္ဒူဘာသာသည်လည်း ရှေးပဝေသဏီအချိန်ကတည်းက မြန်မာနိုင်ငံသို့ ပြန့်ပွားလာခဲ့ခြင်း ဖြစ်ပါသည်။

ဟိန္ဒူဘာသာဝင်များ၏ ပွဲတော်အများစုမှာ ရာသီအလိုက်ကျင်းပပြီး အဓိကအားဖြင့် ထူးခြား၍ အရေးပါသော ဘာသာရေးကိုင်းရှိုင်းမှုတစ်ရပ်ဖြစ်သည်။ အချို့ပွဲတော်များသည် ကောက်သိမ်းချိန်တွင် ဆင်နွဲလေ့ရှိပြီး အခြားပွဲတော်များမှာ ၎င်းတို့၏ နတ်ဘုရားများ၏မွေးနေ့များ (သို့မဟုတ်) ထိုနတ်ဘုရားဘဝဖြစ်စဉ်နှင့်ဆိုင်သော ပွဲတော်များဖြစ်ကြသည်။ မြန်မာနိုင်ငံရှိ အရေးကြီးသော ဟိန္ဒူပွဲတော်တစ်ခုမှာ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ကျင်းပသော ဒူရ်ဂါးမယ်တော်ပူဇော်ပွဲဖြစ်ပြီး မြေဆီမြေသြဇာကောင်းမွန်ခြင်း၊ ကောက်ရိတ်သိမ်းခြင်းနှင့် နတ်ဆိုးကို အောင်နိုင်ခြင်း အထိမ်းအမှတ်ဖြင့် ကျင်းပခြင်း ဖြစ်သည်။




**ပုံ ၂.၂၄။ မန္တလေးမြို့တွင် ဒူရ်ဂါးမယ်တော်ပူဇော်ပွဲ ဆင်နွှဲနေပုံ**

*ရင်းမြစ်* - newagexplorer

## *အစ္စလာမ်ဘာသာ*

၂၀၁၈ ခုနှစ် စာရင်းအင်းအချက်အလက်များအရ မြန်မာနိုင်ငံလူဦးရေ၏ ၄.၁၅ ရာခိုင်နှုန်းသည် အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသည်။ မြန်မာနိုင်ငံတွင် အစ္စလာမ်၏ ဆွန်နီဂိုဏ်းနှင့် ရှီအာဂိုဏ်း နှစ်ဂိုဏ်းလုံး၏ ကျောင်းများရှိကြပါသည်။ တစ်ရက် ငါးကြိမ် ဝတ်ပြုဆုတောင်းရာ နေရာဖြစ်သော ဗလီများကို မြို့ကြီးများတွင် အများအားဖြင့် တွေ့ရသည်။

နှစ်စဉ်နှစ်တိုင်း ရာမဒန်ဥပုသ်လရှိပြီး ယင်းကာလတွင် မူစလင်များသည် နေထွက်ချိန်မှ နေဝင်ချိန်အထိ ဥပုသ်ဆောက်တည်ကြသည်။ အီဒုလ်ဖိသွိရ်နေ့သည် ရာမဒန် ဥပုသ်လ ပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မူစလင်များသည် ၎င်းတို့၏ မိတ်ဆွေသူငယ်ချင်းနှင့် အိမ်နီးချင်းများကို အချိုမုန့်များ ဝေမျှကြသည်။



**ပုံ ၂.၂၅။ အိဒ်မူဘာရည် ဆုတောင်းနေကြသူများ**

*ရင်းမြစ်* - Prokerala

## ရိုးရာဓလေ့ထုံးတမ်းပွဲတော်များနှင့် ဝတ်စားဆင်ယင်မှု

မြန်မာပြည်သူများသည် ဆင်နွှဲသော ရိုးရာယဉ်ကျေးမှုနှင့် ပွဲတော်များ ကွဲပြားစုံလင်သည့် အလျောက် အောက်ပါဓာတ်ပုံများတွင် ဖော်ပြထားသကဲ့သို့ပင် မြန်မာပြည်သူများ ဝတ်ဆင်သော အဝတ်အစားများမှာလည်း ကွဲပြားပါသည်။ ရိုးရာဝတ်စုံများတွင် ခေါင်းပေါင်း၊ အင်္ကျီများ၊ ဖိနပ်များ၊ လုံချည်များ ပါဝင်နိုင်ပါသည်။ ရက်ကန်းလုပ်ငန်းသည် တိုင်းရင်းသားလူမျိုးအုပ်စု အများတွင် တွေ့ရလေ့ရှိသော ရိုးရာအနုပညာပုံစံတစ်ခု ဖြစ်သည်။




**ပုံ ၂.၂၆။ မြန်မာနိုင်ငံရှိ ချည်ထိုးအဆင်အမျိုးမျိုး**

ယနေ့ထိတိုင်ပင် မည်သည့်အသက်အရွယ် (သို့မဟုတ်) နေရပ်ဒေသတွင် နေထိုင်သူဖြစ်စေကာမူ မြန်မာနိုင်ငံသား တိုင်းရင်းသားအုပ်စုများသည် ရိုးရာအဝတ်အစားများကို နေ့စဉ်ဝတ်ဆင်နေကြပါသည်။ ယင်းတို့ကို မြန်မာပြည်သူများက အထူးနှစ်သက်ကြပြီး နိုင်ငံ၏ရာသီဥတုနှင့်လည်း လိုက်ဖက်မှုရှိပါသည်။ ကျွန်ုပ်တို့သည် မိမိတိုင်းရင်းသား လူမျိုးစု (သို့မဟုတ်) ဒေသတွင်း ယဉ်ကျေးမှုကို ကိုယ်စားပြုနေသည့် အဆင်များကိုလည်း နှစ်သက်၊ ဝတ်ဆင်ကြပါသည်။

## ပွဲတော်ပေါင်းစုံ ဆင်နွှဲခြင်းမှတစ်ဆင့် ရရှိလာမည့် လူမှုပေါင်းစည်းညီညွတ်မှု

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုအရ၊ ယဉ်ကျေးမှုအရ ကွဲပြားစုံလင်ပြီး ဒေသန္တရ အသိုက်အဝန်းကို ထင်ဟပ်သော ပွဲတော်များစွာရှိသည်။ ယင်းပွဲတော်များနှင့် အခြားရိုးရာ ဓလေ့အခမ်းအနားတို့သည် အတိတ်ကာလကို ဆက်နွှယ်မှုနှင့် ဒေသန္တရအသိုက်အဝန်း များ၏ယဉ်ကျေးမှုများကို ဆက်နွှယ်မှုတစ်ရပ်ကို ဖန်တီးဖြစ်ပေါ် စေသည်။ ဒေသန္တရပွဲတော်များ ကို သိရှိနားလည်ခြင်းနှင့် တစ်စိတ်တစ်ပိုင်းပါဝင်ခြင်းဖြင့် မိမိတို့၏ ကိုယ်ပိုင်အသိုက်အဝန်း အဖွဲ့ဝင်များအဖြစ် အတည်ပြုကြသည်။ မိမိတို့သည် အခြားအသိုက်အဝန်းများကို လေးစား သမှုပြုကြသကဲ့သို့ အတိတ်ကို အောက်မေ့ဖွယ်သတိရခြင်းနှင့် ကိုယ်ပိုင်တန်ဖိုးများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်း ပါဝင်ကြပါသည်။

ပွဲတော်များနှင့် အခြားအခမ်းအနားများသည် အတူတကွ ပေါင်းစည်းလုပ်ဆောင်ကြသော အချိန်ဖြစ်ပြီး မတူညီသောနေရာများနှင့် အသိုက်အဝန်းများကို နေရာတစ်ခုတွင် စုစည်း ခေါ်ဆောင်ယူခြင်းပင် ဖြစ်သည်။ ရိုးရာဓလေ့ပွဲတော်များသည် ရိုးရာဓလေ့သရုပ်ဖော်ခြင်း မှတစ်ဆင့် အတိတ်ကာလ အကြောင်းအရာများကိုလေ့လာရန်နှင့် အသက်အရွယ်ကြီးရင့်ပြီး ဖြစ်သော မျိုးဆက်တို့ထံမှ သင်ယူရန်နေရာတစ်ခု ဖြစ်ပေသည်။

### သင်ယူမှုလုပ်ငန်း (၁)။ သုတေသနလုပ်ငန်း - မြန်မာနိုင်ငံရှိ ပွဲတော်များအနက်မှ ကျွန်ုပ်အနှစ်သက်ဆုံးပွဲတော် (အိမ်စာအလုပ်ပေးခြင်း)

၁။ သင့်မိသားစု၊ မိတ်ဆွေများနှင့် အတူတကွဆင်နွှဲဖူးသော ပွဲတော်များအကြောင်း စဉ်းစား၍ သင် အနှစ်သက်ဆုံး ပွဲတော်များအနက်မှ တစ်ခုကိုရွေးချယ်ပါ။ ထို့နောက် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) အဘယ်ကြောင့် ယင်းပွဲတော်သည် သင်၏ အနှစ်သက်ဆုံးပွဲတော် ဖြစ်ရပါသနည်း။

(ခ) သင်နှင့် သင့်မိသားစု/မိတ်ဆွေများသည် အဆိုပါပွဲတော်ကို မည်သို့ ဆင်နွှဲကြပါသနည်း။

(ဂ) ပြည်သူများသည် အဘယ်ကြောင့် အဆိုပါပွဲကို ဆင်နွှဲကြပါသနည်း။

၂။ သင် အနှစ်သက်ဆုံး ပွဲတော်အကြောင်းနှင့် ပတ်သက်၍ သုတေသနပြုပြီး သင်အနှစ်သက်ဆုံး ပွဲတော်၏ခေတ်ပုံတစ်ပုံဖြစ်စေ၊ ပုံတစ်ပုံဖြစ်စေ၊ အမှတ်တရပစ္စည်းတစ်ခုခုဖြစ်စေ အတန်းသို့ယူဆောင်လာပါ။

၃။ သင် ရွေးချယ်ထားသည့် ပွဲတော်နှင့်ပတ်သက်၍ နှစ်မိနစ်စာ တင်ပြမှုတစ်ခု ပြင်ဆင်ထားပါ။

## သင်ယူမှုလုပ်ငန်း (၂)။ တင်ဆက်ပြသခြင်း - မြန်မာနိုင်ငံရှိ ပွဲတော်များအနက်မှ ကျွန်ုပ်အနှစ်သက်ဆုံးပွဲတော်

၁။ အုပ်စုငယ်များဖြင့် မိမိတို့ သုတေသနပြုခဲ့သော အနှစ်သက်ဆုံးပွဲတော် နှင့် ပတ်သက်သည်များကို အလှည့်ကျ တင်ဆက်ပြသပါ။

၂။ မိမိအုပ်စုအဖွဲ့ဝင်များက တင်ပြခဲ့သည့် ပွဲတော်အမျိုးမျိုးနှင့် ပတ်သက်သည့် အကြောင်းအရာများကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးပါ။

## သင်ယူမှုလုပ်ငန်း (၃)။ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း - မြန်မာနိုင်ငံရှိ ပွဲတော်များ

၁။ ကျောင်းသား လေးယောက်၊ ငါးယောက်ပါ အုပ်စုများအတွင်း၌ မြန်မာနိုင်ငံရှိပွဲတော် တစ်ခုကို ရွေးချယ်ပြီး အဆိုပါရွေးချယ်ထားသည့် ပွဲတော်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပါရှိသော ပိုစတာတစ်ခုကို ဖန်တီးပါ။ အဆိုပါ ပိုစတာကို ဖန်တီးနေစဉ်အတွင်း အောက်ပါမေးခွန်းများကို စတင်မေးမြန်းပါ -

(က) ကျွန်ုပ်တို့အနေဖြင့် ယင်းပွဲတော်နှင့် ပတ်သက်၍ မည်သည်တို့ကို သိရှိပြီးဖြစ်သနည်း။

(ခ) ကျွန်ုပ်တို့အနေဖြင့် ယင်းပွဲတော်နှင့် ပတ်သက်၍ မည်သည်တို့ကို ပိုမိုသိရှိလိုသနည်း။ (သုတေသနပြုမည့် နယ်ပယ်ကို သတ်မှတ်ရန်အတွက်)

(ဂ) ကျွန်ုပ်တို့၏ အတန်းဖော်များအား မည်သည်တို့ကို လေ့လာသိရှိ သွားစေလိုပါသနည်း။

၂။ ပိုစတာကို ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းတွင် အသုံးပြုရန်အတွက် အတန်းထဲတွင် ချိတ်ထားပါ။

၃။ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း လုပ်ဆောင်နေစဉ်အတွင်း အခြားအုပ်စုများ၏ ပိုစတာများပေါ်တွင် မှတ်ချက်များရေးသားခြင်း (သို့မဟုတ်) မေးခွန်းများရေးသားခြင်း ပြုပါ။ မေးခွန်းများ နှင့်/သို့မဟုတ် မှတ်ချက်များသည် ပွဲတော်နှင့်စပ်လျဉ်းသည့် ရိုးရာအဝတ်အစား၊ တန်ဖိုးထားမှု၊ ပွဲတော်များ ရေရှည်တည်တံ့နိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အစရှိသည်တို့နှင့် ဆက်နွှယ်မေးမြန်း ရေးသားနိုင်ပါသည်။

၄။ အောက်ပါမေးခွန်းများကို ပြန်လည်သုံးသပ်ပါ -

(က) ရိုးရာပွဲတော်အမျိုးမျိုးတွင် တူညီသောအချက်များ (သို့မဟုတ်) ကွဲပြားသော အချက်များ ရှိပါသလား။ ရှိလျှင် ထိုအချက်များမှာ မည်သည်တို့ဖြစ်ကြသနည်း။

(ခ) ပွဲတော်တစ်ခုချင်းစီကို မည်သည့်အရာများက တမူထူးခြားပြီး အရေးပါစေပါသနည်း။

(ဂ) ပွဲတော်များကျင်းပရခြင်းသည် လူ့အဖွဲ့အစည်းကို မည်သည့်ကောင်းကျိုးများ ဖြစ်စေသနည်း။

(ဃ) အဆိုပါ ပွဲတော်များနှင့် ဝတ်စားဆင်ယင်မှုများသည် မြန်မာနိုင်ငံအပေါ်တွင် မည်ကဲ့သို့ ပါဝင်ပတ်သက် လွှမ်းမိုးမှုရှိပါသနည်း။

(င) မြန်မာနိုင်ငံပြည်သူများ၏ အဆိုပါ ကွဲပြားစုံလင်သည့် ရိုးရာဓလေ့များအားလုံးကို ကျွန်ုပ်တို့အနေဖြင့် မည်သို့ အသိအမှတ်ပြု၊ တန်ဖိုးထားနိုင်ပါသနည်း။

၅။ သင့်အနေဖြင့် မိမိကိုယ်ပိုင် ပြန်လည်သုံးသပ်ချက်ကို နေ့စဉ်မှတ်တမ်း (ဂျာနယ်) အတွင်း ရေးသားနိုင်ပါသည်။ သို့မဟုတ်ပါကလည်း အတန်းဖော် တွဲဖက်တစ်ဦးဖြင့် ဖြစ်စေ၊ အုပ်စုငယ်အတွင်းဖြစ်စေ၊ မျက်နှာစုံညီ ဆွေးနွေးပွဲ၌ဖြစ်စေ မျှဝေနိုင်ပါသည်။

## ၂.၁.၃ | တိုင်းဒေသကြီး စီးပွားရေး၊ ဒေသတွင်း စီးပွားရေးနှင့် ဒေသထွက် ထွက်ကုန်များ

ဤသင်ခန်းစာသည် သင့်အား တိုင်းဒေသကြီးတွင်း စီးပွားရေး (သို့မဟုတ်) ဒေသတွင်း စီးပွားရေးနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်လာစေရန် အကူအညီပေးနိုင်မည်ဖြစ်ပြီး ဒေသထွက် ထုတ်ကုန်များကို တန်ဖိုးထားတတ်လာကာ ဒေသတွင်းအဆင့်မှသည် နိုင်ငံတော်အစိုးရအဆင့်သာမက အာဆီယံဒေသကြီးအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအဆင့်အထိ ရေရှည်တည်တံ့သော ပြည်စုံကြွယ်ဝမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်း၍ ယင်းထုတ်ကုန်များ၏ အရေးပါပုံကို အသိအမှတ်ပြုတတ်လာစေရန် အကူအညီပေးနိုင်မည် ဖြစ်သည်။ ဤသင်ခန်းစာတွင် အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော် ကျင့်သုံးနေပြီ

ဖြစ်သည့် တစ်မြို့နယ် ထုတ်ကုန်တစ်မျိုး (OTOP) (သို့မဟုတ်) တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) တို့ကို ဒေသတွင်း စီးပွားရေးနှင့် ဒေသထွက် ထုတ်ကုန်များ အားကောင်းမြင့်တင်ပေးရန် ကနဦး စံပြသာဓကအနေဖြင့် မိတ်ဆက်သင်ကြားပေးသွားမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -

- မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ဒေသတွင်းထုတ်ကုန်များကို ဖော်ထုတ်ပြသတတ်မည်။
- နိုင်ငံတွင်းနှင့် ဒေသတွင်း စီးပွားရေးစနစ်များ၏ အသွင်အပြင်များနှင့် ယင်းစနစ်များ၏ ဒေသတွင်းအုပ်ချုပ်ရေး နိုင်ငံတော်၊ အာဆီယံဒေသကြီးတို့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကို အကဲဖြတ်တတ်မည်။
- အာဆီယံအသိုက်အဝန်းအတွင်း တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) လှုပ်ရှားမှုနှင့် မြန်မာနိုင်ငံ၏ တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) စနစ် ဖွံ့ဖြိုးတိုးတက်မှုကို ချဉ်းကပ်လုပ်ဆောင်မှုတို့ကို ဖော်ပြတတ်မည်။
- နိုင်ငံနှင့် အာဆီယံဒေသကြီးတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတွင်းစီးပွားရေး၊ ဒေသတွင်းထုတ်ကုန်များ၊ ဒေသတွင်း စီးပွားရေးစနစ်တို့ကို အသိအမှတ်ပြု၊ တန်ဖိုးထားတတ်မည်။

## မြန်မာနိုင်ငံ၏ အမျိုးသား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP၊ ၂၀၁၈ -၂၀၃၀) သည် 'အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။'[၂၂]

[၂၂] MSDP, 2018, p. 6

### ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ

| ပန်းတိုင်(၁) | ပန်းတိုင်(၂) | ပန်းတိုင်(၃) | ပန်းတိုင်(၄) | ပန်းတိုင်(၅) |
|---|---|---|---|---|
| ငြိမ်းချမ်းရေး အမျိုးသား ပြန်လည်သင့်မြတ်ရေး လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု | စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာ အားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု | အလုပ်အကိုင် ဖန်တီးရေး နှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေး | ၂၁ ရာစု လူမှုအသိုက်အဝန်း အတွက် လူသား အရင်းအမြစ်များ နှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး | နိုင်ငံ၏အနာဂတ် မျိုးဆက်များ အတွက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် |
| မဏ္ဍိုင် (၁) ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု | | မဏ္ဍိုင် (၂) သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု | မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ | |

**ပုံ ၂.၂၇။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအနှစ်ချုပ် မူဘောင်**[၂၃]

ဤမူဘောင်အတွင်းတွင် ဒေသတွင်း ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို ပြည့်မီအောင်လုပ်ဆောင်ခြင်းဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူလူထုဦးတည်သော၊ အားလုံး အကျုံးဝင်ပါဝင်နိုင်သော၊ ရေရှည်တည်တံ့ခိုင်မြဲမှုရှိသော၊ ပဋိပက္ခအလေးပေးဆောင်ရွက်သော၊ ဒီမိုကရေစီနည်းကျသော ကိုင်တွယ်ဖြေရှင်းနည်းများ ထည့်သွင်းရေးဆွဲထားပါသည်။

ပထမနှစ် လူမှုရေးဘာသာရပ်သင်ရိုးတွင် သင်ယူလေ့လာခဲ့ရသကဲ့သို့ပင် မြန်မာနိုင်ငံတွင် (အမြင့် ၅,၈၈၁ မီတာ) ရှိ ခါကာဘိုရာဇီတောင်မှသည် ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်ဝကျွန်းပေါ်ဒေသများအထိ မြောက်မှတောင် သွယ်တန်းစီးဆင်းလျက်ရှိသော တောင်တန်းများနှင့် အဓိကမြစ်ကြီးများနှင့်အတူ ကွဲပြားစုံလင်လှသော ရူပမြေမျက်နှာသွင်ပြင်များ ရှိပါသည်။ သို့ရာတွင် အဓိက ရူပမြေမျက်နှာအသွင်သဏ္ဌာန်အရ ဒေသကြီး ငါးခု ရှိပါသည်။ ယင်းတို့မှာ မြောက်ဘက်တောင်တန်းဒေသ၊ အနောက်ဘက်တောင်တန်း၊ အရှေ့ဘက်ကုန်းမြင့်ဒေသ၊ အလယ်ပိုင်းမြစ်ဝှမ်းဒေသနှင့် မြေပြန့်ဒေသ၊ ကမ်းရိုးတန်းလွင်ပြင်ဒေသတို့ ဖြစ်ကြပါသည်။ ထို့ကဲ့သို့ ပထဝီမြေမျက်နှာပြင် ကွဲပြားစုံလင်သကဲ့သို့ပင် မြန်မာနိုင်ငံသည် သဘာဝရင်းမြစ်ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

[၂၃] MSDP, 2018, p. 5

## မြန်မာနိုင်ငံအတွင်း ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု


ကမ္ဘာတစ်ဝန်းရှိ အစိုးရအများစုမှာ ဒေသတွင်း ပြည်သူများ၏ ပါဝင်လှုပ်ရှားမှုကို အားပေးမြှင့်တင်ပေးနိုင်ရန်နှင့် အဆိုပါပြည်သူများအား မိမိတို့၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့်မိမိတို့နေထိုင်မှုဘဝများကို အဆင့်မြှင့်တင်ရန်တွက် မိမိကိုယ်ပိုင်လုပ်အားများကို အသုံးချရန် အားပေးလှုံ့ဆော်ရန်တို့အတွက် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများကို အကောင်အထည်ဖော် ကျင့်သုံးနေကြပြီဖြစ်သည်။ ထို့အတူပင် မြန်မာအစိုးရသည်လည်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထည့်သွင်းစဉ်းစားနေစဉ်အတွင်း၌ ဒေသတွင်းနှင့် တိုင်းဒေသကြီးတွင်း ရပ်ရွာလူထုများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံရေးအသွင်ကူးပြောင်းပြီးချိန်မှစ၍ စီးပွားရေးအရ အင်အားကောင်းလာစေရန် ကြိုးပမ်းနေသည့်အလျောက် ဒေသတွင်းစီးပွားရေးနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းလာအောင် မြှင့်တင်ပေးခြင်းသည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသည့် နည်းလမ်းများအနက်မှ တစ်ခုအဖြစ်သတ်မှတ်ခံထားရပါသည်။ ဆင်းရဲနွမ်းပါးခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းတို့သည် နိုင်ငံမှရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုနှစ်ရပ်ဖြစ်၍ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများသည် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့ကို အဓိကအသားပေးထားပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) သည် စဉ်ဆက်မပြတ် တိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူများနှင့် လူ့အဖွဲ့အစည်း၏ ပြည့်စုံကောင်းမွန်စွာနေထိုင်နိုင်မှု အညွှန်းကိန်းများ မြင့်မားရေးအတွက် အဓိကသော့ချက်ပင် ဖြစ်ပါသည်။ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (LED) သည် ဒေသတွင်းရပ်ရွာလူထုအလိုက် သာလွန်ကောင်းမွန်သည့် အားသာချက်များအပေါ်နှင့် တမူထူးခြားသည့် လက္ခဏာရပ်များပေါ် အခြေခံတိုးမြှင့်လုပ်ဆောင်ပေးခြင်းဖြင့် အလုပ်အကိုင်များကို ဖန်တီးပေးခြင်းကို အလေးပေးထားပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP (၂၀၁၈) သည် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အား အောင်မြင်ရရှိရေးတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဒေသတွင်း စီးပွာရေးလုပ်ငန်းများ၏ အရေးပါမှုကို - 'ဝေးလံခေါင်သီသော ဒေသများရှိ တိုင်းရင်းသားများအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရာတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုသည် စိုက်ပျိုးရေးနှင့် အခြားသောကဏ္ဍများ၏ ထုတ်လုပ်နိုင်စွမ်း တိုးမြှင့်ရေးအတွက် ခိုင်မာသည့်အခြေခံဖြစ်သည့်အပြင် အမျိုးသားဖွံ့ဖြိုးရေး အစီအစဉ်တွင် ကိုယ်ပိုင်ဟု ခံယူစိတ်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များကို ပျိုးထောင်သကဲ့သို့ ဖြစ်ပေါ်စေပါသည်။ စွန့်ဦးတီထွင်မှုနှင့် အလားအလာရှိသည့် မိုက်ခရို

(Micro)၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ကုန်ထုတ်စွမ်းအား တိုးမြှင့်ရေးအတွက် ဦးတည်ပျိုးထောင်ပေးခြင်းနှင့် စွန့်ဦးတည်ထွင်နိုင်ရေးအတွက် လမ်းဖွင့်ပေးခြင်းသည် ပဋိပက္ခအလွန်နှင့် ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသူများ၏ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် အလွန်အရေးကြီးသည့် မောင်းနှင်အားများ ဖြစ်လာမည်ဖြစ်သည်။ (စာမျက်နှာ ၁၀ နှင့် ၁၁ တွင်)' ဟု အထူးအလေးပေး ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအတွင်း ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်၊ ရပ်ရွာအားလုံး၏ စီးပွားရေးအခြေအနေကို စစ်ဆေးအကဲဖြတ်သင့်သကဲ့သို့ ယင်းတို့ကို စီမံကိန်းချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်ပါသည်။ မြန်မာနိုင်ငံကို ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၇ ခုအဖြစ် ခွဲခြမ်းထားပါသည်။ ယင်းပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီတွင် မြို့နယ်များ၊ မြို့ပြရပ်ကွက်များ၊ ရပ်ရွာများပါဝင်ပြီးဖြစ်သည့် ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့တစ်ဖွဲ့စီ ရှိပါသည်။ နိုင်ငံအတွင်းရှိ အခြားခရိုင်များတွင် ပြည်ထောင်စုနယ်မြေ ၁ ခုဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေ ၅ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင် ၅ ခု ပါဝင်သည့် နေပြည်တော်လည်းပါဝင်ပါသည်။




**ပုံ ၂.၂၈။ မြန်မာနိုင်ငံ၏ ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ ခရိုင်များ**

## သင်ယူမှုလုပ်ငန်း (၁)။ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်နှင့် အုပ်စုလုပ်ငန်း - အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး

၁။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP ၊ ၂၀၁၈ - ၂၀၃၀) နှင့် ပတ်သက်၍ ပြုလုပ်ထားသော သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်၏ သိခြင်းနှင့် သိလိုခြင်းဇယားတိုင်များကို ဖြည့်စွက်ပါ။

| **သိခြင်း**<br>**MSDP နှင့် ပတ်သက်ပြီး**<br>**သိရှိခဲ့ပြီးသည့်အရာများ** | **သိလိုခြင်း**<br>**MSDP နှင့် ပတ်သက်ပြီး**<br>**သိလိုသည့်အရာများ** | **သိနားလည်သွားခြင်း**<br>**MSDP နှင့် ပတ်သက်ပြီး**<br>**သိနားလည်သွားသည့်အရာများ** |
| --- | --- | --- |
| | | |

၂။ အောက်တွင်ပါရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀) ၏ မဟာဗျူဟာ ၁.၂ - တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေး ဦးတည်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရေးတွင် ပါရှိသည့် လုပ်ငန်းစဉ်များကို ဖတ်ရှုပါ။[၂၄]

[၂၄] MSDP, 2018, pp. 11-12

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေး | | | | | |
| ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု | | | | | |
| မဟာဗျူဟာ ၁.၂ - တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေး ဦးတည်သည့် လူမှု စီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရေး | | | | | |
| ၁.၂.၁ | ပဋိပက္ခအလွန် နှင့် ပဋိပက္ခ အကျိုးဆက်ခံစားရသည့် ဒေသများ၌ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များအတွက် လုံခြုံပြီး၊ ဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်စေမည့်ပြန်လည် နေရာချထားရေး အစီအစဉ်များ အပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား စီမံခန့်ခွဲရာတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချ ပြီး လူမှုသဟဇာတ ဖြစ်မှု ပိုမိုဖြစ်ထွန်းလာစေရန် | လူမှုသဟဇာတဖြစ်မှုပိုမို ဖြစ်ထွန်းလာရန် အထောက်အကူပြုခြင်း နှင့် ပဋိပက္ခ အလွန် လူမှုစီးပွား ပြန်လည် တည်ဆောက်ခြင်းတို့ တွင် ဒေသဆိုင်ရာမှ ဆုံးဖြတ်၊ ဆောင်ရွက်ပိုင်ခွင့်ပေးခြင်း | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ စိုက်/ မွေး/ဆည်၊ အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန်၊ တိုင်းရင်းသားရေးရာ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၅၊ ၆ | SDG ၁၆.၆၊ SDG ၁၆.၇ |
| ၁.၂.၂ | အရင်းအမြစ်များကို စုစည်းနိုင်ရေး အစီအစဉ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရေး စီမံချက်များ ချဲ့ထွင်ရေးဆွဲရန်နှင့်အကောင်အထည်ဖော်ရန် | တိုင်းဒေသကြီး/ ပြည်နယ် အဆင့်တွင် ထိရောက်သည့် ပြည်သူ့ဝန်ဆောင်မှု ပေးခြင်း | သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၄၊ ၆ | SDG ၁၀.၁ ၊ SDG ၁၆.၆ |
| ၁.၂.၃ | ပဋိပက္ခအလွန်နှင့်ပဋိပက္ခအကျိုးဆက်ခံစားရသည့်ဒေသများတွင် အားလုံး ပါဝင်သော ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင် ဖန်တီးခြင်းတို့ကို တိုးမြှင့်စေရန်နှင့် ဦးစားပေး သတ်မှတ်ရန် | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး စီးပွားရေးဖွံ့ဖြိုးမှုညီမျှစေခြင်း (စီးပွားရေး ရည်မှန်းချက် ၂) | စီမံ/ဘဏ္ဍာ၊ စီးပွား/ ကူးသန်း၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ တိုင်းရင်းသားရေးရာ၊ | မူဝါဒ ၄၊ ၅၊ ၆၊ ၇ | SDG ၈.၃၊ SDG ၁၀.၁၊ SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၁.၂.၄ | မြန်မာနိုင်ငံအတွင်းသာမက ဒေသတွင်းရှိ ဖွံ့ဖြိုးမှုနှင့် လူဦးရေဗဟိုချက်နေရာများနှင့် မြန်မာနိုင်ငံတွင်းရှိ နောက်ကျကျန်နေသေးသော ဒေသများ အတွင်း လူမှုရေး၊ စီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုများကို မြှင့်တင်ပေးရန် | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး စီးပွားရေးဖွံ့ဖြိုးမှုညီမျှစေခြင်း (စီးပွားရေး ရည်မှန်းချက် ၂) | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ ပို့/ ဆက်၊ ဆောက်လုပ်ရေး၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ လျှပ်စစ်/ စွမ်းအင်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၄၊ ၅ | SDG ၁၀.၁ |
| ၁.၂.၅ | ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဘဏ္ဍာငွေခွဲဝေမှုတွင် ညီမျှ၍ အကျိုးရှိစွာ အသုံးချနိုင်မှု တိုးတက်လာစေရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး စီးပွားရေးဖွံ့ဖြိုးမှုညီမျှစေခြင်း (စီးပွားရေး ရည်မှန်းချက် ၂) | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၀.၁ |
| ၁.၂.၆ | ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ နောက်ဆုံး အစီရင်ခံစာတွင်ဖော်ပြထားသော သဘောထားမှတ်ချက်များအပေါ် ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် | ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးမြှင့်တင်ပေးခြင်း | ပြည်ထဲရေး၊ စီမံ/ ဘဏ္ဍာ၊ ရခိုင်ပြည်နယ် အစိုးရ၊ ရခိုင် ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ ရခိုင် ပြည်နယ် ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီ | မူဝါဒ ၄၊ ၅၊ ၆ | |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၁.၂.၇ | မောင်တောဒေသစုံစမ်း စစ်ဆေးရေးကော်မရှင်နှင့် အခြား သက်ဆိုင်ရာတပ်ဖွဲ့/ လုံခြုံရေး ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းများမှ ချမှတ် ရေးဆွဲထား သော သဘောထား မှတ်ချက်များ အပေါ် အပြည့်အဝအကောင် အထည်ဖော် ဆောင်ရွက်ရန် | ရခိုင်ပြည်နယ်အတွင်း လူမှု စီးပွား ဖွံ့ဖြိုး တိုးတက်စေရေးမြှင့် တင်ပေးခြင်း | ပြည်ထဲရေး၊ စီမံ/ ဘဏ္ဍာ၊ ရခိုင် ပြည်နယ် အစိုးရ၊ ရခိုင်ပြည်နယ် အတွင်း လူသားချင်း စာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာ ချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ လူသားချင်း စာနာမှု အကူအညီအထောက် အပံ့ပေးရေး၊ ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပြု ချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီ | မူဝါဒ ၄၊၅၊ ၆ | |
| ၁.၂.၈ | ပဋိပက္ခ အကျိုးဆက်ခံစားရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖွံ့ဖြိုးမှု အကူ အညီများနှင့် ရင်းနှီး မြှုပ်နှံမှု စီးဝင်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရန် | တိုင်းဒေသကြီးနှင့်ပြည် နယ် အားလုံးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ညီမျှစေခြင်း(စီးပွားရေး ရည်မှန်းချက် ၂) | ဖွံ့ဖြိုးမှု အကူအညီ များညှိနှိုင်းရေးအဖွဲ့ (DACU)၊ စီမံ/ဘဏ္ဍာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) | မူဝါဒ ၄၊ ၇ | SDG ၁၀.၁ |

၃။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀ခုနှစ်) သည် ဟန်ချက်ညီသော ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့ အားပေးမြှင့်တင်ပေးသည်ဆိုသည့်အပေါ် သင်၏ တွဲဖက်နှင့်အတူ ဆွေးနွေးမှုပြုပါ။

၄။ အထက်ပါ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်၏ သိနားလည်သွားခြင်း ဇယားတိုင်တွင် ဖြည့်စွက်ပါ။

## သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ခြင်း - ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တန်ဖိုးထားခြင်း

၁။ BBC မြန်မာပိုင်းသတင်းမှ '**ရိုးရာအစားအစာ ထန်းလျက်ကို ကျောင်းသူကျောင်းသား ၃၀၀ကျော် ကိုယ်တိုင်ချက်ပြီး ယှဉ်ပြိုင်ကြ**' ဆိုသည့် သတင်း ဆောင်းပါးကို ဖတ်ရှုပါ။ ပို့စ်အပြည့်အစုံကို ဤလင့်တွင်ဖတ်ရှုနိုင်ပါသည်။ - https://www.facebook.com/BBCnewsBurmese/posts/2503505916371945/

### ရိုးရာအစားအစာထန်းလျက်ကို ကျောင်းသူကျောင်းသား ၃၀၀ကျော် ကိုယ်တိုင်ချက်ပြီး ယှဉ်ပြိုင်ကြ

ဘီဘီစီမြန်မာပိုင်းသတင်း ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်အတွင်းက ဝါးရင်းချိုင် အ.ထ.က(ခွဲ) ကျောင်းမှာ ဒေသထွက်ကုန်တစ်ခုဖြစ်တဲ့ ထန်းလျက်ကို ကျောင်းသူကျောင်းသား ၃၀၀ ကျော်က ကိုယ်တိုင်အဆင့်ဆင့် ကျိုချက်ပြီး ယှဉ်ပြိုင်တဲ့ ကျောင်းတွင်း ပြိုင်ပွဲတစ်ခုကို စက်တင်ဘာ ၁၁ ရက်နေ့က ပြုလုပ်ခဲ့ကြပါတယ်။

**ပုံ ၂.၂၉။ ထန်းလျက်ချက်ပြိုင်ပွဲ**

မူလတန်းကနေ ဆယ်တန်းအထိ ကျောင်းသူကျောင်းသား ၃၀၀ ကျော်ကို အလောင်းဘုရား၊ ကျန်စစ်သား၊ အနော်ရထာ၊ ဘုရင့်နောင် စတဲ့အသင်းတွေအလိုက် အဖွဲ့ခွဲပြီး ဝင်ရောက်ယှဉ်ပြိုင်စေခဲ့တာဖြစ်တယ်လို့ ဝါးရင်းချိုင် အ.ထ.က(ခွဲ) ကျောင်းရဲ့ ကျောင်းအုပ်ဖြစ်သူ ဆရာဦးဘိုဘိုအောင်က ဘီဘီစီကို ပြောပါတယ်။

"ထန်းလျက်ချက်တာက ဒီဒေသရဲ့အဓိက ထွက်ကုန် စီးပွားရေးလိုဖြစ်နေတော့ သူတို့တွေက အိမ်မှာ မိဘတွေလုပ်တာ မြင်နေရတယ်။ ပြိုင်ပွဲမှာလည်း ကျောင်းသူကျောင်းသားတွေက တက်တက်ကြွကြွကို ပါဝင်ကြတယ်။ ဒါကိုပြိုင်ပွဲတစ်ခု အနေနဲ့

လုပ်ရတာက အခုထန်းရည်ကနေ သကြားအထိရဖို့ ခြေလှမ်းနေကြပြီ။ အဲ့တော့ ဒါက ရှေ့ကို ဆက်သွားမယ်ဆိုရင် ကလေးတွေ သူတို့တတ်ထားတဲ့ ပညာနဲ့ မိဘ လက်ငုတ်လက်ရင်းနဲ့ ပေါင်းလိုက်မယ်ဆိုရင် ဒီထက်ပိုမြင့်တဲ့ မြန်မာ့ထွက်ကုန်တစ်ခု ဖြစ်လာနိုင်ဖို့အတွက် ရည်ရွယ်ပြီး လုပ်ခဲ့တာပါ'' လို့ ဆရာဦးဘိုဘိုအောင်က ပြောပါတယ်။

အဆိုပါပြိုင်ပွဲမှာ တစ်သင်းစီမှာ ဆရာ၊ ဆရာမတစ်ဦးစီက အသင်းအုပ်ချုပ်သူအဖြစ် ပါဝင်ခဲ့ပေမယ့် ထန်းရည်ကနေ ထန်းလျက်ဖြစ်တဲ့အထိ အဆင့်ဆင့် ပြုလုပ်တာကို ကျောင်းသူကျောင်းသားတွေ ကိုယ်တိုင် ပြုလုပ်ခဲ့ကြတာဖြစ်ပြီး ဒေသက ထန်းလျက်ချက်တောင်သူတွေက ဒိုင်အဖြစ် အမှတ်ပေးဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

၂။ ယင်းသတင်းဆောင်းပါးကို ဖတ်ရှုပြီးနောက် အောက်ပါမေးခွန်းများနှင့် ပတ်သက်၍ စဉ်းစားပါ။

(က) အဆိုပါ ပြိုင်ပွဲကျင်းပရခြင်း၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။ အဆိုပါ ပြိုင်ပွဲကျင်းပခြင်းဖြင့် ကျောင်းသားများကို မည်သည့်များ သင်ကြားရန် ရည်ရွယ်ပါသနည်း။

(ခ) ဒေသထွက် ထုတ်ကုန်များနှင့် ဒေသတွင်း စီးပွားရေးကို သိရှိ၊ တန်ဖိုးထားတတ်ရန်သည် ကျွန်ုပ်တို့၏ ကျောင်းသားများနှင့် ဒေသခံ ပြည်သူများအတွက် အဘယ်ကြောင့် အရေးပါပါသနည်း။

(ဂ) မိမိတို့၏ ဒေသထွက် ထုတ်ကုန်များနှင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့၏ အရေးပါပုံကို ကျောင်းသားများ နားလည်သွားစေရန် ကျောင်းတွင်း အစီအစဉ်များကို မည်သို့ တိုးမြှင့် လုပ်ဆောင်သွားနိုင်မည်နည်း။

## ‘ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ’နှင့် ပတ်သက်သည့် သာဓက - တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP)[၂၅]

ဤအပိုင်းတွင် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများအနက်မှ တစ်ခု ဖြစ်သည့် တစ်မြို့နယ် ထုတ်ကုန်တစ်မျိုး (OTOP) (သို့မဟုတ်) တစ်ရွာ ထုတ်ကုန် တစ်မျိုး (OVOP) ဟု အမည်ခေါ်ဆိုသော မဟာဗျူဟာဖြင့် မိတ်ဆက်သင်ကြားပေးသွားမည်ဖြစ်သည်။ OVOP သည် ဒေသထွက်ကုန်များကို ဒေသတွင်း၊ ပြည်တွင်းသာမက ကမ္ဘာ့ဈေးကွက်တွင် လည်းယှဉ်ပြိုင်နိုင်သည့် ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပေးနိုင်ရန် ရည်ရွယ် ပါသည်။ OVOP သည် ဒေသထွက် ရင်းမြစ်များ၏ တစ်မူထူးခြားမှုအပေါ် အလေးပေးပါသည်။ ၎င်းကိုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် နေရာများတွင် စီးပွားရေးအင်အားစု၊ ဝင်ငွေ နှင့် လူမှုစည်းလုံးညီညွတ်မှုတို့ တိုးမြင့်လာခဲ့ပါသည်။ အာဆီယံသည် ဒေသတွင်းနှင့် ဗဟိုအစိုးရ များအား ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပုံစံငယ်အပေါ် လက်ခံဆောင်ရွက်ရာတွင် အကူအညီဖြစ်စေရန် OVOP လမ်းညွှန်ချက်များကို ပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံတွင် OVOP သည် ဒေသဆိုင်ရာ အကြီးအကဲများမှ ဆန္ဒရှိပါက လိုက်ပါ လုပ်ဆောင် နိုင်သည့် အမျိုးသားအဆင့် ဖွဲ့စည်းထားသော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ ယခုအချိန်တွင် အချို့နေရာများ၌ စီမံကိန်းသည် ကနဦးအနေအထားသာရှိသော်လည်း ဒေသထွက်ကုန်များ ဖော်ထုတ်ခြင်းနှင့် ၎င်းတို့အား ပြည်တွင်း၌ စိတ်ဝင်စားမှုပိုမို များပြားအောင် ဆောင်ရွက်ခြင်း ဖြင့် အကျိုးအမြတ်အနည်းငယ် ရရှိနေပြီဖြစ်သည်။ ဥပမာ- ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ ဝိုင်ချက်လုပ်ခြင်း။ မြန်မာနိုင်ငံရှိ အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို အစိုးရမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု လက်ခံဆောင်ရွက်ချိန်ဖြစ်သော ၁၉၆၀ ခုနှစ် အစောပိုင်းကာလတွင် စတင်ခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ OVOP ကို စတင် မိတ်ဆက်မပေးမီ ၎င်းနှင့် အလားတူ အခြားသော ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ လည်း ရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ OVOP စီမံကိန်းတွင် ၎င်းတို့၏ သီးခြားစိန်ခေါ်မှုအချို့လည်း ရှိလာပါသည်။ အစဉ်အလာအတိုင်း နေထိုင်သော လူ့အဖွဲ့အစည်းများတွင် ကျေးရွာနေသူများသည် ကိုယ်တိုင် အသုံးပြုရန်ဖြစ်စေ၊ အိမ်နီးချင်းများနှင့် လဲလှယ် (သို့မဟုတ်) အိမ်နီးချင်းများကို ရောင်းချရန်ဖြစ် စေ ထုတ်ကုန်များကို ထုတ်လုပ်ကြသည်။ ဤဒေသထွက်ကုန်များကို လယ်ယာလုပ်ကိုင်ခြင်း (သို့မဟုတ်) အိမ်အလုပ်များ ပြီးမြောက်ပြီးချိန် အားလပ်ချိန်အတွင်း ပြုလုပ်ကြပါသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ဝယ်ယူသူများ လိုအပ်သော ထုတ်ကုန်ပမာဏအတိုင်း ထုတ်လုပ်နိုင်မည့် စွမ်းဆောင်ရည်တို့သည် ပြဿနာတစ်ရပ်ဖြစ်လာပါသည်။

[၂၅] တစ်ရွာ ထုတ်ကုန်တစ်မျိုး(OVOP)ကို တစ်မြို့နယ် ထုတ်ကုန်တစ်မျိုး (OTOP) ဟုလည်း ဖော်ပြကြသည်။

OVOP ကို ရေရှည်တည်တံ့ပြီး ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် မြန်မာနိုင်ငံ၏ ဒေသတွင်း ရပ်ရွာလူထုအနေမြင့် တိုးမြှင့်လုပ်ဆောင်နိုင်သော နည်းလမ်းများစွာ ရှိပါသည်။ မြန်မာနိုင်ငံသည် အရည်အသွေးမီထုတ်ကုန်များကို ထုတ်လုပ်၊ ဖြန့်ချိနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ အားကောင်းလာအောင် လုပ်ဆောင်သင့်သကဲ့သို့ ကုန်ထုတ်လုပ်ရေး လမ်းကြောင်းများဖြစ်သည့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးနှစ်ရပ်စလုံး ခိုင်မာအောင် လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ ဖြစ်ရပ်လေ့လာခြင်း - အာဆီယံနိုင်ငံများတွင် ကျင့်သုံးသည့် OVOP

၁။ အောက်တွင်ပါရှိသော ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့နှင့် စပ်လျဉ်းသည့် ဖြစ်ရပ် လေ့လာချက်များကို ဖတ်ရှုပါ။

**ဖြစ်ရပ်လေ့လာချက် ၁။ ထိုင်းနိုင်ငံ - ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး (OTOP) နှင့် တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေးသဘောထားခံယူချက်(SEP)**

OTOP သည် (၂၀၀၄) ခုနှစ်တွင် စတင်ခဲ့သော ထိုင်းအစိုးရ၏ စီမံကိန်းတစ်ရပ် ဖြစ်ပြီးကျေးလက်ဒေသအဖွဲ့အစည်းများအတွက် ဝင်ငွေတိုးမြှင့်စေရန် ရည်ရွယ်ပါသည်။ နှစ်စဉ်အစိုးရမှ OTOP ထုတ်ကုန်များအား ထိုင်းလူမျိုးများသာမက နိုင်ငံခြားသားများကိုပါ တိုးမြှင့်ရောင်းချနိုင်ရန် ပြပွဲတစ်ခုကျင်းပမြဲဖြစ်ပါသည်။

စီမံကိန်းသည် ထိုင်းနိုင်ငံ၏ ဒေသပေါင်း (ခရိုင်ငယ် ဟုလည်းသုံးသည်) ၇၂၅၅ ခု လုံး၏ ဒေသတွင်း ထုတ်လုပ်၍ရောင်းချသည့် ထုတ်ကုန်များကို အထောက်အပံ့ပေးရန် ရည်ရွယ်ခဲ့ပါသည်။ စီမံကိန်းသည် ထိုင်းနိုင်ငံရှိ ကျေးလက်ဒေသတိုင်းအား အရည်အသွေးမြင့် ဒေသထွက်ကုန်များ ထုတ်လုပ်နိုင်ပြီး နိုင်ငံတစ်ဝန်း ရောင်းချနိုင်ရန် ကူညီပေးပါသည်။ OTOP လုပ်ငန်းသည် ဒေသတွင်းနှင့် နိုင်ငံ တကာတွင် ရောင်းချနိုင်သော ထုတ်ကုန်ဖန်တီးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ကျေးလက်လူထု၏ ကိုယ်ထူကိုယ်ထ အားထုတ်မှုတစ်ရပ်လည်း ဖြစ်ပါသည်။



**ပုံ ၂.၃၀။ ထိုင်းနိုင်ငံ၏ OTOP ထုတ်ကုန်နမူနာ - သရက်ပြား**

ထိုင်းနိုင်ငံ၏ OTOP အောင်မြင်ရခြင်း၏ အစပြုရာမှာ နတ်ရွာစံ ထိုင်းဘုရင်ဘူမိဘောအဒူလျာဒတ်က ၁၉၇၄ ခုနှစ်တွင် စတင်မိတ်ဆက်ကြံဆပေးခဲ့သည့် တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေးသဘောထားခံယူချက် (SEP) မှပဲ ဆိုနိုင်ပါသည်။ နိယာမသုံးခုဖြစ်သော အစွန်းမရောက်ခြင်း၊ ကျိုးကြောင်းသင့်တင့်ခြင်းနှင့် မိမိကိုယ်ကိုအားကိုးခြင်းတို့ကို စာရိတ္တနှင့် အသိပညာတို့နှင့်အတူယှဉ်တွဲ၍ တစ်ဦးချင်းမှ တစ်နိုင်ငံလုံးအထိ မည်သည့်လူ့အဖွဲ့အစည်းအလွှာတွင်မဆို အသုံးချနိုင်ပါသည်။ တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေးပိုင်းဆိုင်ရာ သဘောထားခံယူသည် အဖွဲ့အစည်းများ၊ လူသားရင်းမြစ်၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် အစိုးရ၏ အခန်းကဏ္ဍတို့တွင် ပြဿနာရပ် များဖြစ်သော လက်ရှိဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများကို ဖြေရှင်းပေးပါသည်။ တစ်သီးတစ်သန့်ရပ်တည်နိုင်သော စီးပွားရေးသည် လူသားတို့ပိုမို၍ ပြည့်စုံကောင်းမွန်စွာနေထိုင်နိုင်ရေးကိုဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တစ်ခုအဖြစ် ရည်ရွယ်လုပ်ဆောင်သော ဖွံ့ဖြိုးတိုးတက်မှုစံနမူနာ အသစ်တစ်မျိုးဖြစ်ပါသည်။[၂၆]

SEP သည် တစ်ဦးတစ်ယောက်နှင့် ရပ်ရွာလူထုတစ်ခု၏ မိမိကိုယ်ကို အားကိုးခြင်းအပေါ် ပညာရေးအခြေခံလိုအပ်ချက်နှင့်နည်းတူ အလေးအနက်ထားပါသည်။ SEP သည် ပြည်သူလူထုအား ထိခိုက်နိုင်မှုလျှော့ချပေးပြီး မိမိဘဝကို ပုံဖော်နိုင်ရန်နှင့် ရွေးချယ်ခွင့်ရှိရန် ၎င်းတို့၏ ကိုယ်ပိုင်စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင် အကူအညီပေးခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ပါသည်။ တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေးသဘောထားခံယူချက် (SEP) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊

[၂၆] အာရှပစိဖိတ်ဖွံ့ဖြိုးတိုးတက်ရေးဂျာနယ် အတွဲ ၁၇၊ အမှတ် ၁၊ ဇွန်လ ၂၀၁၀

စားနပ်ရိက္ခာဖူလုံရေး၊ ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှု၊ ရေရှည်တည်တံ့သောစက်မှုလုပ်ငန်းအသွင်ကူးပြောင်းရေး၊ ရေရှည်တည်တံ့သော ထုတ်ယူသုံးစွဲမှုနှင့် ကုန်ထုတ်လုပ်မှုတို့ကဲ့သို့သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် ဦးတည်ချက်များစွာနှင့် ကိုက်ညီမှုရှိပါသည်။ SEP အတွေးအမြင်များနှင့်အတူ လူများသည် အစွန်းမရောက်ဘဲ မှန်ကန်ဖြောင့်မတ်၍ မိမိကိုယ်ကို အားကိုးတတ်လာမည်ဖြစ်ရာ ပတ်ဝန်းကျင် (သို့မဟုတ်) သဘာဝရင်းမြစ်များကို လွန်ကဲစွာအသုံးပြုမည် (သို့မဟုတ်) အလွဲသုံးစားပြုလုပ်မည်မဟုတ်ပါ။ ၎င်းတို့သည် ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးပြီး အနာဂတ်အတွက် ထိန်းသိမ်းကာကွယ်၍ သဘာဝတရားနှင့် သဟဇာတဖြစ်အောင် နေထိုင်တတ်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် ထိုင်းနိုင်ငံ၏ ခရိုင်ငယ်တစ်ခုစီရှိ ဒေသတွင်းထုတ်လုပ်၍ ရောင်းချသည့် ထူးခြားသောထွက်ကုန်များ (ဥပမာ - လက်မှုပစ္စည်းများ၊ ချည်ထည်နှင့် ပိုးထည်များ၊ မြေထည်ပစ္စည်းများ၊ ဖက်ရှင်အသုံးအဆောင်များ၊ အိမ်သုံးပစ္စည်းများ၊ အစားအစာများ) ကို ပြည်တွင်းနှင့် နိုင်ငံတကာတွင် ရောင်းချနိုင်အောင် အားပေးခြင်းဖြင့် SEP အောင်မြင်ရန်မှာ ထိုင်းနိုင်ငံရှိ OTOP ၏ ရည်မှန်းချက်ဖြစ်ပါသည်။[၂၇] SEP၏ သဘောတရားသည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၂၀၃၀) တွင် ပါရှိသော ရည်မှန်းချက်များ၊ ဦးတည်ချက်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။ ၎င်းတို့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းချက်များအတွက် SEP ကို ထင်ရှားစွာ အသုံးချမှုအချို့တွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှု၊ ရေရှည်တည်တံ့သော စက်မှုလုပ်ငန်း၊ ရေရှည်တည်တံ့သော စားသုံးမှုနှင့် ထုတ်လုပ်မှုတို့ ပါဝင်ပါသည်။ SEP ကို ကိုင်တွယ်ဖြေရှင်းနည်း (သို့မဟုတ်) ခံယူချက်ပိုင်း ဆိုင်ရာမူဘောင်တစ်ခုအဖြစ် SDG ၁၇ ချက်လုံးနှင့်အတူတကွတွဲ၍ အသုံးချနိုင်သကဲ့သို့ ယင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၂၀၃၀) ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်၊ လက်တွေ့လုပ်ဆောင်ရေးတွင် အထောက်အကူဖြစ်စေပြီး အဖက်ဖက်က ပြီးမြောက်အောင် လုပ်ဆောင်ပေးနိုင်ပါသည်။

[၂၇] တစ်သီးတစ်သန့်ရပ်တည်နိုင်သော စီးပွားရေးသဘောထားခံယူချက်ဆိုင်ရာ နိုင်ငံတကာအလုပ်ရုံနှင့် OTOP ၊ CIRDAP ၂၀၁၉

**ဖြစ်ရပ်လေ့လာချက် ၂။ ဖိလစ်ပိုင်နိုင်ငံ - OTOP ၊ မိုက်ခရို (Micro)၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)**

ဖိလစ်ပိုင်နိုင်ငံရှိ OTOP သည် ဒေသထွက် ကုန်ကြမ်းပစ္စည်းများ၊ ဒေသဆိုင်ရာ ကျွမ်းကျင်မှုနှင့် အရည်အချင်းများကို အသုံးချခြင်းမှတစ်ဆင့် မိုက်ခရို (Micro)၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ထူးခြားဆန်းပြားသော ထုတ်ကုန်များကိုဖြစ်စေ၊ ဝန်ဆောင်မှုများကိုဖြစ်စေ ထုတ်လုပ်နိုင်ရန်၊ ကမ်းလှမ်းချက်ပြုနိုင်ရန်၊ ဈေးကွက်တင် ရောင်းချနိုင်ရန် အထောက်အပံ့ပေးပါသည်။ OTOP သည် ပြည်သူများကို ဒေသတွင်း ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းရင်းမြစ်၊ တီထွင်ဖန်တီးခြင်း၊ အဆက်အသွယ်၊ အများနှင့် ယှဉ်ပြိုင်နိုင်သော အားသာချက်ရှိမှုတို့ကို အရင်းတည်၍ ထုတ်ကုန်များကို ဖန်တီးရန်နှင့် တိုးမြင့်ရောင်းချနိုင်ရန် ကူညီပေးပါသည်။ စီမံကိန်းသည် OTOP စွန့်ဦးတီထွင်သူများ အား ဈေးကွက်တင်ရောင်းချနိုင်သော ထုတ်ကုန်များကို တီထွင်ကြံဆပြီး ထုတ်လုပ်နိုင် ရန် အားပေးပါသည်။[၂၈]




**ပုံ ၂.၃၁။ ဖိလစ်ပိုင်နိုင်ငံထုတ် ချောကလက်ခဲ (ဒေသထွက်ကုန်)**

၂။ မိမိတွဲဖက်နှင့်အတူ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ နှစ်နိုင်ငံရှိ OVOP ၏ အောင်မြင်သည့် နည်းပယ်များအကြောင်းကို ဆွေးနွေးပါ။

၃။ ငါးယောက်ပါအုပ်စုအတွင်း၌ သတ်မှတ်ထားသည့် တိုင်းဒေသကြီးအတွက် OVOP ကနဦးလုပ်ငန်း လုပ်ဆောင်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ခြေရှိသော ဒေသထွက် ထုတ်ကုန် တစ်မျိုးကို ရွေးချယ်ပါ။ အဆိုပါ ထုတ်ကုန်သည် စီးပွားရေးအရ ရေရှည် တည်တံ့နိုင်ပြီး ဒေသခံလူထုအတွက် အမြတ်အစွန်း ရရှိအောင် ဖန်တီးပေးနိုင်အောင် မည်သို့လုပ်ဆောင်ရမည်နှင့် ပတ်သက်၍ သုတေသနပြုရှာဖွေပါ။

[၂၈] ကုန်သွယ်ရေးနှင့် စက်မှုဦးစီးဌာန၊ OTOP ၊ ဖိလစ်ပိုင်နိုင်ငံ

၄။ မြန်မာနိုင်ငံအတွင်း OVOP (သို့မဟုတ်) အခြားသော ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု (LED) မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တွေ့ကြုံရသော အဓိကအခွင့်အလမ်းများနှင့် အခက်အခဲများအကြောင်း ဆွေးနွေးပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ်နေရာများမှာမည်သည်တို့ဖြစ်ပြီး ယင်းတို့သည် ကမ္ဘာလုံးအတိုင်းအတာ၊ နိုင်ငံလုံးအတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထုနှင့် ဒေသခံ ပြည်သူများအတွက် မည်သည့်အတွက်ကြောင့် အရေးပါသနည်း။

၂။ ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ထိန်းသိမ်းရာတွင် တွေ့ကြုံရသည့် အခက်အခဲ များမှာ အဘယ်နည်း။

၃။ အဆိုပါ အမွေအနှစ်နေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နိုင်ငံတွင်းရှိ ပြည်သူလူထုများနှင့် ဒေသခံပြည်သူများက မည်သည့်အားထုတ်မှုများ ပြုခဲ့ကြ သနည်း။

၄။ အမွေအနှစ်နေရာများနှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ထိန်းသိမ်းစောင့်ရှောက် ခြင်းသည် အဘယ်ကြောင့်အရေးကြီးသနည်း။

၅။ မြန်မာနိုင်ငံရှိ အဓိက ရိုးရာပွဲတော်များကို ဖော်ပြပါ။ ယင်းပွဲတော်တို့ကို မည်သည့် အတွက်ကြောင့် ကျင်းပကြသနည်း။

၆။ ယဉ်ကျေးမှု၊ ဘာသာရေးကိုးကွယ်ယုံကြည်မှုနှင့် ဒေသတွင်းပွဲတော်များသည် မည်သို့ ဆက်နွယ်နေသနည်း။

၇။ မိမိတို့၏ ရပ်ရွာလူထုအတွင်းတွင် တွေ့ရှိရသော ဒေသတွင်းပွဲတော်များအကြောင်း ဆွေးနွေးပါ။ အဆိုပါပွဲတော်များကို မည်သို့ဆင်နွှဲကြသနည်း။ ယင်းပွဲတော်၏လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု အကျိုးကျေးဇူးအချို့မှာ အဘယ်နည်း။

၈။ ရိုးရာပွဲတော်များသည် အဘယ်ကြောင့် အရေးပါသနည်း။

၉။ ရိုးရာပွဲတော်များသည် လူမှုသဟဇာတဖြစ်စေရေးနှင့် ပေါင်းစည်းရေးအတွက် မည်သို့ အထောက်အပံ့ပြုပေးနိုင်သနည်း။

၁၀။ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်း လူ့အသိုက်အဝန်းနှင့် ဒေသခံ ပြည်သူများအတွက် အဘယ်ကြောင့် အရေးပါသနည်း။

၁၁။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀) ၏ ပဓာနကျသော တန်ဖိုးများမှာ အဘယ်နည်း။

၁၂။ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံနှင့် တစ်ကမ္ဘာလုံး၏ ကာလရှည် စဉ်ဆက်မပြတ်တိုးတက်မှုအတွက် အဘယ်ကြောင့် အရေးပါသနည်း။

၁၃။ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများမှာ မည်သည်တို့ ဖြစ်သနည်း။

# အခန်းဆုံး အနှစ်ချုပ်

## အဓိကအချက်များ

- ဒေသတွင်း အမွေအနှစ်နေရာများနှင့် ဒေသတွင်း အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကျွန်ုပ်တို့၏ အမျိုးသားအမွေအနှစ်နှင့် သမိုင်းကြောင်းတို့ကို စောင့်ထိန်းရာတွင် အလွန်အရေးပါလှပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန်လည်မွမ်းမံခြင်းသည် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် နှစ်ရပ်လုံးကို အကာအကွယ်ပြုခြင်းနှင့် ထိန်းသိမ်းခြင်းတို့အပေါ်တွင် အလေးပေးဆောင်ရွက်ပါသည်။ သမိုင်းဝင်အရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အဆိုပါသမိုင်းကြောင်းနှင့် ဆက်စပ်နေသည့် လူ့အသိုက်အဝန်း၊ လူထုတို့၏ မြစ်ဖျားခံရာ သမိုင်းကြောင်းအဆက်အနွယ်တစ်ရပ်ကို ပံ့ပိုးပေးနိုင်ရုံသာမက နောက်နောင်တွင်လည်း ရပ်ရွာလူထုနှင့် နိုင်ငံတော်အတွက် စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ပညာရေးဆိုင်ရာအကျိုးကျေးဇူးများရရှိမှုတွင် ပါဝင်ပတ်သက်လွှမ်းမိုးမှုရှိနိုင်ပါသည်။
- ပွဲတော်များဆိုသည်မှာ လူသားတို့၏ အမွေအနှစ်၊ ယဉ်ကျေးမှု၊ ရိုးရာများကို ဆင်နွှဲရန်နှင့် အသိအမှတ်ပြုကြောင်းပြရန် ဖော်ပြသည့်နည်းလမ်းတစ်မျိုး ဖြစ်သကဲ့သို့ အမျိုးသားရေးရာဖြစ်စေ၊ ယဉ်ကျေးမှုရေးရာဖြစ်စေ၊ တိုင်းရင်းသားရေးရာဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှု ခံယူချက်များအပေါ်ဖြစ်စေ ထင်ဟပ်မြင်တွေ့နိုင်သော ပွဲများဖြစ်ကြသည်။
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀) သည် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို အောင်မြင်ရရှိနိုင်ရေးတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဒေသတွင်းစီးပွားရေးများ၏ အရေးပါမှုအပေါ် အလေးပေးထားပါသည်။
- တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) လုပ်ရှားမှုဆိုသည်မှာ ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့်အထိပါ ရောင်းချနိုင်သည့် ထုတ်ကုန်များကို ဖန်တီးထုတ်လုပ်ရာတွင် ကျေးလက်ဒေသ/ ဒေသတွင်းနေ ရပ်ရွာလူထုများ၊ ကိုယ်ထူကိုယ်ထအားထုတ်မှုဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။ ယင်းသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို သေချာစေမည့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများအနက်မှတစ်ချက်ဖြစ်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းတွင် သင့်အား တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနှင့် စီးပွားရေး အယူအဆများကို ဒေသတွင်း/သမိုင်းဝင် အထင်ကရနေရာများ၊ ဝတ်စုံနှင့် ယဉ်ကျေးမှုများအပေါ် အထူးအလေးအနက်ထား၍ မိတ်ဆက်တင်ပြခဲ့ပြီးဖြစ်ပါသည်။ OTOP/OVOP ဒေသထွက်ကုန်သဘောတရားကို အာဆီယံဥပမာများဖြင့်လည်း ရှင်းလင်းတင်ပြထား ပါသည်။ ကျောင်းသားများသည် ဤမေးခွန်းများကို ဆွေးနွေးနိုင်ရပါမည်။

၁။ သမိုင်းဝင်အမွေအနှစ်နေရာများ၏ အရေးပါပုံမှာ အဘယ်နည်း။

၂။ မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ်နေရာများနှင့် စပ်လျဉ်းသည့် သာဓကများမှာ မည်သည်တို့ဖြစ်ပြီး ယင်းတို့သည် ကမ္ဘာလုံးအတိုင်းအတာ၊ တစ်နိုင်ငံလုံးအတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထုနှင့် ဒေသခံပြည်သူများအတွက် မည်သည့်အတွက်ကြောင့် အရေးပါသနည်း။

၃။ ရိုးရာပွဲတော်များသည် ဒေသတွင်းယဉ်ကျေးမှုကို သိရှိနားလည်မှုနှင့် စပ်လျဉ်း၍ မည်သည့်အတွက်ကြောင့် အရေးပါသနည်း။

၄။ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အဘယ်ကြောင့် တန်ဖိုးထားကြပါသနည်း။

၅။ မြန်မာနိုင်ငံအတွင်း OVOPအပါအဝင် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တွေ့ကြုံရသော အဓိက အခွင့်အလမ်းများနှင့် အခက်အခဲများမှာ မည်သည်တို့ဖြစ်သနည်း။

၆။ မြန်မာပြည်၏ ဒေသတွင်းစီးပွာရေးကို ကျွန်ုပ်တို့အနေဖြင့် မည်သို့ ခိုင်မာအားကောင်းအောင် လုပ်ဆောင်နိုင်မည်နည်း။

# ဆက်လက်ဖတ်မှတ်စရာများ

Association of Myanmar Architects. (2012). *30 heritage buildings of Yangon: Inside the city that captured time*. Chicago, IL: Serindia Publications.

Barnes, T. (1999) *The Kingfisher book of religions: Festivals, ceremonies, and beliefs from around the world*. New York, NY: Kingfisher.

BBC Burmese. (2019, September 12). [Over 300 Myanmar students compete in local jaggery making'] [Facebook status update]. Retrieved from https://www.facebook.com/BBCnewsBurmese/posts/2503505916371945/

Blair, J. P., & Carroll, M. C. (2008). Local economic development: Analysis, practices, and globalization (2nd ed.). Thousand Oaks, CA: Sage Publications.

Condra, J. (Ed.). (2013). *Encyclopedia of national dress: Traditional clothing around the world*. Santa Barbara, CA: ABC-CLIO.

Go Myanmar Tours. (2020). *Myanmar World Heritage Sites*. Retrieved from https://www.gomyanmartours.com/myanmar-world-heritage-sites/

Insight Guides. (2018). *Myanmar*. London, England: Insight Guides.

James, J., Thomas, G., & Zatko, M. (2015). *The Rough Guide to Myanmar (Burma)* (1st ed.). London, England: Rough Guides.

Kurokawa, K., Tembo, F., & te Velde, D.W. (2010). Challenges for the OVOP movement in Sub-Saharan Africa (Insights from Malawi, Japan and Thailand). Retrieved from https://www.files.ethz.ch/isn/116727/2010-04_Challenges-for-the-OVOP.pdf

Natsuda, K., Igusa, K., Wibbonpongse, A., & Thoburn, J. (2012). One village One product – rural development strategy in Asia: The case of OTOP in Thailand. Canadian Journal of Development Studies, 33, 369-385.

Reid, R., & Grosberg, M. (2005). *Myanmar (Burma)* (9th ed.). London, England: Lonely Planet.

Richmond, S., Bush, A., Eimer, D., Elliott, M., & Ray, N. (2014). *Myanmar (Burma)* (12th ed.). London, England: Lonely Planet.

Shway Yoe. (1963). *The Burman, his life and notions*. New York, NY: Norton.

Thomas, G. (2017). The Rough Guide to Myanmar (Burma) (2nd ed.). London, England: Rough Guides.

Tun, S. (2016). Village development part 1. Monywa Gazzette

Underhill, A. P., & Salazar, L. C. (Eds.). (2016). *Finding solutions for protecting and sharing archaeological heritage resources*. Cham, Switzerland: Springer.

United Nations Scientific, Cultural and Educational Organization. (2017). *World Heritage Sites: A complete guide to 1073 UNESCO World Heritage sites* (8th ed). Richmond Hill, Ontario, Canada: Firefly Books.

Yangon City Development Council. (n.d.). *Introduction of Myanma festivals*. Retrieved from https://www.ycdc.gov.mm/content.php?yangon=Festivals

# အခန်း ၃

## စိုက်ပျိုးရေးလုပ်ငန်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးပေါ်တွင် အဓိက မှီတည်နေသည်။ စိုက်ပျိုးရေးကဏ္ဍသည် တစ်နိုင်ငံလုံး၏ စီးပွားရေးတိုးတက်လာမှုနှင့် နိုင်ငံ အနာဂတ် ရေရှည်တည်မြဲရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ နိုင်ငံ့လူဦးရေ စုစုပေါင်း၏ (၇၀) ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ စိုက်ပျိုးရေးကဏ္ဍတွင် အသိပညာဗဟုသုတနှင့် နည်းပညာလိုအပ်ချက်တို့ ရှိနေပြီး အထူးသဖြင့် ကျေးလက်ဒေသများ၌ ယင်းတို့မှာ ပိုမိုလိုအပ် နေသည်။ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်အတွက် ကျေးလက်ဒေသရှိ လယ်သမားများကို ပညာပေးရန် ကြိုးစားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ အရေးပါမှုကို ကြည့်လျှင် စိုက်ပျိုးရေးဆိုင်ရာပညာရေးသည် အဓိက ဦးစားပေးဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရာတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းပါ စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများကို ဆရာများနှင့် ကျောင်းသားများအား မိတ်ဆက်ပေးခြင်းသည် နောင်လာမည့်မျိုးဆက်အတွက် လူ့စွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလွန်အရေးကြီးသည်။ ဤအခန်းသည် အခြေခံစိုက်ပျိုးရေးဆိုင်ရာ သိပ္ပံကျွမ်းကျင်မှု များကို နားလည်ရန်နှင့် မြန်မာနိုင်ငံရှိ အခြေခံပညာရေးကျောင်းများတွင် ဘာသာရပ်အဖြစ် သင်ကြားရန် အထောက်အကူပြုလိမ့်မည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -

- မြန်မာနိုင်ငံအတွင်း၌ စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံကို ရှင်းပြတတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ရပ်ရွာအသိုင်းအဝိုင်းများအလိုက် တွေ့ရှိရသော ဒေသထွက်သီးနှံများကို ဖော်ပြပြောဆိုတတ်မည်။
- လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား ကွာခြားချက်များကို ဖော်ထုတ်တတ်မည်။
- ဖြစ်ပေါ်နေသော အချဉ်ပေါက်မြေ ပြဿနာများနှင့် ၎င်းအချဉ်ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ဆွေးနွေးတတ်မည်။
- အငန်ပေါက်မြေ ပြဿနာအမျိုးအစားနှင့် ၎င်းအငန်ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ရှင်းပြတတ်မည်။
- စိုက်ပျိုးရေးလုပ်ငန်း၌ သဘာဝမြေသြဇာများ၏ တန်ဖိုးကို ဖော်ပြတတ်မည်။
- ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝမြေသြဇာများကို သိုလှောင်ပုံနှင့် အသုံးချပုံကို ဖော်ပြတတ်မည်။
- ရိုးရှင်းသော ကိုင်းဆက်ကူးနည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့် လုပ်ငန်းစဉ်ကို ရှင်းပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) (၁.၄) ပညာရေးဆိုင်ရာ ရင်းမြစ်များကိုသုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။

## အဓိက အသုံးအနှုန်းများ

| | |
|---|---|
| စိုက်ပျိုးရေးလုပ်ငန်း | မျိုးကိုင်း |
| လယ်ယာသီးနှံများ | ကိုင်းဆက်ပင် |
| ဥယျာဉ်ခြံသီးနှံများ | အသားတိုးလွှာ |
| အချဉ်ပေါက်မြေ | ပိုးကျခြင်းများ |
| အငန်ပေါက်မြေ | ဘက်တီးရီးယား |
| မြေချဉ်ငန်ကိန်း (pH) | မှို |
| ထုံးကျောက်/ ထုံးခဲတ် | နီမတုတ် |
| ဆာလဖာ | ကပ်ပါးပိုးများ |
| ဂျစ်ပဆမ် (gypsum) | ဥယျာဉ်ခြံမြေရှုခင်းပုံဖော်ခြင်း |
| မြေသြဇာ | အကိုင်းချိုင်ခြင်း |
| မြေဆွေး/နွားချေး | ပျိုးထောင်ပေးခြင်း |
| ကိုင်းဆက်ကူးခြင်း | |

# ၃.၁ ။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း

ဤအခန်းငယ်သည် သင့်အား မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်မှုဆိုင်ရာ အခြေခံ သတင်းအချက်အလက်နှင့် ဗဟုသုတများကို ပံ့ပိုးပေးသည်။ ဤအခန်းမှ ရရှိသော ဗဟုသုတ များသည် အခြေခံပညာကျောင်းသားများအား သင်ကြားရာတွင် အထောက်အကူပြုလိမ့်မည်။

## ၃.၁.၁ | စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာနိုင်ငံအတွင်း၌ စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံကို ရှင်းပြတတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ရပ်ရွာအသိုင်းအဝိုင်း များအလိုက် တွေ့ရှိရသော ဒေသထွက် သီးနှံများကို ဖော်ပြပြောဆိုတတ်မည်။

**စိုက်ပျိုးရေးလုပ်ငန်း**

စိုက်ပျိုးရေးကို စီးပွားရေးအတွက် ရည်ရွယ်၍ ကောက်ပဲသီးနှံများနှင့် ခြံမွေးတိရိစ္ဆာန်များ စိုက်ပျိုးမွေးမြူခြင်း၏ အတတ်ပညာ၊ သိပ္ပံနည်းပညာနှင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရိုးရှင်းစွာ သတ်မှတ်ထားသည်။

စိုက်ပျိုးရေးသည် ဥယျာဉ်ခြံစိုက်ပျိုးရေး၊ ခြံမွေး တိရစ္ဆာန်မွေးမြူရေး၊ ငါးမွေးမြူရေး၊ သစ်တော လုပ်ငန်း စသည်တို့ အပါအဝင် သီးနှံထုတ်လုပ်မှု ကဏ္ဍအားလုံး ပါဝင်သည့် အသုံးချ သိပ္ပံပညာရပ်တစ်ခုဖြစ်သည်။

ယေဘုယျအားဖြင့် စိုက်ပျိုးရေးတွင် ခုနစ်မျိုး ကွဲသွားသည်။

(၁) **လယ်ယာစိုက်ပျိုးရေး** - နှံစားပင်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ အမျှင်ထွက်သီးနှံ၊ သကြား၊ ရော်ဘာ၊ တိရစ္ဆာန်အစာအဖြစ်သုံးသော သီးနှံ စသည်ဖြင့် အမျိုးမျိုးသော ကောက်ပဲ

သီးနှံများ ထုတ်လုပ်ခြင်းတို့နှင့် သက်ဆိုင်သည်။

(၂) **ဥယျာဉ်ခြံစိုက်ပျိုးရေး** - အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များ၊ အလှပင်များ စိုက်ပျိုးထုတ်လုပ်မှုနှင့် သက်ဆိုင်သည်။

(၃) **သစ်တောလုပ်ငန်း** - အထူးသဖြင့် သစ်သားနှင့် ပျဉ်များ ရောင်းချခြင်းအတွက် နှစ်ရှည်ပင်များကို အကြီးစားစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည်။

(၄) **တိရစ္ဆာန်မွေးမြူရေး** - လူတို့အား အစားအစာများ ထောက်ပံ့ရန်နှင့် ကောက်ပဲ သီးနှံများအတွက် စွမ်းအင် (ခိုင်းနွား) နှင့် နွားချေးမြေသြဇာများ ပံ့ပိုးရန် အလို့ငှာ သားဖောက်ခြင်းနှင့် မွေးမြူခြင်းကိစ္စများနှင့် သက်ဆိုင်သည်။

(၅) **ငါးလုပ်ငန်းဆိုင်ရာသိပ္ပံ** - အစားအစာ၊ အစာကျွေးခြင်းနှင့် တိရစ္ဆာန်စွန့်ပစ် ပစ္စည်းမြေသြဇာများကို ထောက်ပံ့ပေးရန်အလို့ငှာ ပင်လယ်နှင့် ကုန်းတွင်း ငါး၊ ပုစွန်၊ ပုစွန်ဆိတ် စသည်တို့အပါအဝင် ငါးသားဖောက်မွေးမြူရေးနှင့် သက်ဆိုင်သည်။

(၆) **စိုက်ပျိုးရေးဆိုင်ရာ အင်ဂျင်နီယာနည်းပညာ** - လယ်ယာလုပ်ငန်းအတွက် လယ်ယာစက်ယန္တရားများနှင့် သက်ဆိုင်သည်။

(၇) **အိမ်တွင်းမှုသိပ္ပံ** - တန်ဖိုးထပ်ဆောင်းမြှင့်တင်ခြင်းနှင့် အစားအစာပြင်ဆင်ခြင်းအပါအဝင် အာဟာရဖူလုံမှုရှိစေရန် စိုက်ပျိုးရေးထွက်ကုန်များကို ပိုမိုကောင်းမွန်သည့် နည်းလမ်းဖြင့် အသုံးချခြင်း၊ ပြုပြင်အသုံးပြုခြင်းတို့နှင့် သက်ဆိုင်သည်။

## စိုက်ပျိုးရေးလုပ်ငန်း၏ အခန်းကဏ္ဍနှင့် အရေးပါမှု

စိုက်ပျိုးရေးလုပ်ငန်းသည် ကျွန်ုပ်တို့နိုင်ငံ၏ စီးပွားရေးစနစ်နှင့် စားနပ်ရိက္ခာဖူလုံရေး တို့တွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်နေပါသည်။ အစားအစာနှင့် ကုန်ကြမ်းပစ္စည်းများ ပံ့ပိုးပေးခြင်းအပြင် ၎င်းသည် မြန်မာနိုင်ငံ ကျေးလက်ဒေသများရှိ လူဦးရေအမြောက်အမြားကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးထား ပါသည်။

***အသက်မွေးဝမ်းကျောင်းမှုရင်းမြစ်*** - လူဦးရေစုစုပေါင်း (ခန့်မှန်းခြေအားဖြင့် လူဦးရေသန်း ၆၀) တွင် သန်း(၄၀)ခန့်သည် မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် လယ်ယာလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နေကြပါသည်။

***နိုင်ငံ့ဝင်ငွေရင်းမြစ်*** - စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံ့ဝင်ငွေ၏ အဓိကရင်းမြစ် ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (GDP) ၏ ၂၅.၆ ရာခိုင်နှုန်းကို ပံ့ပိုးပေးခဲ့ပြီး ၂၀၁၈ ခုနှစ် စုစုပေါင်းပို့ကုန်ဝင်ငွေ၏ ၂၄.၄% ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။

***ကုန်ကြမ်းပစ္စည်းရင်းမြစ်*** - စိုက်ပျိုးရေးလုပ်ငန်းသည် ဝါဂွမ်းနှင့် ဂုန်လျှော်ချည်မျှင်၊ သကြား၊ ဆေးရွက်ကြီး၊ စားသုံး၍ရသော ဆီအပြင် စားသုံး၍ မရသော ဆီကဲ့သို့သော ကုန်ထုတ်လုပ်ငန်းများအတွက် အဓိက ကုန်ကြမ်းရင်းမြစ်တစ်ခု ဖြစ်ပါသည်။ ထို့ပြင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တာရှည်ခံအောင် ထုပ်ပိုးခြင်းနှင့် စပါးကြိတ်ခွဲ ခြင်းကဲ့သို့သော အခြား ကုန်ထုတ်လုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများသည် အဓိကအားဖြင့် စိုက်ပျိုးရေး လုပ်ငန်းမှ ရရှိခြင်းဖြစ်ပါသည်။

***အစားအစာနှင့် တိရစ္ဆာန်အစာ ပံ့ပိုးမှု*** - စိုက်ပျိုးရေးလုပ်ငန်းသည် လူများအတွက် အစားအစာ နှင့် အိမ်မွေးတိရစ္ဆာန်များအတွက် အစာကို ပံ့ပိုးပေးပါသည်။

***အလုပ်အကိုင် အခွင့်အလမ်းများ*** - စိုက်ပျိုးရေးလုပ်ငန်းသည် လုပ်သားအင်အားအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ကဏ္ဍသည် အလုပ်သမားအင်အားစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်ကို အလုပ်ခန့်ထားနိုင်ခဲ့ သည်။

***စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု*** - စိုက်ပျိုးရေးလုပ်ငန်း ကဏ္ဍသည် လူအများအပြားကို အလုပ် အကိုင်များ ပေးထားသောကြောင့် ၎င်းသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါသည်။ စိုက်ပျိုးရေးတိုးတက်လာခြင်းဖြင့် နိုင်ငံတော်ဝင်ငွေနှင့် လူနေမှု အဆင့်အတန်းများလည်း တိုးတက်လာလိမ့်မည်။ ထို့ကြောင့် ၎င်းသည် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် ကောင်းမွန်သော ဝန်းကျင်တစ်ခုဖန်တီးရန် ကူညီပေးပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေး တိုးတက်မှုနှုန်းအပေါ် မှီတည်သည်။ စိုက်ပျိုးရေး သည် မြန်မာနိုင်ငံတွင် အဓိကျအကျဆုံး စီးပွားရေးကဏ္ဍတစ်ရပ် ဖြစ်သည်။

***စားနပ်ရိက္ခာဖူလုံရေး*** - စားနပ်ရိက္ခာဖူလုံရေး မည်သည့်နိုင်ငံအတွက်မဆို မရှိမဖြစ်သည့် အရာ တစ်ခု ဖြစ်သည်။ ခိုင်မာသော စိုက်ပျိုးရေးကဏ္ဍတစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးကို သေချာစေသည်။ စားနပ်ရိက္ခာဖူလုံရေးသည် အာဟာရချို့တဲ့ခြင်းကို တားဆီး ပေးသည်။

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်း - မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်း၏ အရေးပါမှုကို သိရှိနားလည်ခြင်း

၁။ အထက်ပါ စာပိုဒ်ကိုဖတ်ရှုပြီးနောက် အောက်ပါမေးခွန်းများကို ဖြေဆိုပါ-

(က) စိုက်ပျိုးရေးလုပ်ငန်းကို အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အဘယ်နည်း။ ၎င်း၏ အခွဲများနှင့် ပတ်သက်သည့် သာဓကများမှာ မည်သည်တို့ ဖြစ်သနည်း။

(ခ) မြန်မာနိုင်ငံအတွင်းနှင့် ရပ်ရွာအသိုက်အဝန်းများအတွင်း၌ စိုက်ပျိုးရေးလုပ်ငန်း၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ ယင်းသည် မည်သည့်အတွက်ကြောင့် အရေးပါသနည်း။


## မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း၏ လက်ရှိအခြေအနေ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးစီးပွားကို အခြေခံသောနိုင်ငံဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် လူဦးရေ သန်း (၆၀) ၏ သုံးပုံနှစ်ပုံနီးပါးခန့်၊ ဆိုလိုသည်မှာ လူဦးရေ သန်း (၄၀) ခန့်သည် ကျေးလက်ဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းကို မှီခိုနေကြရပါသည်။ စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် အနာဂတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါ ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံစီးပွားရေးကို အဓိကလွှမ်းမိုးထားကာ နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်ကုန်၏ ၃၇.၈% ကို ပံ့ပိုးပေးလျက်ရှိပြီး ပြည်ပပို့ကုန်ဝင်ငွေ စုစုပေါင်း ၂၄.၄% ကို ထုတ်လုပ်ပေးနိုင်ရုံသာမက နိုင်ငံ့လုပ်သားအင်အား၏ ၆၀ ရာခိုင်နှုန်းကျော်ကို အလုပ်ပေးထားနိုင်ပါသည်။[၂၉] မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး အစီအစဉ်အရစိုက်ပျိုးရေးလုပ်ငန်းသည် အစိုးရအတွက် အဓိကဦးစားပေးအဖြစ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးအတွက် သင့်လျော်သော မြေများပေါများသည်။ မြေစာရင်းဦးစီးဌာန၏ စာရင်းဇယားများအရ စိုက်ပျိုးမြေသည် စုစုပေါင်းမြေဧရိယာ၏ ၁၈.၄၃% (၆၇၆,၅၇၅ စတုရန်းကီလိုမီတာ) ရှိသည်။ စိုက်ပျိုးရေးဧရိယာ အားလုံးတွင် မြေနိမ့်(လယ်မြေ) သည် ၉.၁၆%၊ ကုန်းမြင့် (ယာမြေ) သည် ၅.၇၆% ရှိပြီး နုန်းမြေသည် ၀.၇၇%၊ ဥယျာဉ်မြေသည် ၂.၄၃% နှင့်တောင်ယာမြေအသုံးပြုမှု ၀.၃၁% အသီးသီးရှိသည်။ (ပုံ ၃.၁)


---

[၂၉] Food and Agriculture Office Myanmar (FAO), 2020




**ပုံ ၃.၁။ မြန်မာနိုင်ငံရှိ လယ်ယာမြေအသုံးပြုမှု အခြေအနေ**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးပိုင်းဆိုင်ရာ ရင်းမြစ်များစွာကို ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး ယင်း၏ စိုက်ပျိုးစီးပွား ကွဲပြားစုံလင်မှုနှင့် မြေသြဇာကောင်းသော မြေဆီလွှာများ ကြောင့် တောင်သူလယ်သမားတို့အား အပူပိုင်းမျိုးများနှင့် အပူပိုင်းဒေသ မျိုးကွဲများ အပါအဝင် သီးနှံအမျိုးအစား (၆၀) ကျော်ကို စိုက်ပျိုးနိုင်ကြပါသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည် ဆန်အိုးကြီးအဖြစ်ရှိနေပြီး လွင်ပြင်နှင့် အလယ်ပိုင်းအပူပိုင်း ဒေသကိုမူ ဆီနှင့် အခြားထွက်ကုန် များထွက်ရှိသည့်ဒေသများအဖြစ် လူအများသိကြသည်။ အဓိကစားနပ်ရိက္ခာသီးနှံမှာ မြန်မာ လယ်ယာမြေ၏ ၅၀% ခန့်တွင် စိုက်ပျိုးသောစပါးဖြစ်သည်။ မြန်မာနိုင်ငံသည် တစ်ခေတ် တစ်ခါက အာရှ၏ ဆန်အများဆုံး တင်ပို့သည့် နိုင်ငံဖြစ်ပြီး ဆန်သည် နိုင်ငံ၏ အရေးအပါဆုံး စိုက်ပျိုးရေးထွက်ကုန် ဖြစ်သည်။ ကမ်းရိုးတန်းတစ်လျှောက်နှင့် တောင်ထူထပ်သော ဒေသ များသည် စိုက်ခင်းများနှင့် သီးပင်များအတွက် ကောင်းမွန်သောနေရာများ ဖြစ်သည်။ အဓိက ပဲသီးနှံများမှာ ဂျုံ၊ ပြောင်း၊ နံ့စားပြောင်း၊ မတ်ပဲ၊ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာပြာ၊ ပဲပုပ်၊ ပဲလေး၊ ပဲစင်းငုံ၊ ဥယျာဉ်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ဝါဂွမ်း၊ ဂုန်လျှော်နှင့် ချည်မျှင်၊ ရော်ဘာ၊ ကြံ၊ ကော်ဖီ၊ ဗာဂျီးနီးယားဆေးရွက်ကြီး၊ ငရုတ်သီး (အခြောက်)၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးတို့ဖြစ်သည်။ ဤသီးနှံများအပြင် မြန်မာနိုင်ငံသည် အထူးသဖြင့် ပြည်တွင်းအတွက် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်သည်။ အဓိက အသီးများတွင် သရက်သီး၊ သံပရာသီး၊ လိမ္မော်သီး၊ ကျွဲကော်သီး၊ ဒူရင်းသီး၊ နာနတ်သီး၊ သြဇာသီး၊ လိုင်ချီးသီး၊ စပျစ်သီး၊ ပန်းသီး၊ ဇီးသီး၊ သစ်ကြားသီး၊ သီဟိုဠ်သီး၊ သကြားသီး၊ မန်ကျည်းသီးနှင့် စတော်ဘယ်ရီတို့ ပါဝင်သည်။ အဓိကဟင်းသီးဟင်းရွက်မျိုးများတွင် ပါဝင် သည့် အချို့သောအမျိုးများမှာ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ဆလတ်၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ မုန်လာဥနီ၊ သကြားမုန်လာ၊ မုန်လာဥဖြူ၊ ဖရဲသီး၊ သခွားသီး၊ သခွားမွှေးသီး၊ ဘူးခါးသီး၊ ရုံးပတီ နှင့် ကညွတ်တို့ ဖြစ်သည်။အခြေခံသီးနှံမြေပုံကို ပုံ (၃.၂) တွင် ဖော်ပြထားသည်။




**ပုံ ၃.၂။ မြန်မာနိုင်ငံ၏ အခြေခံသီးနှံမြေပုံ**

## သင်ယူမှုလုပ်ငန်း (၂)။ အကြောင်းအရာဆက်သွယ်ပြမြေပုံ - သက်ဆိုင်ရာ တိုင်းဒေသကြီး၏ ဒေသထွက်သီးနှံများကို ပုံဖော်ပြခြင်း

၁။ သင်၏ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်သောဒေသထွက် စိုက်ပျိုးရေးသီးနှံများနှင့်စပ်လျဉ်း၍ စဉ်းစားပြီး သင်၏တိုင်းဒေသကြီးအတွင်း ထွက်ရှိသည့် ဒေသထွက်သီးနှံများနှင့် စပ်လျဉ်းသည့်သာဓကများကို ပြသရန် အကြောင်းအရာဆက်သွယ်ပြမြေပုံတစ်ခု ရေးဆွဲပါ။ သင့်အနေဖြင့် သီးနှံများ၏အမည်များကို ရေးသား၍သော်လည်းကောင်း၊ သီးနှံများကို ပုံဆွဲပြ၍သော်လည်းကောင်း ဖော်ပြနိုင်ပါသည်။




**ပုံ ၃.၃။ သက်ဆိုင်ရာဒေသတစ်ခုအတွင်းရှိ ဒေသတွင်းသီးနှံများကို စာရင်းပြုစုခြင်းအတွက် ဝက်ဘ်ကားချပ် (web-chart)**

၂။ မျက်နှာစုံညီဆွေးနွေးပွဲ၌ တိုင်းဒေသကြီးအသီးသီး၏ ဒေသထွက်သီးနှံများကို တင်ပြပါ။ ဆရာသည် သင်ပုန်းပေါ်တွင် မြန်မာနိုင်ငံ၏ မြေပုံကြီးတစ်ခုကို ကြိုတင်ပြင်ဆင်ပေးထားပါလိမ့်မည်။ သင် တင်ပြနေစဉ်အတွင်း သင်သည် သင်၏အကြောင်းအရာဆက်သွယ်ပြမြေပုံကို မြန်မာနိုင်ငံမြေပုံပေါ်တွင်ကပ်၍ ပြသထားရပါမည်။

၃။ ကျောင်းသားအားလုံး သူ/သူမတို့၏ အကြောင်းအရာဆက်သွယ်ပြပုံကို ကပ်ပြီးပါက တိုင်းဒေသကြီးတစ်ခုချင်းစီအလိုက် အဓိက စိုက်ပျိုးရေးသီးနှံများအကြောင်း သိရှိရန် သင်၏ တွဲဖက်နှင့်အတူ လိုက်လံကြည့်ရှုပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ "စိုက်ပျိုးရေးလုပ်ငန်း" ဟူသည့် ဝေါဟာရကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း။

၂။ စိုက်ပျိုးရေးလုပ်ငန်း၏ ကဏ္ဍခွဲများမှာ မည်သည်တို့ ဖြစ်ပါသနည်း။

၃။ ဒေသတွင်းတွင် တွေ့ရှိနိုင်သည့် စိုက်ပျိုးရေးသီးနှံများမှာ မည်သည်တို့ ဖြစ်ပါသနည်း။

# ၃.၂။ အပင်နှင့် မျိုးစေ့များ

ဤအခန်းငယ်သည် အခြေခံပညာကျောင်းသားများကို သင်ကြားရေးနှင့် ပတ်သက်သည့် အပင်အမျိုးအစားများ၏ အခြေခံဗဟုသုတအုတ်မြစ်ကို သင့်အား မိတ်ဆက်ပေးထားပါသည်။ ၎င်းသည် အခြေခံပညာ အလယ်တန်းအဆင့်ရှိ စိုက်ပျိုးရေးသင်ခန်းစာများနှင့် သင်ကြားရေးတွင် သိထားရန် အရေးကြီးသော လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား အဓိကကွာခြားချက်များကို အလေးပေးဖော်ပြထားသည်။ နောက်လာမည့်အပိုင်းသည် ယခင်ကဏ္ဍများထက် ပိုမို၍ပညာရပ်ဆန်မည် ဖြစ်သည်။

## ၃.၂.၁ | အပင်များကို အမျိုးအစားခွဲခြားခြင်း - လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား ကွာခြားချက်များကို ဖော်ထုတ်တတ်မည်။

### လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများ

ကောက်ပဲသီးနှံများနှင့် အပင်များကို ရှေးအချိန်ကတည်းကပင် လူများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အရိုင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ စိုက်ပျိုးခြင်း၊ ပျိုးထောင်ခြင်း နှင့် ပြုပြင်အသုံးပြုခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ထုံးတမ်းစဉ်လာအရ စိုက်ပျိုးနိုင်သည့်အတိုင်းအတာနှင့် အမျိုးအစားအလိုက် ထွက်နှုန်းပမာဏတို့အပေါ် အခြေခံ၍ စိုက်ပျိုးရေးသီးနှံများကို လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအဖြစ် အဓိကအပိုင်းနှစ်ပိုင်းခွဲ၍ စိုက်ပျိုးထားသည်။

**လယ်ယာသီးနှံများ**ကို စိုက်ကွင်းသီးနှံများအဖြစ် လူသိများသည်။ လယ်ယာထွက် သီးနှံများတွင် အဓိကအားဖြင့် နှံစားပင်၊ ပဲမျိုးစုံ/ပဲအမျိုးမျိုး၊ ချည်မျှင်ထွက်သီးနှံ၊ အဖျော်ယမကာထုတ်လုပ်ရာတွင် အသုံးပြုသောသီးနှံနှင့် ကုန်ထုတ်သီးနှံတို့ ပါဝင်သည်။

ဥယျာဉ်ခြံသီးနှံများကို ဥယျာဉ်ခြံထွက်သီးနှံဟု ရည်ညွှန်းကြသည်။ ၎င်းတို့တွင် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များနှင့် အလှဆင်ပင်များပါဝင်သည်။

ရေရှည်တည်တံ့သော သီးနှံထုတ်လုပ်မှုအတွက် လယ်ယာသီးနှံများနှင့် ဥယာဉ်ခြံသီးနှံများကို သီးညှပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးနိုင်သည်။ ဥပမာအားဖြင့် ၄က်ပျောတန်းများအကြား ပဲနှင့်ပဲကြီးများ စိုက်ပျိုးခြင်းနှင့် ပြောင်းဖူးနှင့် ဟင်းသီးဟင်းရွက်များ သီးညှပ်စိုက်ပျိုးခြင်း။

## သင်ယူမှုလုပ်ငန်း (၁)။ တွေး-တွဲ-မျှဝေ သင်ယူခြင်း - လယ်ယာသီးနှံများနှင့် ဥယာဉ်ခြံသီးနှံများကို သိရှိနားလည်ခြင်း

၁။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) မည်သည်တို့သည် လယ်ယာသီးနှံများ ဖြစ်ကြသနည်း။

(ခ) မည်သည်တို့သည် ဥယာဉ်ခြံသီးနှံများ ဖြစ်ကြသနည်း။

(ဂ) ၎င်းတို့၌ တစ်ခုနှင့်တစ်ခုအကြားတွင် မည်ကဲ့သို့ တူညီချက် (သို့မဟုတ်) ကွဲပြားချက်များ ရှိပါသနည်း။

၂။ လယ်ယာသီးနှံများနှင့် ဥယာဉ်ခြံသီးနှံများအကြား ကွာခြားချက်များကို ထည့်သွင်းစဉ်းစားပြီး အောက်ပါဇယားကို သင်၏တွဲဖက်နှင့်အတူ ဖြည့်စွက်ပါ။

**ဇယား ၃.၁။ လယ်ယာသီးနှံများနှင့် ဥယာဉ်ခြံသီးနှံများအကြား ကွာခြားချက်များ**

| စံနှုန်း | လယ်ယာသီးနှံများ | ဥယာဉ်ခြံသီးနှံများ |
|---|---|---|
| အဓိက စားသောက်သုံးစွဲသူများ | | |
| အလှဆင်ရန် ရည်ရွယ်၍ စိုက်ပျိုးခြင်း | | |
| စိုက်ပျိုးသည့် ပုံစံ | | |
| ရိတ်သိမ်းသည့် အခြေအနေ | | |

| စံနှုန်း | လယ်ယာသီးနှံများ | ဥယျာဉ်ခြံသီးနှံများ |
|---|---|---|
| စားသုံးပုံ | | |
| အရည်ရွှမ်းမှု | | |
| ကယ်လိုရီ ပါဝင်မှု | | |
| ဗီတာမင်နှင့် သတ္တုဓာတ်များ | | |
| သက်တမ်း ကြာချိန် | | |
| ထိန်းသိမ်းစီမံရသည့် အဆင့် | | |
| စိုက်ပျိုးသည့် ဧရိယာအလိုက် ဝင်ငွေရရှိမှု | | |
| ရင်းနှီးမြှုပ်နှံရမှု | | |
| ထိခိုက်နိုင်ခြေ (ဥပမာအားဖြင့် ဈေးနှုန်း အတက်အကျ) | | |
| စိုက်ပျိုးထုတ်လုပ်သည့် ပုံစံများ | | |

၃။ အထက်ပါ ဇယားကွက်ကို ဖြည့်စွက်ပြီးသည်နှင့် သင်၏အဖြေများကို အခြားအုပ်စုများ နှင့် လဲလှယ်စစ်ဆေးပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ လယ်ယာသီးနှံများမှာ မည်သည်တို့ ဖြစ်ကြသနည်း။

၂။ ဥယျာဉ်ခြံသီးနှံများမှာ မည်သည်တို့ ဖြစ်ကြသနည်း။

၃။ ၎င်းတို့သည် မည်သို့တူညီကြသနည်း (သို့မဟုတ်) မည်သို့ကွာခြားကြသနည်း။

# ၃.၃။ မြေဆီလွှာများနှင့် မြေသြဇာများ

ဤအခန်းငယ်သည် ယနေ့ မြန်မာနိုင်ငံရှိ စိုက်ပျိုးမြေများ၏ အချို့နေရာများတွင် ဖြစ်ပေါ်လေ့ရှိသော အချဉ်ပေါက်မြေနှင့် အငန်ပေါက်မြေကို ပြုပြင်ခြင်းဆိုင်ရာ အကြောင်းအရာများကို လွှမ်းခြုံထားပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အထူးသဖြင့် ရင်းမြစ်နည်းပါးသော လယ်သမားများအကြား သတ္တုဒြပ်စင်များ၏ ပင်မရင်းမြစ် ဖြစ်လျက်ရှိသော သဘာဝ မြေသြဇာ၏ အသုံးဝင်မှုနှင့် ၎င်းအား စနစ်တကျ သုံးစွဲတတ်ရေးဆိုင်ရာ အကြောင်းအရာများကို ခြုံငုံဖော်ပြထားသည်။

## ၃.၃.၁ | အချဉ်ပေါက်မြေနှင့် အငန်ပေါက်မြေကို ပြုပြင်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဖြစ်ပေါ်နေသော အချဉ်ပေါက်မြေ ပြဿနာများနှင့် ၎င်းအချဉ်ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ဆွေးနွေးတတ်မည်။
- အငန်ပေါက်မြေ ပြဿနာ အမျိုးအစားနှင့် ၎င်းအငန်ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ရှင်းပြတတ်မည်။

### အချဉ်ပေါက်မြေ

မြေချဉ်ငန်ကိန်း (pH) ၅.၅ အောက်လျော့နည်းသော မြေဆီလွှာများဖြစ်ပြီး ထုံးထည့်ပေးကာ ပြုပြင်၍ရနိုင်သော မြေဆီလွှာများကို အချဉ်ပေါက်မြေဟု သတ်မှတ်ထားသည်။

**အချဉ်ပေါက်ခြင်း အကြောင်းရင်းများ**

- မြေအတွင်း ဆွေးမြည့်စေသောပစ္စည်းများ ပုပ်သိုးဆွေးမြည့်မှုဖြစ်စဉ် (အက်စစ်ပမာဏ အမြောက်အမြား ထွက်စေသည်)
- မိုးရေချိန်များပြားခြင်း (မိုးရေချိန် လက်မ(၄၀) အထက် ရွာသွန်းသော အရပ်ဒေသများ)

- အမိုနီယမ်ဆာလဖိတ်များနှင့် အမိုနီယမ်ကလိုရိုက်များကဲ့သို့သော အက်စစ်ဓာတ် ဖြစ်ပေါ်စေသည့် မြေဩဇာများကို အဆက်မပြတ်အသုံးပြုမှု

## မြေအချဉ်ပေါက် ပြဿနာများ

အပင်များတွင် မြေအချဉ်ပေါက် ပြဿနာများ၏ လက္ခဏာများမှာ အပင်များညှိုးခြင်း၊ အရွက်များညှိုးရော်ကာ အရောင်ပြောင်းသွားခြင်း၊ သီးနှံနှုန်းလျော့နည်းခြင်း၊ အမြစ်များ ဖြာထွက်မှုရပ်တန့်ခြင်း၊ အပင်ကြီးထွားမှုလျော့နည်းခြင်းတို့ ပါဝင်ပါသည်။ အချဉ်ပေါက်မြေသည် အပင်ပေါက်မြေအတွက် လိုအပ်သော ဖော့စဖောရပ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့် ကယ်လ်ဆီယမ်စသည့် အာဟာရဓာတ်များကို အပင်များရယူခြင်းမှ တားဆီးသည်။ ထို့ပြင် မြေချဉ်ငန်ကိန်းနိမ့်ပါက နိုက်ထရိုဂျင် ပြုပြင်ခြင်းကိုလည်းကောင်း၊ မြေဆီလွှာ ပြန်လည် အသုံးပြုခြင်းကိုလည်းကောင်း အဟန့်အတားဖြစ်စေပြီး မြေဆီလွှာဖွဲ့စည်းပုံကိုလည်း ပျက်စီး စေလိမ့်မည်။ မြေချဉ်ငန်ကိန်း (pH) ၅ (သို့မဟုတ်) ထို့အောက် လျော့နည်းသော အချဉ်ပေါက် မြေတွင် အလူမီနီယမ်နှင့် ကယ်လ်ဆီယမ်တို့ကို အပင်များအတွက် အဆိပ်အတောက်ဖြစ်စေ သည့် ပမာဏအထိ ထုတ်လွှတ်လေ့ရှိသည်။

## မြေအချဉ်ပေါက်ခြင်း ပြဿနာများကို ပြုပြင်နည်း

မြေအချဉ်ပေါက်ခြင်း ပြဿနာများကို ခွဲခြားဖော်ထုတ်ပြီးသည့်အခါ ယင်းကိုပြုပြင်ရန် အရေးယူလုပ်ဆောင်မှု လိုအပ်သည်။ မြေအချဉ်ပေါက်ခြင်းကို ပြုပြင်ရန် အသုံးပြုသော မည်သည့်ပစ္စည်းကိုမဆို ထုံးကျောက်ဟု သတ်မှတ်ထားသည်။ ၎င်းကို ဟိုက်ဒရိုဂျင် အိုင်းယွန်း နှင့် ဓာတ်ပြု၍ ဖယ်ရှားခြင်းဖြင့် အာနိသင်ပျက်ပြယ်စေရန် အသုံးပြုရမည်။ လိုအပ်သော ထုံးကျောက်ပမာဏသည် အောက်ပါတို့အပေါ် မူတည်သည်။

- လက်ရှိ မြေချဉ်ငန်ကိန်း (pH)
- မြေဆီလွှာပေါင်းစပ်ဖွဲ့စည်းမှု၊ မြေသားသိပ်သည်းဆနှင့်
- ထုံးဓာတ် သက်ရောက်မှု (ဓာတ်ပြယ်သည့် အာနိသင်)

**ဇယား ၃.၂။ တစ်စတုရန်းမီတာလျှင် တစ်ဂရမ်နှုန်းပမာဏရှိသော မြေဆီလွှာထုံးကျောက်၌ မြေချဉ်ငန်ကိန်း (pH) ကို ၆.၅ သို့ တိုးမြှင့်စေရန်အတွက် ထုံးလိုအပ်ချက်**

| လက်ရှိ မြေချဉ်ငန်ကိန်း (pH) | မြေဆီလွှာပေါင်းစပ်ဖွဲ့စည်းမှု | | | | |
|---|---|---|---|---|---|
| | နုန်းဆန်သဲမြေ | သဲနုန်းမြေ | နုန်းမြေနု | နုန်းမြေ | မြေစေး နုန်းမြေ |
| ၃.၅ | ၁၅၀၀ | ၁၈၁၀ | ၂၁၀၀ | ၂၄၀၀ | ၃၁၀၀ |
| ၄.၀ | ၁၂၅၀ | ၁၅၀၀ | ၁၇၅၀ | ၂၀၀၀ | ၂၅၀၀ |
| ၄.၅ | ၁၀၀၀ | ၁၁၉၀ | ၁၄၀၀ | ၁၆၂၀ | ၂၀၀၀ |
| ၅.၀ | ၇၅၀ | ၉၄၀ | ၁၀၀၀ | ၁၁၉၀ | ၁၅၀၀ |
| ၅.၅ | ၅၀၀ | ၆၂၀ | ၇၀၀ | ၈၁၀ | ၁၀၀၀ |
| ၆.၀ | ၂၅၀ | ၃၁၀ | ၃၅၀ | ၃၇၀ | ၅၀၀ |

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် လက်တွေ့လေ့ကျင့်ခန်း - အချဉ်ပေါက်မြေနှင့် ၎င်းကိုပြုပြင်ခြင်းနည်းလမ်းများ

၁။ သင်၏ တွဲဖက်နှင့်အတူ အောက်ပါအချက်များကို ဆွေးနွေးပါ -

(က) အဘယ်ကြောင့် မြေအချဉ်ပေါက်ခြင်း ဖြစ်ပေါ်သနည်း။

(ခ) အချဉ်ပေါက်မြေသည် အပင်များအတွက် မည်သည့် သက်ရောက်မှုများကို ဖြစ်ပေါ်စေသနည်း။

(ဂ) မြေအချဉ်ပေါက်ခြင်းပြဿနာကို ကျွန်ုပ်တို့ မည်ကဲ့သို့ ဖြေရှင်းနိုင်သနည်း။

၂။ မတူညီသော မြေသားအနေအထားအမျိုးမျိုးအတွက် မြေချဉ်ငန်ကိန်း (pH) မြင့်တက်စေမည့် ထုံးဓာတ်လိုအပ်ချက်အကြောင်းကို ကျောင်းသား ၅ ယောက်မှ ၆ ယောက်အထိ ပါဝင်သောအုပ်စုတစ်စုစီအား အောက်ပါဇယားတွင် ဖြည့်စွက်စေပါ။ ဤလုပ်ငန်းသည် မြေအချဉ်ပေါက်သောအခြေအနေအား ဒေသတွင်း အလွယ်တကူရနိုင်သော ပစ္စည်း (ထုံးကျောက်)ကို အသုံးပြုခြင်းဖြင့် ဖြေရှင်းသည့် နည်းလမ်းများအကြောင်းကို သင်တို့ စဉ်းစားမိစေရန် ရည်ရွယ်သည်။

**ဇယား ၃.၃။ အောက်ဖော်ပြပါ အခြေအနေများတွင် မြေချဉ်ငန်ကိန်း (pH) မြင့်တက်လာစေရန်ထုံးကျောက် ထည့်သွင်းရမည့် လိုအပ်ချက်ကို ဖော်ထုတ်ပါ။**

| | တစ်စတုရန်းမီတာလျှင် တစ်ဂရမ်နှုန်းရှိ ထုံးကျောက် လိုအပ်ချက် (မြေဆီလွှာထုံးကျောက်) |
|---|---|
| မြေချဉ်ငန်ကိန်း (pH) ၄.၅ မှ ၆.၅ ရှိ မြေစေးနုန်းမြေ | |
| မြေချဉ်ငန်ကိန်း (pH) ၅.၅ မှ ၆.၅ ရှိ နုန်းဆန်သဲမြေ | |
| မြေချဉ်ငန်ကိန်း (pH) ၄.၅ မှ ၆.၅ ရှိ နုန်းမြေနု | |
| မြေချဉ်ငန်ကိန်း (pH) ၅.၀ မှ ၆.၅ ရှိ နုန်းမြေ | |
| မြေချဉ်ငန်ကိန်း (pH) ၄.၀ မှ ၆.၅ ရှိ သဲနုန်းမြေ | |

(တစ်ဧက = ၄၃၅၆၀ စတုန်းပေ၊ တစ်ဟက်တာ = ၂.၄၇ ဧက၊ တစ်ဧက = ၄၀၄၆.၈၆ စတုရန်းမီတာ၊ တစ်ဟက်တာ = ၁၀၀၀၀ စတုရန်းမီတာ)

## အငန်ပေါက်မြေ

မြေချဉ်ငန်ကိန်း (pH) ၈.၃ ထက်များသော မြေသားနှင့် EC (လျှပ်စစ်စီးကိန်းသတ္တိ) ၄ mmhos/cm အောက်လျော့နည်းသောမြေသားများ၊ ကာဗွန်နိတ်အိုင်းယွန်းနှင့် ဘိုင်ကာဗွန်နိတ်အိုင်းယွန်း အဓိကပါဝင်သောမြေသားများနှင့် ဖလှယ်နိုင်မှုမြင့်သော ဆိုဒီယမ်များပါဝင်မှု လွန်ကဲသော မြေများကို အငန်ပေါက်မြေဟု သတ်မှတ်ထားသည်။

## အငန်ဓာတ်ပေါက်ရသည့် အကြောင်းရင်းများ

- ဆိုဒီယမ်ဆား (ဆားများစုပြုံအနည်ထိုင်ခြင်း)များ ပါဝင်သော ကုန်းမြင့်များတွင် အလွန်အကျွံရေသွယ်တန်းဖောက်ခြင်း
- မိုးခေါင်ရေရှားဒေသများတွင် ရာသီဥတုဒဏ်ကြောင့် မပျော်ဝင်သော ဆားများစုပုံခြင်း
- ပင်လယ်ကမ်းနီး ဒေသများတွင် ပင်လယ်ရေငန်ဝင်ခြင်း (ဆိုဒီယမ်ကာဗွန်နိတ်များ ဖြစ်ပေါ်လာခြင်း)
- ရေမြောင်းစနစ် ညံ့ဖျင်းသော ဆည်ရေသောက်မြေ

## မြေအငန်ပေါက်ခြင်း ပြဿနာများ

အငန်ဓာတ်ပေါက်သည့် အခြေအနေသည် မြေသားဖွဲ့စည်းပုံကို ထိခိုက်စေ၍ ရလဒ်အားဖြင့် ရှင်သန်ကြီးထွားမှု အားနည်းစေပါသည်။ ဖလှယ်မှု မြင့်မားသောဆိုဒီယမ်သည် အပင်များအတွက် ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ် စုပ်ယူနိုင်မှုကို လျော့နည်းစေသည်။ တစ်နှစ်ခံပင်များရှိ အရွက်များခြောက်လာခြင်းနှင့် အက်စစ်ဓာတ်ပါဝင်သော အရည်ရွှမ်းသီးနှံပင်များရှိ အရွက်များ အဝါရောင်သမ်းလာခြင်းတို့မှာ အဖြစ်များသည်။ ဖလှယ်မှုမြင့်မားသောဆိုဒီယမ် (Na) ကြောင့် မြေသားအမှုန်များပျံ့နှံ့ခြင်းသည် မြေဆီလွှာအခြေအနေကို ရုပ်ပိုင်းဆိုင်ရာအားနည်းစေခြင်း၊ လေနှင့် ရေစိမ့်ဝင်နိုင်မှုကိုလျော့ကျစေခြင်း၊ စိုစွတ်သည့်အခါ စေးကပ်ပြီး၊ ခြောက်သွေ့သည့်အခါမာကြောခြင်းတို့ကို ဖြစ်ပေါ်စေလေ့ရှိသည်။

## မြေအငန်ပေါက်ခြင်း ပြဿနာများကို ပြုပြင်နည်း

မြေချဉ်ငန်ကိန်း (pH) လျှော့ချခြင်းသည် ခက်ခဲ၍ အကုန်အကျများသော လုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းကို ပုံမှန်အားဖြင့် မြေဆီလွှာမှ ရရှိသော ဆာလဖာ၊ ဖော့စဖောရပ်ဆာလဖိတ်၊ အလူမီနီယမ်ဆာလဖိတ်နှင့် ကယ်လ်ဆီယမ်ဆာလဖိတ် (ဂျစ်ပဆမ်) ကဲ့သို့သော အက်စစ်ဓာတ်ဖြစ်ပေါ်စေသည့် ဆာလဖာပါဝင်ပစ္စည်းများ အသုံးချခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ ဆာလဖာသည် မြေဆီလွှာရှိ အဏုဇီဝရုပ်များနှင့် ရာသီဥတုဒဏ် ခံရသည့်ဖြစ်စဉ်များတွင် ဓာတ်ပြုခြင်းဖြင့် ဆာလဖျူရစ်အက်စစ်အဖြစ် ပြောင်းလဲသွားသည်။ အကယ်၍လက်ရှိအပင်များ ရှင်သန်ကြီးထွားရာနေရာတွင် အသုံးချမည်ဆိုလျှင် ၎င်းပြုပြင်နည်းသည် အပင်များကို သေစေနိုင်သည်။ အပင်များမစိုက်ပျိုးမီ ၇ လ ခြား၍ ၎င်းပြုပြင်နည်းကို အသုံးချခြင်းမှာ အကောင်းဆုံးဖြစ်သည်။ အက်စစ်ဓာတ်မြင့်လာစေရန် လိုအပ်သောဆာလဖာပမာဏသည် လက်ရှိမြေသားဂုဏ်သတ္တိများ၏ ကိန်းဂဏန်းများ အပေါ်မူတည်သည်။ ၎င်းတို့မှာ -

- လက်ရှိ မြေချဉ်ငန်ကိန်း (pH)
- မြေဆီလွှာပေါင်းစပ်ဖွဲ့စည်းမှုနှင့်
- ဓာတ်မပြုထားသော ထုံးကျောက် (ကယ်လ်ဆီယမ် ကာဗွန်နိတ်ပါဝင်မှု)။

**ဇယား ၃.၄။ တစ်စတုရန်းမီတာလျှင် တစ်ဂရမ်နှုန်းပမာဏရှိသော ဆာလဖာ၌ မြေချဉ်/ငန်ကိန်း (pH) ကို ၆.၅ သို့ တိုးမြှင့်စေရန်အတွက် ဆာလဖာလိုအပ်ချက်**

| လက်ရှိ မြေချဉ်ငန်ကိန်း (pH) | မြေဆီလွှာပေါင်းစပ်ဖွဲ့စည်းမှု | | | | |
|---|---|---|---|---|---|
| | နုန်းဆန်သဲမြေ/ သဲနုန်းမြေ | နုန်းမြေနု | နုန်းမြေစေး | မြေစေးနုန်းမြေ | မြေစေး |
| ၉.၀ | ၂၅၀ | ၄၅၀ | ၆၇၅ | ၅၅၀ | ၆၇၅ |
| ၈.၅ | ၂၀၀ | ၃၆၀ | ၅၄၀ | ၄၄၀ | ၅၄၀ |
| ၈.၀ | ၁၅၀ | ၂၇၀ | ၄၀၅ | ၃၃၀ | ၄၀၅ |
| ၇.၅ | ၁၀၀ | ၁၈၀ | ၂၇၀ | ၂၂၀ | ၂၇၀ |
| ၇.၀ | ၅၀ | ၉၀ | ၁၃၅ | ၁၁၀ | ၁၃၅ |

## ဂျစ်ပဆမ်အသုံးချခြင်းနှင့် အငန်ဓာတ်ပေါက်ခြင်းကို ပြုပြင်ခြင်းအတွက် လိုအပ်ချက်

ဂျစ်ပဆမ်သည် ရေတွင် အနည်းငယ်သာပျော်ဝင်နိုင်သောကြောင့် ၎င်းကို ကြိုတင်အသုံးပြုထားသင့်သည်။ မြေဆီလွှာ ၁၀၀ ဂရမ်တိုင်းအတွက် မက်ထရစ်စနစ်၌ တစ်ထောင်ပုံ တစ်ပုံရှိ အတိုင်းအတာ (meq)အရ ဆိုဒီယမ် (Na) ၁ ဆနှင့် တစ်ဧကလျှင် ဂျစ်ပဆင် ၁.၇တန်ထည့်သွင်းရမည်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့လေ့ကျင့်ခန်း - အငန်ပေါက်မြေနှင့် ၎င်းကို ပြုပြင်ခြင်းနည်းလမ်းများ

၁။ သင်၏ တွဲဖက်နှင့်အတူ အောက်ပါအချက်များကို ဆွေးနွေးပါ -

(က) အဘယ်ကြောင့် မြေအငန်ပေါက်ခြင်း ဖြစ်ပေါ်သနည်း။

(ခ) အငန်ပေါက်မြေသည် အပင်များအတွက် မည်သည့်သက်ရောက်မှုများကို ဖြစ်ပေါ်စေသနည်း။

(ဂ) မြေအငန်ပေါက်ခြင်းပြဿနာကို ကျွန်ုပ်တို့ မည်ကဲ့သို့ ဖြေရှင်းနိုင်သနည်း။

၂။ မတူညီသော မြေသားအနေအထား အမျိုးမျိုးရှိ မြေချဉ်ငန်ကိန်း (pH) လျှော့ကျစေမည့် ဆာလဖာဓာတ် လိုအပ်ချက်အကြောင်းကို ကျောင်းသားငါးယောက်မှ

ခြောက်ယောက်အထိ ပါဝင်သော အုပ်စုတစ်စုစီအား အောက်ပါဇယားတွင် ဖြည့်စွက်စေပါ။ ဤလုပ်ငန်းသည် မြေအငန်ပေါက်သော အခြေအနေအား ဒေသတွင်း အလွယ်တကူရနိုင်သော ပစ္စည်းများ (ဂျစ်ပဆမ်နှင့် ဆာလဖာ)ကို အသုံးပြုခြင်းဖြင့် ဖြေရှင်းသည့် နည်းလမ်းများအကြောင်းကို သင်တို့ စဉ်းစားမိစေရန် ရည်ရွယ်သည်။

**ဇယား ၃.၅။ အောက်ဖော်ပြပါအခြေအနေများတွင် မြေချဉ်ငန်ကိန်း (pH) လျှော့ချစေမည့် ဆာလဖာ လိုအပ်ချက်ကို ဖော်ထုတ်ပါ။**

| | ဆာလဖာ လိုအပ်ချက် (တစ်စတုရန်းမီတာလျှင် တစ်ဂရမ်) |
|---|---|
| မြေချဉ်ငန်ကိန်း (pH) ၈.ဝ မှ ၆.၅ ရှိ မြေစေးမြေ | |
| မြေချဉ်ငန်ကိန်း (pH) ၈.၅ မှ ၆.၅ ရှိ နုန်းဆန်သဲမြေ | |
| မြေချဉ်ငန်ကိန်း (pH) ၉.ဝ မှ ၆.၅ ရှိ နုန်းမြေနု | |
| မြေချဉ်ငန်ကိန်း (pH) ၈.၅ မှ ၆.၅ ရှိ နုန်းမြေစေး | |
| မြေချဉ်ငန်ကိန်း (pH) ၇.၅ မှ ၆.၅ ရှိ မြေစေးနုန်းမြေ | |

# ၃.၃.၂. | သဘာဝမြေသြဇာများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စိုက်ပျိုးရေးလုပ်ငန်း၌ သဘာဝမြေသြဇာများ၏ တန်ဖိုးကို ဖော်ပြတတ်မည်။
- ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝမြေသြဇာများကို သိုလှောင်ပုံနှင့် အသုံးချပုံကို ဖော်ပြတတ်မည်။

## မြေသြဇာ

မြေသြဇာသည် အပင်နှင့် တိရစ္ဆာန် အညစ်အကြေးများဖြစ်ပြီး ၎င်းကို အပင်အာဟာရအတွက် ရင်းမြစ်အဖြစ် အသုံးပြုကြသည်။ အပင်နှင့် တိရစ္ဆာန်အညစ်အကြေးများ ဆွေးမြည့်ပျက်စီးပြီးနောက် ၎င်းတို့သည် အာဟာရဓာတ်များ ထုတ်ပေးသည်။ ကောက်ပဲသီးနှံ အထွက်နှုန်းတိုးစေရေးအတွက် တိရစ္ဆာန်၊ လူသားနှင့် ဟင်းသီးဟင်းရွက် ရင်းမြစ် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အနုပညာသည် စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့ပင် ရှေးကျလှသည်။

## မြေသြဇာရင်းမြစ်များ

မြေသြဇာအတွက် အဓိက ရင်းမြစ်များမှာ -

- ကျွဲနွားတင်းကုပ်မှ အညစ်အကြေးများ - ဇီဝဓာတ်ငွေ့အသုံးပြု ဓာတ်အားပေး စက်ရုံငယ်များမှ နွားချေး၊ ကျင်ငယ်နှင့် စေးပျစ်သောအရောအနှောများ
- လူနေအိမ်များမှ အညစ်အကြေးများ - ကျင်ကြီး၊ ကျင်ငယ်၊ မြို့တွင်းအမှိုက်သရိုက်များနှင့် မိလ္လာအညစ်အကြေးများ
- ကြက်ဘဲမွေးမြူရေးခြံမှ အမှိုက်သရိုက်များ၊ သိုးချေးနှင့် ဆိတ်ချေး
- သားသတ်ရုံမှ စွန့်ပစ်ပစ္စည်းများ - အရိုးစများ၊ အသားစများ၊ သွေးစများ၊ ဦးချိုများနှင့် ခွာစများ၊ ငါးအညစ်အကြေးများ
- စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ၏ ဘေးထွက်ပစ္စည်းများ - ဆီချေး၊ ကြံရိုးနှင့် ကြံဖတ်မှုန်များ၊ သီးနှံနှင့် ဟင်းသီးဟင်းရွက်ထုတ်လုပ်ရာမှ စွန့်ပစ်ပစ္စည်းများ စသည်ဖြင့်
- သီးနှံဘေးထွက်ပစ္စည်းများ - ကြံမှိုက်များ၊ ရိုးပြတ်များနှင့် အခြားဆက်စပ် ဘေးထွက်ပစ္စည်းများ
- ဗေဒါပင်၊ ရေမှော်ပင်၊ နုန်းနုနှင့်
- ပဲမျိုးရင်းဝင် သစ်စိမ်းမြေသြဇာများ၊ သစ်ဆွေးမြေသြဇာများ

## တိရစ္ဆာန်မြေသြဇာ

တိရစ္ဆာန်မြေသြဇာများကို ကောက်ပဲသီးနှံပင်များ စိုက်ပျိုးရာတွင် မြေသြဇာရင်းမြစ်အဖြစ် အသုံးပြုနိုင်သည်။ ၎င်း၏ အာဟာရဓာတ်ပါဝင်မှုသည် တိရစ္ဆာန်အမျိုးအစားနှင့် ကျွေးမွေး

သည့် အစားအစာ၊ ကောက်ရိုးအခင်း အမျိုးအစားနှင့် ပမာဏ၊ မြေဩဇာ စိုထိုင်းဆနှင့် သိုလှောင်သည့် နည်းလမ်းများအပေါ် မူတည်၍ ပြောင်းလဲနိုင်သည်။ အများအားဖြင့် မြန်မာနိုင်ငံတွင် အသုံးပြုသော တိရစ္ဆာန်အညစ်အကြေးများမှာ နွားချေး (မွေးမြူရေး ခြံထွက်မြေဩဇာ)၊ သိုးချေးနှင့် ဆိတ်ချေး၊ မွေးမြူရေးကြက်ဘဲမှ ရရှိသောမြေဩဇာ ဖြစ်သည်။

## မွေးမြူရေးခြံထွက်မြေဩဇာ

မွေးမြူရေးခြံထွက်မြေဩဇာ (Farmyard manure - FYM) ဆိုသည်မှာ မွေးမြူရေးတိရစ္ဆာန်များ၏ မစင်၊ ကျင်ငယ်၊ အမှိုက်သရိုက်၊ ကျွဲစာနွားစာများ (သို့မဟုတ်) အစာကြမ်းများမှ စားကြွင်းစားကျန်များ ပါဝင်သည့် ပုပ်သိုးဆွေးမြည့်နေသော ဇီဝအရောအနှောများကို ရည်ညွှန်းသည်။ ပုပ်သိုးဆွေးမြည့်ပြီးဖြစ်သော မွေးမြူရေးခြံထွက်မြေဩဇာ (FYM) တွင် နိုက်ထရိုဂျင် (N) ၀.၅ ရာခိုင်နှုန်း၊ Phosphorus pentoxid ဖော့စဖောရပ်ပန်တောက်ဆိုဒ် ($P_2O_5$) ၀.၂ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ်အောက်ဆိုဒ် ($K_2O$) ၀.၅ ရာခိုင်နှုန်း ပါဝင်သည်။ ကျင်ငယ်တွင် နိုင်ထရိုဂျင် (N) ၁ ရာခိုင်နှုန်းနှင့် ပိုတက်ဆီယမ်အောက်ဆိုဒ် ($K_2O$) ၁.၃၅ ရာခိုင်နှုန်း ပါဝင်သည်။

## မွေးမြူရေးခြံထွက်မြေဩဇာ (FYM) အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

- အလျား ၆ - ၇.၅ မီတာ၊ အနံ ၁.၅ - ၂.၀ မီတာ၊ အနက် ၁.၀ မီတာ အရွယ်အစားရှိ မြောင်းများ တူးပါ။
- မွေးမြူရေးခြံထွက် ဇီဝပစ္စည်းများကို မြေဆီလွှာနှင့် သမအောင်မွှေ၍ ကျင်ငယ်ရည်များကို ပက်ဖြန်းပါ။
- နောက်တစ်နေ့ မနက်တွင် ကျင်ငယ်ရည် စိမ့်ဝင်ထားသော ဇီဝပစ္စည်းများကိုစု၍ ၎င်းတို့ကို မြောင်းထဲသို့ ထည့်ပါ။
- ယင်းသို့စုပုံထားသောအပုံမှာ မြေပြင်အထက်အမြင့် ၄၅ စင်တီမီတာမှ ၆၀ စင်တီမီတာ အထိသို့ ရောက်ရှိလျှင် အပုံ၏ ထိပ်ဘက်ကို အမိုးခုံးအဖြစ် ပြုလုပ်၍ အရည်ဖျော်ထားသော နွားချေးကို အပေါ်တွင်အုပ်ပါ။
- မြောင်းထဲတွင် အပြည့်ဖြည့်ပြီးသွားသည်အထိ ယခုလုပ်ငန်းကို ဆက်လက် လုပ်ဆောင်ပါ။

## မွေးမြူရေးခြံထွက်မြေသြဇာ (FYM) အသုံးချခြင်း

ယင်းမြေသြဇာကို နွားချေးများဖြင့် ဖုံးအုပ်ပြီးနောက် လေးလမှ ငါးလအတွင်းတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

ကျင်ငယ်ရေထဲတွင် ပါဝင်နေသော ယူရီးယားဓာတ် ဆုံးရှုံးမှုကို လျှော့ချပေးနိုင်ပြီး၊ မွေးမြူရေးခြံထွက်မြေသြဇာ (FYM) ပိုမိုအားကောင်းလာစေရန်အတွက် ဂျစ်ပဆမ်နှင့် စူပါဖော့စဖိတ်(superphosphate) ကို အသုံးပြုနိုင်သည်။ စူပါဖော့စဖိတ်သည် ဆုံးရှုံးမှုကို လျှော့ချပေးနိုင်ပြီး ဖော့စဖောရပ်ပါဝင်မှုကို တိုးမြင့်စေနိုင်သည်။

ပျိုးကြဲခါနီး သုံးပတ် (သို့မဟုတ်) လေးပတ်အလိုတွင် တစ်ဝက်တစ်ပျက် ပုပ်သိုးဆွေးမြည့်နေသော မွေးမြူရေးခြံထွက်မြေသြဇာ (FYM) ကို အသုံးချနိုင်သော်လည်း ကောင်းစွာ ပုပ်သိုးဆွေးမြည့်နေသော မွေးမြူရေးခြံထွက်မြေသြဇာ (FYM) ကို ပျိုးမကြဲမီ သုံးနာရီမှ လေးနာရီအတွင်း အသုံးပြုပေးရမည် ဖြစ်သည်။ ယေဘုယျအားဖြင့် တစ်ဧကလျှင် (၈) တန်မှ (၁၀) တန်အထိ အသုံးပြုပေးနိုင်သည်။

မွေးမြူရေးခြံထွက်မြေသြဇာ (FYM) တွင် ရှိထားသော အာဟာရများ၏ ပမာဏတစ်ခုလုံး ကို ချက်ခြင်းလက်ငင်း မရရှိနိုင်ပေ။ နိုက်ထရိုဂျင် ၃၀ ရာခိုင်နှုန်း၊ ဖော့စဖောရပ် ၆၀ မှ ၇၀ ကြား ရာခိုင်နှုန်းနှင့် ပိုတက်ဆီယမ် ၇၀ ရာခိုင်နှုန်းခန့်သာလျှင် ပထမဆုံး ကောက်ပဲ သီးနှံများအတွက် ရရှိနိုင်မည် ဖြစ်သည်။

## သိုးချေးနှင့် ဆိတ်ချေးမြေသြဇာ

သိုးချေးနှင့် ဆိတ်ချေးမြေသြဇာတွင် မွေးမြူရေးခြံထွက်မြေသြဇာ (FYM) ထက် အာဟာရများ ပိုမိုပါဝင်ပြီး မြေသြဇာ ပိုမိုပြုလုပ်နိုင်သည်။ ပျမ်းမျှအားဖြင့် ၎င်းတို့တွင် နိုက်ထရိုဂျင် ၃ ရာခိုင်နှုန်း၊ Phosphorus pentoxid ဖော့စ်ဖရပ်စ် ပန်တောက်ဆိုဒ် ($P_2O_5$) ၁ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ်အောက်ဆိုဒ် ($K_2O$ ) ၂ ရာခိုင်နှုန်း ပါဝင်သည်။

ပြင်ဆင်ခြင်းနှင့်အသုံးချခြင်း။ ၎င်းကိုစိုက်ခင်းများတွင် နည်းလမ်းနှစ်မျိုးဖြင့် အသုံးပြုနိုင်သည်။ ပထမနည်းလမ်းအနေဖြင့် သိုးတင်းကုပ်နှင့် ဆိတ်တင်းကုပ်မှထွက်ရှိသော အမှိုက်သရိုက်များကို ပုပ်သိုးဆွေးမြည့် ပျက်စီးစေရန် ကျင်းထဲသို့ထည့်၍နောက်ပိုင်း ၎င်းကို စိုက်ခင်းတွင် အသုံးချရန်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ သိုးနှင့်ဆိတ်တို့ကို စိုက်ခင်းထဲတွင် တစ်ညနေစေ၍ကျင်ငယ်နှင့် မစင်တို့ကို မြေကြီးတွင်ထွန်ယက်ခြင်းဖြင့် ရောနှောပေါင်းစပ်စေရန် ဖြစ်သည်။

## ကြက်ဘဲချေးမြေဩဇာ

ကြက်ဘဲချေးမြေဩဇာသည် အခြားသဘာဝမြေဩဇာများနှင့်ယှဉ်လျှင် နိုက်ထရိုဂျင်နှင့် ဖော့စဖောရပ်ပါဝင်မှုမြင့်သည်။ ပျမ်းမျှပါဝင်သော အာဟာရဓာတ်များမှာ နိုက်ထရိုဂျင် ၃.၀၃ ရာခိုင်နှုန်း၊ Phosphorus pentoxid ဖော့စ်ဖရပ်စ်ပန်တောက်ဆိုဒ် ($P_2O_5$) ၂.၆၃ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ်အောက်ဆိုဒ် ($K_2O$) ၁.၄ ရာခိုင်နှုန်းတို့ ဖြစ်ကြသည်။

**ဇယား ၃.၆။ မြေဩဇာအများစုတွင် ပုံမှန်ပါဝင်သော အာဟာရဓာတ်များ**

| မြေဩဇာ | နိုက်ထရိုဂျင် (ရာခိုင်နှုန်း) | ဖော့စ်ဖရပ်စ် ပန်တောက်ဆိုဒ်( P2O5) (ရာခိုင်နှုန်း) | ပိုတက်ဆီယမ်အောက်ဆိုဒ် (K2O ) (ရာခိုင်နှုန်း) |
|---|---|---|---|
| ကောက်ပဲသီးနှံ အကြွင်းအကျန်များ (စပါးခွံ) | ၀.၅-၀.၈ | ၀.၁၅-၀.၂၆ | ၁.၂-၁.၇ |
| မြေဆွေး | ၀.၅-၂.၀ | ၀.၄၄-၀.၈၈ | ၀.၄-၁.၅ |
| မွေးမြူရေးခြံထွက် မြေဩဇာ | ၀.၅-၁.၅ | ၀.၂-၀.၄ | ၀.၅-၁.၉ |
| နွားချေး မြေဩဇာ (အစို) | ၁.၅ | ၀.၃ | ၀.၂ |
| ကြက်ဘဲချေးမြေဩဇာ | ၃.၀ | ၂.၅ | ၁.၄ |
| ဆိတ်ချေးမြေဩဇာ | ၃.၀ | ၁.၀ | ၂.၀ |
| ဝက်ချေးမြေဩဇာ | ၀.၃ | ၀.၃ | ၀.၃ |
| ရေမှော်မြေဩဇာ (အဇိုလာရေမှော်) | ၂.၀-၅.၃ | ၀.၁၆-၁.၆ | ၀.၄-၆.၀ |
| သစ်စိမ်းမြေဩဇာ (Sun hemp) | ၂.၆ | ၀.၅ | ၂.၀ |
| အိမ်ထောင်စုတစ်ခုရှိ ပြာ | ၀.၅-၁.၉ | ၁.၆-၄.၂ | ၂.၃-၁၂.၀ |
| မြေပဲအခဲတုံး | ၇.၀ | ၁.၅ | ၁.၃ |
| အရိုးစ | ၃.၅ | ၂၁ | - |
| ငါးအသားစ | ၁၁.၀ | ၃.၉ | ၀.၃ |

## သင်ယူမှုလုပ်ငန်း (၁)။ သုတေသနနှင့် တွေး-တွဲ-မျှဝေ သင်ယူခြင်း - သဘာဝ မြေသြဇာများအကြောင်းကို နားလည်သဘောပေါက်ခြင်း

၁။ အောက်ပါမေးခွန်းများကို ဖြေဆိုရန်အတွက် သုတေသနတစ်ခုကို လုပ်ဆောင်ပါ။

(က) မြေသြဇာများ ဆိုသည်မှာ အဘယ်နည်း။

(ခ) မြေသြဇာအမျိုးမျိုးမှာ အဘယ်နည်း။

(ဂ) မြေသြဇာများ၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများမှာ အဘယ်နည်း။

(ဃ) သဘာဝမြေသြဇာများနှင့် ဓာတ်မြေသြဇာများ၏ တူညီချက်များနှင့် ကွဲလွဲချက်များမှာ အဘယ်နည်း။

(င) ဒေသတွင်း အလွယ်တကူ ရရှိနိုင်သော သဘာဝမြေသြဇာများ၏ ဥပမာများမှာ အဘယ်နည်း။

(စ) သဘာဝမြေသြဇာများ အသုံးပြုခြင်း၏ တန်ဖိုးများမှာ အဘယ်နည်း။

(ဆ) သဘာဝမြေသြဇာများအား သိုလှောင်ပုံနည်းလမ်းအမျိုးမျိုးမှာ အဘယ်နည်း။

၂။ ဒေသတွင်း အလွယ်တကူရရှိနိုင်သော သဘာဝမြေသြဇာများသည် သီးနှံစိုက်ပျိုး ထုတ်လုပ်ရေးအတွက် အဓိက အရေးပါရခြင်းအကြောင်းရင်းကို အထူးအလေးပေးပြီး အထက်ပါမေးခွန်းများ၏ အဖြေများကို သင်၏ တွဲဖက်နှင့်အတူ ဆွေးနွေးပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ မြေများသည် အဘယ်ကြောင့် အချဉ်ပေါက်လာသနည်း။ အချဉ်ပေါက်မြေကို ပြုပြင်နိုင်သည့်နည်းလမ်းကို ရှင်းပြပါ။

၂။ မြေများသည် အဘယ်ကြောင့် အငန်ပေါက်လာသနည်း။ အငန်ပေါက်မြေကို ပြုပြင်နိုင်သည့် နည်းလမ်းကို ရှင်းပြပါ။

၃။ မြေသြဇာရင်းမြစ်များမှာ မည်သည်တို့ ဖြစ်သနည်း။

၄။ မွေးမြူရေးခြံထွက်မြေသြဇာ (FYM) ဆိုသည်မှာ အဘယ်နည်း။

၅။ မည်သည့် တိရစ္ဆာန်မြေသြဇာတွင် နိုက်ထရိုဂျင်ပါဝင်မှု အမြင့်ဆုံးဖြစ်သနည်း။

၆။ သဘာဝ မြေသြဇာ၏ ကောင်းမွန်သော လက္ခဏာရပ်များကို ဖော်ပြပါ။

# ၃.၄။ အပင်မျိုးပွားခြင်း

ဤအခန်းငယ်သည် အပင်မျိုးပွားခြင်းဟုခေါ်သော အပင်များ၏ မျိုးဆက်ပွားမှုစနစ်ကို အတိုချုပ် မိတ်ဆက်ထားပါသည်။ အထူးသဖြင့် ဤအခန်းငယ်သည် အလယ်တန်းကျောင်းရှိ ကျောင်းသားများအား ဥယျာဉ်ခြံအတွင်းရှိ အပင်များကိုမျိုးဆက်ပွားရာတွင် အသုံးချမည့် သီးနှံမျိုးပွားခြင်းအချို့နှင့် ပတ်သက်သော လက်တွေ့ကျွမ်းကျင်မှုများရရှိစေရန် သင့်ကို လေ့ကျင့်ပေးမည်ဖြစ်သည်။

## ၃.၄.၁ | ကိုင်းဆက်ကူးခြင်းဖြင့် အပင်မျိုးပွားခြင်း


**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ရိုးရှင်းသော ကိုင်းဆက်ကူးနည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့် လုပ်ငန်းစဉ်ကို ရှင်းပြတတ်မည်။

**ကိုင်းဆက်ကူးခြင်းဆိုသည်မှာ အဘယ်နည်း။**

ကိုင်းဆက်ကူးခြင်းဆိုသည်မှာ အပင်နှစ်ပင်ကို အတူတကွ ပေါင်းစည်းပေးလိုက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကိုင်းဆက်၏အပေါ်ပိုင်း (မျိုးကိုင်း) သည် အပင်၏ထိပ်ပိုင်းဖြစ်လာကာ အောက်ပိုင်း (အောက်ခံပင်) သည် အမြစ်အဖွဲ့အစည်း (သို့မဟုတ်) ပင်စည်၏ အပိုင်းတစ်ပိုင်း ဖြစ်လာသည်။




**ပုံ ၃.၄။ မျိုးကိုင်းပေါ်တွင် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသောအဖူးများ ကြီးထွားလာသည့် အကိုင်းအဖွဲ့အစည်းပြပုံ**[၃၀]

အမြစ်စနစ်တွင် မူလကိုင်းဆက်ပင်၏ ထပ်ဆောင်းအပိုင်းတစ်ပိုင်း ပါဝင်သည်။ အပင်သက်တမ်းတစ်လျှောက်လုံးတွင် ကိုင်းဆက်ပင်ဆုံသည် အပင်၏ အပိုင်းနှစ်ပိုင်းဆုံချက်၌ ရှိနေသည်။

## မျိုးကိုင်း

မျိုးပွားခြင်းအတွက် အသုံးပြုသည့် အပင်၏ အစိတ်အပိုင်းကို မျိုးကိုင်းဟုခေါ်သည်။ မျိုးကိုင်းတွင် အကိုင်းတစ်ကိုင်းနှင့်အတူ သစ်ငုံတစ်ငုံ (သို့မဟုတ်) ပင်စည်သစ်များနှင့် ကိုင်းသစ်များဖြစ်လာမည့် အဖူးအငုံများ ပါဝင်သည်။ ၎င်းသည် စိုက်ပျိုးလိုသော အပင်အမျိုးအစား မျိုးယဉ် (cultivar)၏ မျိုးကိုင်းဖြစ်သင့်ပြီး ရောဂါပိုးလည်း ကင်းစင်သင့်သည်။

[၃၀] See Hartmann and Kester (2014) for a shoot system.



**ပုံ ၃.၅။ မျိုးကိုင်း (ဥပမာ - စိန်တလုံး သရက်မျိုးယည်)**

## ကိုင်းဆက်ပင် (ပင်စည်ပင် သို့မဟုတ် အောက်ခံပင်)

အမြစ်စနစ်ပါသည့် မျိုးကိုင်းအား ပံ့ပိုးပေးသည့်အပင်ကို ကိုင်းဆက်ပင် (သို့မဟုတ်) ပင်စည်ပင်ဟု ခေါ်သည်။ ၎င်းသည် ပျိုးပင်ပေါက်၊ အမြစ်ဖြတ်မျိုးပွားပင် (သို့မဟုတ်) မြေထုပ်စည်းထားသည့်အပင် (သို့မဟုတ်) အသေးစား ကိုင်းကူးမျိုးပွားစိုက်ပျိုးသည့်အပင် ဖြစ်နိုင်သည်။ ကိုင်းဆက်ပင်သည် ၎င်းအတွက် မသင့်လျော်သော အခြေအနေများ (သိပ်သည်းစိုစွတ်သော မြေဆီလွှာ)ကို ခံနိုင်ရည်ရှိသင့်ပြီး မြေဆီလွှာမှတစ်ဆင့် ကူးစက်ပြန့်ပွားတတ်သော အင်းဆက်များ (သို့မဟုတ်) ရောဂါဗီဝစနစ်များကို လက်ခံပင်၏ အမြစ်များထက် ခံနိုင်ရည်ပိုမိုကောင်းမွန်သင့်သည်။



**ပုံ ၃.၆။ ကိုင်းဆက်ပင် (ဥပမာ - ရင်ကွဲသရက်မျိုးယည်)**

## အသားတိုးအစာရေကြောလွှာ

၎င်းသည် သစ်ခေါက် (အခေါက် (Periderm) ၊ အပြင်လွှာ (cortex) ၊ အစာကြော (Pholem)) နှင့် သစ်သား (ရေကြော (xylem))ကြားရှိ ပါးလွှာသော တစ်ရှူးဖြစ်သည်။ ၎င်းဆဲလ်များသည် ဆဲလ်ပွားနယ် (meristematic) ဖြစ်သည် - ဆိုလိုသည်မှာ ၎င်းတို့သည် ဆဲလ်ကွဲပွားခြင်းနှင့် ဆဲလ်သစ်ဖြစ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။




**ပုံ ၃.၇။ သစ်ပင်တစ်ပင်၏ အခေါက် (Periderm)၊ အပြင်လွှာ (cortex)၊ အစာကြော (Pholem)**

## ကိုင်းဆက်ကူးသည့်အချိန်

အမြဲစိမ်းအပင်များအတွက် ၎င်းကို လုပ်ဆောင်ရန် အကောင်းဆုံးအချိန်မှာ ကိုင်းဆက်ပင်နှင့် မျိုးကိုင်းများ အသန်ဆုံးအချိန် ဖြစ်သည်။ (ဥပမာ - သရက်အတွက် ဇွန်လမှ ဩဂုတ်လ၊ လိမ္မော်အတွက် ဇူလိုင်လမှ ဩဂုတ်လနှင့် ဇန်နဝါရီမှ မတ်လသည် ကိုင်းဆက်ကူးရန် အသင့်လျော်ဆုံး အချိန် ဖြစ်သည်။) သစ်တော်သီးပင်၊ ပန်းသီးပင်၊ မက်မွန်သီးပင်နှင့် မက်မန်းသီးပင်ကဲ့သို့သော ရွက်ပြတ်ပင်များအတွက်မူ ပင်စည်ဖူးများ ငုံနေသည့်အချိန်တွင် အကောင်းဆုံးဖြစ်ပြီး ၎င်းအချိန်သည် အဖူးများ ပွင့်အာမလာမီ အချိန်ဖြစ်သော ဆောင်းမကုန်မီအချိန် ဖြစ်သည်။

ကိုင်းဆက်ကူးခြင်းအတွက် လိုအပ်သောကိရိယာများ

- ကိုင်းဆက်မျိုးပွားရာတွင် သုံးသည့်ဓား
- ကိုင်းဆက်မျိုးပွားရာတွင် သုံးသည့်တိပ်
- လက်ကိုင် ကိုင်းဖြတ်ကတ်ကြေး




**ပုံ ၃.၈။ ကိုင်းဆက်ကူးခြင်းအတွက် လိုအပ်သော ကိရိယာများ**

အောင်မြင်သော ကိုင်းဆက်ကူးခြင်းလုပ်ငန်းအတွက် အဓိကလိုအပ်ချက်ငါးမျိုး

၁။ မျိုးကိုင်းနှင့် ကိုင်းဆက်ပင်သည် သဟဇာတဖြစ်ရမည်။

၂။ မျိုးကိုင်းနှင့် ကိုင်းဆက်ပင်၏ အသားတိုးအလွှာများသည် တစ်ခုနှင့်တစ်ခု ထိစပ်နေရမည်။

၃။ မျိုးပွားပစ္စည်းများသည် သင့်လျော်သော ဇီဝရုပ်ပိုင်းဆိုင်ရာအဆင့်တွင် ရှိနေရမည်။

၄။ ဖြတ်ရာရာ အကောင်းပကတိ ပြန်ဖြစ်သည်အထိ ကိုင်းဆက်ပင်ဆုံကို အစိုဓာတ်ပြည့်ဝအောင်ထားရမည်။

၅။ ကိုင်းဆက်ကူးခြင်းအပြီးတွင် ကိုင်းဆက်များကို သတ်မှတ်အချိန်ကာလတစ်ခုကြာ စနစ်တကျ ဂရုစိုက်စောင့်ရှောက်ရမည်။

## သပ်သွင်းကိုင်းဆက်မျိုးပွားနည်းကို အသုံးပြု၍ မျိုးပွားခြင်း

၎င်းသည်ကိုင်းဆက်ကူးခြင်း၏ ရှေးအကျဆုံးနှင့် အသုံးအများဆုံးနည်းလမ်းများထဲမှ တစ်နည်းဖြစ်သည်။ (သရက်၊ သစ်တော်၊ ဒူးရင်း၊ မင်းဂွတ်နှင့် စပျစ် ကဲ့သို့သော) သီးစားပင်၊ (ရှားစောင်းပင် ကဲ့သို့သော) အသားထူအရည်ရွှမ်းပင်၊ (သခွားပင်နှင့် ဖရုံပင်ကဲ့သို့သော) နှစ်ရှည်ခံပင်များကို မျိုးပွားရာတွင် မျိုးယဉ်ကို ပြောင်းလဲရာ၌ အခြေခိုင်ပြီးသည့် သစ်သီးပင်၏ ထိပ်ပိုင်းကိုပြောင်းလဲခြင်း (ထိပ်ပိုင်းကိုင်းဆက်ခြင်း) အတွက် ဤနည်းလမ်းကို အသုံးပြုနိုင်သည်။

## ကိုင်းဆက်ပင်အား ပြင်ဆင်ခြင်း

၁။ ပင်စည်ပင်ကို ကိုင်းဆက်ပင်၏ အကိုင်းအခက်များ အောက်ပိုင်းရှိ ဖြောင့်တန်း၊ ချောမွေ့သော ရွက်ဆစ်နေရာအောက်မှ ရေပြင်ညီ ဖြတ်ပိုင်းပါ။

၂။ ကိုင်းဆက်ပင်ဖြတ်ပိုင်းနေရာ၏ ဗဟိုချက်အောက်ဘက်တွင် ဒေါင်လိုက် (၁.၅) လက်မခန့်ကို အပဟဖြတ်ပါ။




**ပုံ ၃.၉။ ကိုင်းဆက်ပင်အား ပြင်ဆင်ခြင်း**

## မျိုးကိုင်းအား ပြင်ဆင်ခြင်း

၁။ မျိုးကိုင်းတွင် အဖူးနှစ်ဖူးမှ လေးဖူးထိ ပါသင့်ပြီး ၎င်းမျိုးကိုင်းသည် အချင်း (၀.၂၅ - ၀.၅၀) လက်မရှိပြီး လေးလက်မမှ ခြောက်လက်မအထိ ရှည်သင့်သည်။

၂။ မျိုးကိုင်းမှ ရွက်ညှာများကိုသာ ချန်ရစ်ခဲ့ပြီး ရွက်ပြားအားလုံးကို ဖယ်ထုတ်ပါ။

၃။ မျိုးကိုင်း၏ အခြေတွင် ပထမစောင်းဖြတ်အား ၁ လက်မခန့် ဖြတ်ပါ။ ဒုတိယစောင်းဖြတ်ကို ပထမစောင်းဖြတ်၏ ဆန့်ကျင်ဘက်တွင်ဖြတ်ပါ။ ဒုတိယအခြေတိဖြတ်အပြီးတွင် အသပ်ပုံဖော်မျိုးကိုင်းသည် ကိုင်းဆက်ကူးရန် အသင့်ဖြစ်နေပြီဖြစ်သည်။



**ပုံ ၃.၁၀။ မျိုးကိုင်းအား ပြင်ဆင်ခြင်း**


## မျိုးကိုင်းထည့်ခြင်းနှင့် စည်းနှောင်ခြင်း

၁။ အသပ်ပုံဖော် မျိုးကိုင်းကို ပင်စည်ပင်၏ ဒေါင်လိုက်အဟာတွင် ထည့်ပါ။

၂။ မျိုးကိုင်းနှင့် ပင်စည်ပင်၏အလွှာများ ကိုက်ညီစေရန်အတွက် မျိုးကိုင်းကို အဟာ၏ တစ်ဖက်ခြမ်းတွင် ထားပါ။

၃။ ကိုင်းဆက်ထားသောနေရာကို တင်းတင်းကျပ်ကျပ် လုံလုံခြုံခြုံစည်းနှောင်ပါ။

၄။ မျိုးကိုင်းကို ပလတ်စတစ်အပါးကြည်စ (သို့မဟုတ်) ဖယောင်းတိပ်အကြည်ဖြင့် စည်းနှောင်ပါ။



**ပုံ ၃.၁၁။ မျိုးကိုင်းထည့်ပုံနှင့် စည်းနှောင်ပုံ**

## ကိုင်းဆက်ခြင်းလုပ်ငန်းအပြီးတွင် ကိုင်းဆက်ထားသောအပင်ကို ဂရုစိုက်စောင့်ကြည့်ခြင်း

- ကိုင်းဆက်ထားသောအပင်၏ မြေဆီအစိုဓာတ်ကို ထိန်းသိမ်းထားပါ။
- ကိုင်းဆက်ပြီး တစ်လမှ တစ်လခွဲအကြာတွင် မျိုးကိုင်းမှအဖူးများထွက်လာလိမ့်မည်။
- အသန်မာဆုံးကိုင်းကိုသာ ထားခဲ့ပြီး ကျန်ကိုင်းများကို ရှင်းပစ်ပါ။

### သင်ယူမှုလုပ်ငန်း (၁)။ လက်တွေ့လုပ်ငန်း - သပ်သွင်းကိုင်းဆက် မျိုးပွားနည်းကို အသုံးပြု၍ မျိုးပွားခြင်း

၁။ သပ်သွင်းကိုင်းဆက် မျိုးပွားနည်းကိုပြသော ဗီဒီယိုကလစ်ကို ကြည့်ရှုပါ - https://www.youtube.com/watch?v=TL6Y2dIfkCk

၂။ ဗီဒီယိုကလစ်အား ကြည့်ပြီးချိန်တွင် ရိုးရှင်းသော ကိုင်းဆက်ကူးနည်း (သပ်သွင်းကိုင်းဆက်မျိုးပွားနည်း) ကို အသုံးပြု၍ အပင်များအား မျိုးပွားသည့် ဖြစ်စဉ်အဆင့်ဆင့်ကို ရေးဆွဲပါ။

| **အဆင့် (၁)။** |
| --- |
| **အဆင့် (၂)။** |

**အဆင့် (၃)။**

**အဆင့် (၄)။**

**အဆင့် (၅)။**

**အဆင့် (၆)။**

**အဆင့် (၇)။**

၃။ စာသင်ခန်းထဲတွင် သပ်သွင်း ကိုင်းဆက်မျိုးပွားနည်းကိုသုံး၍ သက်ရှိ အပင်တစ်ပင်အား မျိုးပွားရန် လေ့ကျင့်ရပါလိမ့်မည်။

၄။ လေ့ကျင့်ပြီးသောအခါ မိမိအတွေ့အကြုံကို ပြန်လည်သုံးသပ်ပြီး ရေးဆွဲထားသော ရုပ်ပုံများကို ပြန်လည်ပြင်ဆင်ရေးဆွဲပါ။

၅။ ရုပ်ပုံကို အသုံးပြု၍ အလယ်တန်းကျောင်းသားများအား သပ်သွင်း ကိုင်းဆက်မျိုးပွားနည်းအဆင့်ဆင့်ကို ရှင်းပြရန်အတွက် အုပ်စုငယ်များဖြင့် စမ်းသပ်သင်ကြားပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ "ကိုင်းဆက်ကူးခြင်း၊ မျိုးကိုင်း၊ ပင်စည်ပင်နှင့် အသားတိုးလွှာ" ဟူသော ဝေါဟာရများကို သင် မည်ကဲ့သို့ နားလည်သဘောပေါက်ပါသနည်း။

၂။ ကိုင်းဆက်ကူးနည်းဖြင့် မျိုးပွားခြင်းလုပ်ဆောင်ရန်အတွက် မည်သည့်အချိန်သည် အကောင်းဆုံးအချိန် ဖြစ်သနည်း။

၃။ ရိုးရှင်းသော ကိုင်းဆက်ကူးခြင်းနည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့် ဖြစ်စဉ်များကို ဖော်ပြပါ။

# အခန်းဆုံး အနှစ်ချုပ်

## အဓိကအချက်များ

- စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးထောက်တိုင်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည်။ ကျွန်ုပ်တို့နိုင်ငံရှိ လူအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသဖြင့် အခြေခံပညာကျောင်းတွင် စိုက်ပျိုးရေးပညာ သင်ယူခြင်းနှင့် သင်ကြားခြင်းတို့သည် ကျွန်ုပ်တို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်အတွက် ကြီးမားသော အထောက်အကူ ဖြစ်လိမ့်မည်။
- ဤအခန်းတွင် သင်သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ၏ အရေးပါပုံ၊ စိုက်ပျိုးရေး သီးနှံနှင့် ဥယျာဉ်စိုက်ပျိုးသီးနှံများ၏ သဘောသဘာဝ၊ အချဉ်ပေါက်မြေနှင့် အငန်ပေါက်မြေများကို ပြုပြင်ခြင်း၊ ဒေသတွင်းရရှိနိုင်သော တိရစ္ဆာန်ထွက် သဘာဝ ဓာတ်မြေသြဇာများကို အသုံးချခြင်း၊ အပင်ရောဂါများနှင့် ၎င်းအားထိန်းချုပ်ပုံအစီအမံ များ၊ အကိုင်းချိုင်ခြင်းနှင့် အပင်ပြုစုပျိုးထောင်ခြင်းစသည့် အရေးပါသော အခြေခံ စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများကို လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

ယခုအခါ သင်သည် အနာဂတ်တွင် အလယ်တန်းကျောင်းသားများကို သင်ကြားရန် စိုက်ပျိုးရေး၏ အခြေခံသဘောတရားများနှင့် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများကို လေ့လာ သင်ယူပြီးဖြစ်၍ စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ လက်တွေ့အသုံးချစွမ်းရည်နှင့် လက်တွေ့အတွေ့အကြုံများကို အတိုင်းအတာတစ်ခုအထိ တိုးမြှင့်ခဲ့ပြီးဖြစ်သည်။

- ဤအခန်းမှ မည်သည်တို့ သင်ယူခဲ့သည်ကို စဉ်းစားရန် အချိန်အနည်းငယ်ယူပါ။
- ဤအခန်းတွင် ဖော်ပြထားသောခေါင်းစဉ်များမှာ နည်းပညာဆိုင်ရာ အကြောင်းအရာ များဖြစ်ကြသည်။ အလယ်တန်းကျောင်းသားများအား ဤနည်းပညာဆိုင်ရာ အချက်အလက်များအား မည်သို့ထိရောက်စွာ သင်ကြားနိုင်မည်ကို ပြန်လည် သုံးသပ်ပါ။

- အလယ်တန်းကျောင်းသားများကို ထိရောက်စွာ သင်ကြားနိုင်စေရန် သင်၏ အသိပညာနှင့် ကျွမ်းကျင်မှုများအား မည်ကဲ့သို့ တိုးချဲ့သွားမည်ကို စဉ်းစားပါ။

## ဆက်လက်ဖတ်မှတ်စရာများ


### ၃.၂။

Balasubramanian, A. (2014). *Classification of agricultural crops*. Retrieved from https://www.researchgate.net/

### ၃.၃။

Brady, N. C. (1984). The nature and properties of soils (9th ed.). New York, NY: Macmillan.

Brown, L. (2008). *Applied principles of horticultural science* (3rd ed.). Oxford, England: Linacre House.

Chandra, K. (2005). *Organic manures*. Hebbal, India: Regional Centre of Organic Farming.

Cox, L., & Koening, R. (2010). Solutions to soil problems: II. High pH (alkaline soil). Retrieved from https://digitalcommons.usu.edu/

Sutton, A. L., Jones, D. D., Joern, B. C., & Huber, D. M. (2001). *Animal manure as a plant nutrient resource.* Retrieved from https://www.extension.purdue.edu/extmedia/ID/ID-101.html

Upjohn, B., Fenton, G., & Conyers, M. (2005). *Soil acidity and liming.* Retrieved from https://www.dpi.nsw.gov.au/

Whiting, D., Card, A., Wilson, C., & Reeder, J. (2015). *CMG GardenNotes #222*. Retrieved from https://cmg.extension.colostate.edu/Gardennotes/222.pdf

## ၃.၄။

Bilderback, T., Bir, R. E., & Ranney, T. G. (2014, June 30). *Grafting and budding nursery crop plants*. Retrieved from https://www.ces.ncsu.edu/

Hartmann, H. T., Kester, D. E., Davies, F. T., & Geneve, R. L. (2014). *Hartmann and Kester's plant propagation* (8th ed.). Harlow, England: Pearson Education Limited.

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| အပျိုပေါက်/လူပျိုပေါက် | ကလေးဘဝနှင့် အရွယ်ရောက်လူငယ်ဘဝအကြားရှိ ကြီးထွားမှုပိုင်းနှင့် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အကူးအပြောင်းကာလကို ဆိုလိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ကအသက် ၁၀ နှစ် မှ ၁၉ နှစ်အကြားရှိ လူငယ်တိုင်းကို အပျိုပေါက်/လူပျိုပေါက် ဟုသတ်မှတ်ပါသည်။ |
| ဇီဝဆန့်ကျင်မှု | အထူးသဖြင့် ပင်တွင်းပစ္စည်းနှစ်ခု (သို့မဟုတ်) ထို့ထက်ပိုမိုသော ပင်တွင်းပစ္စည်းများ တုံ့ပြန်မှုဖြစ်စဉ်မှတစ်ဆင့် အဆိုပါဆဲလ်များအနက်မှ တစ်ခုခုက သက်ရှိဆဲလ်များကိုဖြစ်စေ၊ တစ်ရှူးများကိုဖြစ်စေ လျော့ပါးစေသည့် ဇီဝရုပ်ပိုင်းဆိုင်ရာဆန့်ကျင်မှုဖြစ်စဉ်။ |
| မြေဆီဓာတ်ပြောင်းလဲမှု ဒဏ်ခံနိုင်စွမ်း | မြေဆီလွှာ၏ ပြောင်းလဲမှုဒဏ်ကို အံတုနိုင်သည့်စွမ်းရည်ဖြစ်သည်။ မြေအချဉ်ပေါက်သည့် အခြေအနေမျိုးတွင် မြေဆီလွှာ၏ pH ပြောင်းလဲသွားမှုကို အံတုနိုင်သည့် စွမ်းရည်ဖြစ်သည်။ |
| သစ်ဥ | အချို့အပင်များ၏ မြေအောက်၌ ပေါက်ရောက်သော လုံးဝန်းသည့် သဏ္ဌာန်ရှိသည့်အစိတ်အပိုင်းဖြစ်ပြီး ယင်းသည် သီးပွင့်ချိန်အတွင်း၌ အပင်သစ်အဖြစ် ဆက်လက်ကြီးထွားသည် (ဥပမာ - ကြက်သွန်နီဥ)။ |
| ဓာတုဆေးဝါးများဖြင့် တာရှည်ထိန်းသိမ်းခြင်း | ဓာတုဗေဒ အစားအသောက် တာရှည်ခံဆေးများမှာ ဇီဝပိုးမွှားငယ်များကိုဖျက်ဆီးတားမြစ်ခြင်းမပြုဘဲ ၎င်းတို့၏ ပေါက်ဖွားမှုနှုန်းကို တုံ့နှေးစေခြင်းဖြင့်သော်လည်းကောင်း၊ ထုတ်လုပ်ချိန်နှင့် ဖြန့်ဖြူးချိန်အတွင်း အရည်အသွေး ယိုယွင်းမှုကို ကာကွယ်ပေးခြင်းဖြင့်သော်လည်းကောင်း အခြေအနေတစ်ရပ်တွင် ထိန်းထားပေးနိုင်ရန် အသုံးပြုသည့် ထည့်သွင်းပစ္စည်းများကို ဆိုလိုပါသည်။ |
| စီးပွားရေး ထုတ်ကုန်များ | စီးပွားရေးလုပ်ငန်းတစ်ခု၏ ပုံမှန်လည်ပတ်မှုဖြင့် ရောင်းချသော (သို့မဟုတ်) တင်ပို့သော (သို့မဟုတ်) အများပြည်သူလူထုက တွင်တွင် ကျယ်ကျယ် အသုံးပြုနေသော(သို့မဟုတ်) ငှားရမ်းရန်ဖြစ်စေ၊ မှတ်ပုံတင် ရန်ဖြစ်စေ၊ ရောင်းချရန်ဖြစ်စေ အခွင့်ရထားသော ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှု (အိမ်ခြံမြေလုပ်ငန်းမပါဝင်ပါ)။ |
| နောက်ခံအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်း | နောက်ခံအခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ခြင်းဆိုသည်မှာ တတ်ကျွမ်းမှုများကို သင်ယူသူများနှင့် ကိုက်ညီမှုရှိစေရန်၊ အဓိပ္ပာယ်ရှိစေရန်၊ အသုံးဝင်စေရန် အတွက် အသုံးချရာနယ်ပယ်၏ သက်ဆိုင်ရာ စည်းစနစ်ဖြစ်စေ၊ အခြေအနေဖြစ်စေ၊ ဒေသန္တရ နယ်မြေအလိုက်ဖြစ်စေ သင်ရိုးညွှန်းတမ်းအား ယင်းတို့နှင့် ဆက်နွှယ်ကိုက်ညီမှုရှိစေရန် လုပ်ဆောင်သည့် ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်ကို ဆိုလိုပါသည်။ |
| ဆန်းစစ်ဝေဖန်မှုရှိသောသင်ရိုးညွှန်းတမ်း | ဆန်းစစ်ဝေဖန်မှုရှိသော သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ၏ ၎င်းတို့နေထိုင်ရာပတ်ဝန်းကျင်အပေါ် သိရှိ နားလည်ထားမှုနှင့် မည်သို့ဆက်နွှယ်နေပုံနှင့် စပ်လျဉ်း၍ တွေးခေါ်ရန် မူဘောင်အသစ်တစ်ခုကို ပေးထားပါသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
| --- | --- |
| ဆွေးမြည့်ပျက်ဆီးခြင်း | ပုပ်သိုးမှု၊ ဆွေးမြည့်မှု အခြေအနေ (သို့မဟုတ်) ဖြစ်စဉ် |
| တိရစ္ဆာန်ချေး | သိုးများ၊ ငှက်များနှင့် အင်းဆက်များကဲ့သို့သော တိရစ္ဆာန်များ၏ မစင်။ |
| (မြေသြဇာအဖြစ်သုံးသော)<br>တိရစ္ဆာန်ချေး | တိရစ္ဆာန်များ၏ မစင်၊ နွားချေးမြေသြဇာ။ |
| လျှပ်စစ်ဓာတ် ကူးလူးနိုင်စွမ်း | သတ်မှတ်ထားသည့် ဓာတ်သတ္တုပစ္စည်း၏ လျှပ်ကူးနိုင်သည့် အတိုင်းအတာ၊ အဆိုပါဓာတ်သတ္တုပစ္စည်းအတွင်းရှိ လျှပ်စီးကြောင်း ပတ်စီးမှုကို ဖြစ်ပွားစေသည့် လျှပ်စီးရပ်ဝန်း၏ ဖြတ်စီးမှုကို လက်ရှိခံနိုင်အား၏ အချိုးအဖြစ် တိုင်းတာသည်။ |
| ပိုက်လုံးပုံ ပိတ်စချုပ်နည်း<br>(Fabric tube) | ပိုက်လုံးပုံ ပိတ်စကို ပြောင်းပြန်လှန်၍ ချုပ်လုပ်ခြင်း ဆိုသည်မှာ အချုပ်အလုပ် နည်းပညာတစ်ခုဖြစ်သည်။ အရာဝတ္ထုတစ်ခု (ပိတ်စ၏ အစနှစ်ဖက်) ကို မျက်နှာချင်းဆိုင် ချုပ်လိုက်ပြီးနောက် အဝတစ်ခု ချန်ထားကာ အတွင်းအပြင် ပြောင်းပြန်လှန်လိုက်ပြီး ထိုအဝကို ချည်ထိုး ၍ ချုပ်လိုက်ကာ ပွင့်နေသေးသော အစွန်းတစ်ဖက်မှနေ၍ ထိုအရာဝတ္ထု (ချုပ်လုပ်ပြီးသော ပိတ်စ)ထဲသို့ ဖြည့်စာ (သို့မဟုတ်) အဆာကို ဖြည့်သွင်းရန် အဝတစ်ခု ချန်လုပ်ထားခြင်း ဖြစ်သည်။ |
| ဖြစ်ထွန်းမှုအားကောင်းခြင်း | မြေသြဇာ အရည်အသွေးကောင်းမွန်ခြင်း၊ ထွက်နှုန်းတိုးခြင်း |
| ပွဲတော် | ပွဲတော်ဆိုသည်မှာ ပုံမှန်အားဖြင့် ရပ်ရွာလူထုက ကျင်းပသည့် ပွဲလမ်း တစ်မျိုးဖြစ်ပြီး အဆိုပါရပ်ရွာလူထု၏ စရိုက်လက္ခဏာ အမြင်အချို့နှင့် ယင်း၏ ဘာသာရေး၊ ယဉ်ကျေးမှုတို့အပေါ် ဗဟိုပြု၍ ကျင်းပလေ့ရှိသည်။ |
| ဂျစ်ပဆမ် | ရေဓာတ်ပါဝင်ဖွဲ့စည်းထားသော ကယ်လဆီယမ် ဆာလ်ဖိတ် ပါဝင်သည့် နူးညံ့ သော အဖြူရောင် (သို့မဟုတ်) ခဲရောင် တွင်းထွက်ပစ္စည်း တစ်မျိုး ဖြစ်သည်။ ယင်းကို များသောအားဖြင့် နှန်းဆန်သော အမှုန့်ပုံစံမျိုးဖြင့် တွေ့ရှိရပြီး (ကျောက်ပတ်တီးကဲ့သို့) ပုံစံခွက်ပြုလုပ်သော ပလာစတာနှင့် မြေသြဇာပြုလုပ် ရာတွင် အသုံးပြုသကဲ့သို့ ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင်လည်း အသုံးပြု ကြသည်။ |
| ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေး | ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည်မှာ အမွေအနှစ်များကို ၎င်းတို့၏ ထင်ရှားမှု အလိုက် သင့်လျော်သော မွမ်းမံမှုများပြုလုပ်ပြီး ရေရှည်တည်တံ့ ခိုင်မြဲအောင် ပြောင်းလဲပြုပြင် ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည့် လုပ်ငန်းစဉ် ကို ဆိုလိုပါသည်။ |
| သမိုင်းဝင် ရှေးဟောင်းအမွေအနှစ် | သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်တွင် သမိုင်းကြောင်းအရနှင့် အနုပညာ ပိုင်းအရ တန်ဖိုးကြီးမားသော အဆောက်အအုံများ ပါဝင်ပါသည်။ ယင်းသည် ရှေးယခင် လူစု (သို့မဟုတ်) လူ့အဖွဲ့အစည်း၏ မျိုးရိုးစဉ်ဆက် အဆက်ဆက်မှ လက်ဆင့်ကမ်း အမွေဆက်ခံလာခဲ့သည့် ဒြပ်ရှိ သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များသာမက ဒြပ်မဲ့သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါသည်။ |
| သမိုင်းဝင်နေရာ | သမိုင်းဝင်နေရာဆိုသည်မှာ နိုင်ငံရေးရာ၊ စစ်ရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ လူမှုရေးရာ သမိုင်းကြောင်းပစ္စည်းများကို ၎င်းတို့၏ ယဉ်ကျေးမှုပိုင်းဆိုင်ရာ အမွေအနှစ်တန်ဖိုးအရ ထိန်းသိမ်းစောင့်ရှောက်ထားသည့် တရားဝင်နေရာ တစ်နေရာကို ဆိုလိုပါသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| မြေဆွေး | မြေဆီလွှာ၏ ဇီဝအစိတ်အပိုင်းဖြစ်ပြီး သစ်ရွက်များနှင့် အခြားအပင်မှ ထွက်ရှိသည့် ပစ္စည်းများက မြေဆီလွှာ၏ ဇီဝသက်ရှိ ပိုးမွှားများကြောင့် ဆွေးမြည့်ပျက်ဆီးခြင်းဖြင့် ဖြစ်ပေါ်လာသည့်အရာဖြစ်သည်။ |
| ရောဂါကာကွယ်ရေးပစ္စည်း | ရောဂါကာကွယ်ရာတွင် အသုံးပြုသည့် ပါဝင်ပစ္စည်း (ရောဂါကာကွယ်ဆေးထိုးခြင်း - ဇီဝသက်ရှိအတွင်းသို့ (ကူးဆက်နိုင်စွမ်းရှိသည့် ပြင်ပပစ္စည်း) ဖြင့် ထိုးသွင်းခြင်း)။ |
| ဘာသာရပ်များအကြား အပြန်အလှန်ချိတ်ဆက်သင်ကြားခြင်း | ဘာသာရပ်များအကြား ကူးလူးယှက်နွယ်နေသော အဓိကအကြောင်းအရာများနှင့် စိတ်ကူးအကြံဉာဏ်များ၊ ဘာသာရပ် အသီးသီးအကြား ဆက်နွယ်မှုများနှင့် ၎င်းတို့၏ လက်တွေ့ဘဝနှင့် ဆက်နွယ်မှုများနှင့် စပ်လျဉ်း၍ သိရှိနားလည်မှုများကိုဖန်တီးမွေးထုတ်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်း ပေါင်းစည်းရေးအတွက် ချဉ်းကပ်သင်ကြားနည်းတစ်ရပ် ဖြစ်သည်။ |
| မြေမျက်နှာသွင်ပြင် | မြေမျက်နှာသွင်ပြင်ဆိုသည်မှာ ပုံဖော်ရလွယ်ကူသော သဘာဝအရ (သို့မဟုတ်) လူသားများက ဖန်တီးထားသော အသွင်အပြင်ဖြစ်သည်။ |
| ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း | ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းသည် ကျောင်းတွင်း ပညာရေးအသိုက်အဝန်း၌ ဒေသဆိုင်ရာ (သို့မဟုတ်) တိုင်းရင်းသား ဘာသာစကားများကို ထည့်သွင်းသင်ကြားပေးပြီး ဒေသတွင်း လူမှုရေး၊ စီးပွားရေးပိုင်းဆိုင်ရာ ရှင်သန်ရပ်တည်ရေးများကို သင်ကြားရေးနှင့် သင်ယူရေးအတွင်း ပေါင်းစည်းသင်ကြားနိုင်ရန် လုပ်ဆောင်ပေးပါသည်။ |
| ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (Local Economic Development) | ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (LED) ဆိုသည်မှာ ယင်း၏ အမည်တွင် ဖော်ပြထားသကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ္ဘာကြီးနှင့်အညီ မြို့များအလိုက်၊ ခရိုင်များအလိုက်၊ တိုင်းဒေသကြီးများ အလိုက် လုပ်ငန်းဆောင်တာများကို အရေးပါမှုအလိုက် နေရာချထား သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနည်းတစ်ရပ်ဖြစ်သည်။ |
| ဒေသတွင်းထုတ်ကုန် | ဒေသထွက်သီးနှံဆိုသည်မှာ အဆိုပါဒေသတွင်းရှိ သတ်မှတ်နယ်မြေ အတွင်း စိုက်ပျိုးသည့် (သို့မဟုတ်) ထုတ်လုပ်၊ ကုန်ချောဖန်တီးပြီးနောက် ရောင်းချသည့် အစားအသောက်များနှင့် အခြားစိုက်ပျိုးရေး ထွက်ကုန်များ (ဥပမာအားဖြင့် ဝါဂွမ်း သို့မဟုတ် ပန်းမန်) များကို ဆိုလိုခြင်းဖြစ်သည်။ |
| ဈေးကွက် စီးပွားရေးစနစ် | ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်တည်လာသည့် ဈေးနှုန်းစံညွှန်းများဖြင့် လမ်းညွှန်မှု ပြုထားသည့် စီပွားရေး စနစ်တစ်ရပ်ကို ဆိုလိုပါသည်။ |
| အလယ်တန်းကျောင်းအဆင့်များ | မြန်မာကျောင်းစနစ်ရှိ အလယ်တန်းကျောင်းအဆင့်များဖြစ်သည့် ဆဋ္ဌမတန်းမှ နဝမတန်း အထိ လေးနှစ်တာကာလ ဖြစ်သည်။ |
| ယဉ်ကျေးမှုပေါင်းစုံ ပညာရေး | တန်းတူညီမျှမှုရှိရေး၊ သင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲရေး၊ ယဉ်ကျေးမှု အပြန်အလှန် ကိုက်ညီယှက်နွယ်မှု ဖြစ်ပေါ်လာရေး လုပ်ငန်းစဉ်တို့ဆီ ဦးတည် သည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး၊ ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို ဖြိုချရန် သန္နိဋ္ဌာန်ချလုပ်ဆောင်ခြင်းဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဘာသာရပ်စုံ အပြန်အလှန်ချိတ်ဆက် သင်ကြားခြင်း | အဓိကအားဖြင့် ဘာသာရပ်အသီးသီးနှင့် ယင်းတို့မှ ခေါင်းစဉ်တစ်ခုအပေါ် သော်လည်းကောင်း၊ အဓိကအကြောင်းအရာတစ်ခုအပေါ် သော်လည်းကောင်း၊ အရေးကိစ္စတစ်ခုအပေါ် သော်လည်းကောင်း ပုံဖော်ဖန်တီးပေးနိုင်သည့် ကွဲပြားခြားနားသည့် အမြင်များအပေါ် အလေးပေးထားသည့် သင်ရိုးညွှန်းတမ်း ပေါင်းစည်းရေးအတွက် ချဉ်းကပ်သင်ကြားနည်း တစ်ရပ်ဖြစ်သည်။ ဘာသာရပ်စုံ အပြန်အလှန် ချိတ်ဆက်သင်ကြားသည့် သင်ရိုးညွှန်းတမ်းဆိုသည်မှာ တူညီသော ခေါင်းစဉ်တစ်ခုအပေါ် ဘာသာရပ်တစ်ခုထက်ပိုသည့် ရှုထောင့်အမြင်များမှ လေ့လာသည့် သင်ရိုးညွှန်းတမ်းဖြစ်သည်။ |
| နီမတုတ် (Nematode) | နီမတုတ် (Nematoda) မျိုးစိတ်ဝင် သန်ကောင်လုံး (သို့မဟုတ်) တုတ်ပြားကောင် တို့ကဲ့သော တီကောင်တစ်မျိုးဖြစ်သည်။ |
| OTOP | တစ်မြို့နယ် ထုတ်ကုန်တစ်ခု (One Town One Product) |
| OVOP | ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) |
| ဖယောင်းတိပ် (Paraflim) | ဖယောင်းနှင့် ပိုလီရိုလဖင်း (Polyolefin) တို့ကို သင့်တင့်မျှတစွာ ရောစပ် ထားသည့် အရောအနှောဖြင့် ထုတ်လုပ်ထားသည့် အတန်အသင့် ဖောက်ထွင်း မြင်ရသော၊ ပျော့ပျောင်းသော ဖလင်တိပ်အမျိုးအစား ဖြစ်သည်။ |
| သင်နည်းဗေဒ | အထူးသဖြင့် ပညာရေးဆိုင်ရာ ဘာသာရပ် (သို့မဟုတ်) သီအိုရီပိုင်းဆိုင်ရာအသိ သညာများ သင်ကြားရန်အတွက် နည်းလမ်း (သို့မဟုတ်) သင်ကြားနည်း အလေ့အထများဖြစ်သည်။ |
| တာရှည်ခံဆေး | စားသောက်ကုန်များသော်လည်းကောင်း၊ သစ်များသော်လည်းကောင်း၊ အခြား ပစ္စည်းများကိုသော်လည်းကောင်း ပုပ်သိုးဆွေးမြည့်သွားခြင်း မရှိစေရန် ထိန်းသိမ်းပေးသော ထည့်သွင်းပစ္စည်းကို ဆိုလိုသည်။ |
| အရည်ပျစ် | များသောအားဖြင့် နွားချေးမှုန့်ဖြစ်စေ၊ ဘိလပ်မြေမှုန့်ဖြစ်စေ၊ ကျောက်မှုန့်တို့ကို ဖြစ်စေ ရေဖြင့်ဖျော်ထားသည့် အရည်ပျစ်အနှော တစ်မျိုးဖြစ်သည်။ |
| သားတက်များ/ အပင်ကိုင်း တက်များ (Suckers) | သစ်ပင် (သို့မဟုတ်) အခြားအပင်များ၏ အခြေမှ ခွဲထွက်လာသော အငုတ်ကို ဆိုလိုသည်။ အထူးသဖြင့် အပင်၏ ပင်မ ပင်စည် (သို့မဟုတ်) ပင်စည်မှနေ၍ အကွာအဝေးတစ်ခုရှိ မြေကြီး၏အောက်မှ ထိုးထွက် လာသော အငုတ်ကို ဆိုလိုသည်။ ခရမ်းချဉ်ပင် (သို့မဟုတ်) ပြောင်းဖူးပင် တို့တွင်တွေ့ရသည့် ပင်မအဖူးမှ ခွဲထွက်လာသည့် အတက်ဖူးကို ခေါ်ဆိုသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| တစ်သီးတစ်သန့်ရပ်တည်နိုင်သော စီးပွားရေးသဘောထားခံယူချက်<br>Sufficiency Economy Philosophy(SEP) | တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေး သဘောထားခံယူချက်ဆိုသည်မှာ လူမှုအဆင့်အတန်းအသီးသီးရှိ ပြည်သူလူထုက သင့်လျော်သလို ကျင့်သုံးနိုင်ရန် အတွက် ပဓာနကျသော မူဝါဒများကို အလယ်အလတ်ကျအောင် အရေးစိုက် လုပ်ဆောင်ပေးသည့် သဘောထား ခံယူချက်ကို ဆိုလိုပါသည်။ အဆိုပါ ခံယူချက်သည် ဖွံ့ဖြိုးတိုးတက်မှုများ နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတို့နှင့် စပ်လျဉ်း၍မိသားစုများမှစ၍ ရပ်ရွာလူထု၊ ထိုမှတစ်ဆင့် နိုင်ငံအဆင့်ဆီသို့ စတင် ကျင့်သုံးသွားခြင်း အထိ အကျုံးဝင် သက်ရောက်သကဲ့သို့ ကမ္ဘာ့ရွာအသွင် ပြောင်းလဲလာသည့် ဖြစ်စဉ်များနှင့်အညီ ခေတ်မီတိုးတက်အောင် လုပ်ဆောင် ရာတွင်လည်းအကျုံးဝင် သက်ရောက်ပါသည်။ ‘တစ်သီးတစ်သန့် ရပ်တည်နိုင်ရေး’ ဆိုသည်မှာချောင်ချောင်ချိချိနေထိုင်နိုင်ခြင်း၊ မျှမျှတတသုံးစွဲနိုင်ခြင်း၊ ပြည်တွင်းနှင့် ပြည်ပပြောင်းလဲမှုများမှ ပေါ်ပေါက်လာသည့် ရိုက်ခတ်မှုဒဏ်များမှ ခံနိုင်ရည်ရှိစေ ရန်ပြည်တွင်းလိုအပ်ချက်များ အတွက် ကိုယ်တိုင်ထုတ်လုပ် လည်ပတ်နိုင်စွမ်း အစရှိသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။ |
| စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု | သဘာဝရင်းမြစ်များ လျော့ပါးကုန်ခန်းသွားစေခြင်းမရှိဘဲ ကျင့်သုံးလုပ်ဆောင် သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆိုလိုသည်။ |
| သင်ရိုးမာတိကာ | သင်ရိုးမာတိကာ (သို့မဟုတ်) သင်ရိုးအသေးစိတ် ဖော်ပြချက်များဆိုသည်မှာ သက်ဆိုင်ရာ သင်ရိုးနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းစွာ ဖော်ပြထားသော၊ သင်ရိုးအတွက် မျှော်မှန်းထားသည်များနှင့် တာဝန်ဝတ္တရားများ ကို သတ်မှတ် ဖော်ပြထားသော စာရွက်စာတမ်းဖြစ်သည်။ |
| TCSF (Teacher Competencies Standards Framework) | ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် |
| ဥစားပင်များ | မြေအောက်သို့ ဆက်လက်ကြီးထွားပြီး အပင်အသစ်အဖြစ် ဖြစ်တည်နိုင်သော (အာလူးကဲ့သို့သော) အပင်များ၏ အစိတ်အပိုင်းဖြစ်သည့် ပုသော၊ တုတ်သော၊ လုံးဝန်းသည့် ပင်စည်ကိုဆိုလိုပါသည်။ |

# ကျမ်းကိုးစာရင်း

Association of Myanmar Architects. (2012). *30 heritage buildings of Yangon: Inside the city that captured time*. Chicago, IL: Serindia Publications.

Balasubramanian, A. (2014). *Classification of agricultural crops*. Retrieved from https://www.researchgate.net/

Barnes, T. (1999) *The Kingfisher book of religions: Festivals, ceremonies, and beliefs from around the world*. New York, NY: Kingfisher.

BBC Burmese. (2019, September 12). [*Myanmar students' competition in jaggery making*] [Facebook status update]. Retrieved from https://www.facebook.com/BBCnewsBurmese/posts/2503505916371945/

Bennett, C. (1999). *Comprehensive multicultural education, theory and practice* (4th ed.). Boston, MA: Allyn and Bacon.

Bilderback, T., Bir, R. E., & Ranney, T. G. (2014, June 30). *Grafting and budding nursery crop plants*. Retrieved from https://www.ces.ncsu.edu/

Blair, J. P., & Carroll, M. C. (2008). *Local economic development: Analysis, practices, and globalization* (2nd ed.). Thousand Oaks, CA: Sage Publications.

Brady, N. C. (1984). *The nature and properties of soils* (9th ed.). New York, NY: Macmillan.

Brown, L. (2008). *Applied principles of horticultural science* (3rd ed.). Oxford, England: Linacre House.

*Cambridge Dictionary*. (2020). Retrieved from https://dictionary.cambridge.org/

Chandra, K. (2005). *Organic manures*. Hebbal, India: Regional Centre of Organic Farming.

Chau, T., & Kyaw Soe Htet. (2019, July 7). Bagan named UNESCO World Heritage Site. *Myanmar Times*. Retrieved from https://www.mmtimes.com/

Chunrasaksakun, C., Sanrattana, U., Tungkasamit, A., & Srisawat, N. (2015). Developing local curriculum framework on water resource and disaster course for enhancing students' learning achievements in the basic educational system. *Educational Research and Reviews*, 10, 2216-2225.

Condra, J. (Ed.). (2013). *Encyclopedia of national dress: Traditional clothing around the world*. Santa Barbara, CA: ABC-CLIO.

Cox, L., & Koening, R. (2010). Solutions to soil problems: II. High pH (alkaline soil). Retrieved from https://digitalcommons.usu.edu/

Department of Trade and Industry. (n.d.). *DTI One Town One Product (OTOP) Phillipines*. Retrieved from http://invest.cfo.gov.ph/pdf/part1/dti-one-town-one-product-otop-philippines.pdf

Eggen, P. D., & Kauchak, D. P. (2001). Strategies for teachers: Teaching content and thinking skills (4th ed.). Allyn and Bacon.

Evans, W., & Savage, J. (2015). *Developing a local curriculum: Using your locality to inspire teaching and learning*. Abingdon, England: Routledge.

Food and Agriculture Organization of the United Nations. (2020). *Myanmar at a glance*. Retrieved from http://www.fao.org/myanmar/fao-in-myanmar/myanmar/en/

Gilbert, R., & Hoepper, B. (Eds.). (2016). *Teaching humanities and social sciences: History, geography, economics & citizenship in the Australian curriculum* (6th ed.). Victoria, Australia: Cengage Learning Australia.

Go Myanmar Tours. (2020). *Myanmar World Heritage Sites*. Retrieved from https://www.gomyanmartours.com/myanmar-world-heritage-sites/

Grafting Lesson Official. (2019, March 25). *Mango V grafting technique with result* (100% success) [Video file]. Retrieved from https://www.youtube.com/watch?v=TL6Y2dIfkCk

Insight Guides. (2018). *Myanmar*. London, England: Insight Guides.

Haddad, C. (2007). *Mother tongue-based literacy programmes: Case studies of good practice in Asia*. Bangkok, Thailand: United Nations Educational, Scientific and Cultural Organization-Asia and Pacific Regional Bureau for Education.

Hartmann, H. T., Kester, D. E., Davies, F. T., & Geneve, R. L. (2014). *Hartmann and Kester's plant propagation* (8th ed.). Harlow, England: Pearson Education Limited.

James, J., Thomas, G., & Zatko, M. (2015). *The Rough Guide to Myanmar (Burma)* (1st ed.). London, England: Rough Guides.

Kajornsin, B., Potisook, P., Ekwarangkoon, P., & Lapanachokdee, W. (2004, November). *Local-based curriculum development : A case study of Watsamankit Elementary School, Thailand*. Paper presented at the Australian Association for Research in Education Conference, Melbourne, Australia.

Kivunja, C. (2015). *Teaching, learning & assessment: Steps towards creative practice*. Melbourne, Australia: Oxford University Press.

Kurokawa, K., Tembo, F., & te Velde, D.W. (2010). *Challenges for the OVOP movement in Sub-Saharan Africa (Insights from Malawi, Japan and Thailand)*. Retrieved from https://www.files.ethz.ch/isn/116727/2010-04_Challenges-for-the-OVOP.pdf

Larmer, J., Mergendoller, J. R., & Boss, S. (2015). *Setting the standard for project based learning: A proven approach to rigorous classroom instruction*. Alexandria, VA: ASCD.

Ministry of Education. (2017). Local Curriculum Syllabus guidelines.

Ministry of Education. (2019). Education College Year 1 Local Curriculum Syllabus.

Ministry of Education. (n.d.). *Myanmar National Curriculum Framework (5th version)*. Retrieved from https://www.lextutor.ca/myanmar/curriculum_framework_v5.pdf

Mongsawad, P. (2010). The philosophy of the sufficiency economy: A contribution to the theory of development. *Asia-Pacific Development Journal*, 17, 123-143.

Natsuda, K., Igusa, K., Wibbonpongse, A., & Thoburn, J. (2012). One village One product – rural development strategy in Asia: The case of OTOP in Thailand. *Canadian Journal of Development Studies*, 33, 369-385.

Reid, R., & Grosberg, M. (2005). *Myanmar (Burma)* (9th ed.). London, England: Lonely Planet.

Reynolds, R. (2014). *Teaching humanities and social sciences in the primary school.* Melbourne, Australia: Oxford University Press.

Richmond, S., Bush, A., Eimer, D., Elliott, M., & Ray, N. (2014). *Myanmar (Burma)* (12th ed.). London, England: Lonely Planet.

Shway Yoe. (1963). *The Burman, his life and notions*. New York, NY: Norton.

Sutton, A. L., Jones, D. D., Joern, B. C., & Huber, D. M. (2001). *Animal manure as a plant nutrient resource*. Retrieved from https://www.extension.purdue.edu/extmedia/ID/ID-101.html

South, A., & Lall, M. (2016). *Schooling and conflict: Ethnic education and mother tongue-based teaching in Myanmar*. Retrieved from https://asiafoundation.org/

Stabback, P. (2016). *What makes a quality curriculum*? Retrieved from https://unesdoc.unesco.org/home

Te Kete Ipurangi. (n.d.). *Strengthening local curriculum*. Retrieved from https://www.tki.org.nz/

The Flipped Learning Network. (2014). *Definition of flipped learning*. Retrieved from https://flippedlearning.org/definition-of-flipped-learning/

The Government of the Republic of the Union of Myanmar. (2018). *Myanmar Sustainable Development Plan (2018-2030)*. Retrieved from: https://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf

The Economist. (2013, May 23). *The promise—and the pitfalls: Why investors still need to proceed with caution*. Retrieved from https://www.economist.com/

Thein Lwin. (2007). *Education and democracy in Burma: Decentralization and classroom-level education reform.* Retrieved from https://www.rwctic.org/

Thein Lwin. (2017). Local Curriculum Implementation Guide, February 2017 Annex. *In Language, Identities and Education: in relation to Burma/Myanmar.*

Thein Naing. (2015). *Educated nation (Pyinnar Naing Ngan Daw), a collection of education articles*. Yangon, Myanmar: Wisdom House Publication.

Thein Naing. (2016). *Education in a federal democracy*. Yangon, Myanmar: Myanmar Knowledge Society.

Thomas, G. (2017). *The Rough Guide to Myanmar (Burma)* (2nd ed.). London, England: Rough Guides.

Tun, S. (2016). *Village development part 1*. Monywa Gazzette

Underhill, A. P., & Salazar, L. C. (Eds.). (2016). *Finding solutions for protecting and sharing archaeological heritage resources*. Cham, Switzerland: Springer.

United Nations Scientific, Cultural and Educational Organization. (2017). *World Heritage Sites: A complete guide to 1073 UNESCO World Heritage sites* (8th ed). Richmond Hill, Ontario, Canada: Firefly Books.

United Nations Scientific, Cultural and Educational Organization. (2020a). *Myanmar*. Retrieved from https://whc.unesco.org/en/statesparties/mm

United Nations Scientific, Cultural and Educational Organization. (2020b). *World heritage*. Retrieved from https://whc.unesco.org/en/about/

United Nations Educational, Scientific and Cultural Organization-International Bureau of Education. (2013). *Glossary of curriculum terminology*. Geneva, Switzerland: United Nations Educational, Scientific and Cultural Organization-International Bureau of Education.

United Nations Educational, Scientific and Cultural Organization-International Bureau of Education. (n.d.). *Module 4: System management and governance.* Retrieved from http://www.ibe.unesco.org/fileadmin/user_upload/COPs/Pages_documents/Resource_Packs/TTCD/sitemap/Module_4/Module_4_2_concept.html

Upjohn, B., Fenton, G., & Conyers, M. (2005). *Soil acidity and liming*. Retrieved from https://www.dpi.nsw.gov.au/

Whiting, D., Card, A., Wilson, C., & Reeder, J. (2015). *CMG GardenNotes #222*. Retrieved from https://cmg.extension.colostate.edu/Gardennotes/222.pdf

Whitton, D., Barker, K., Humphries, J., Nosworthy, M., & Sinclair, C. (2010). *Learning for teaching: Teaching for learning* (2nd ed.). Melbourne, Australia: Cengage Learning Australia.

Yangon City Development Council. (n.d.). *Introduction of Myanma festivals*. Retrieved from https://www.ycdc.gov.mm/content.php?yangon=Festivals

# နောက်ဆက်တွဲများ

## လက်ကမ်းစာစောင် (၁)။ ပညာရေးဒီဂရီကောလိပ် ပထမနှစ်၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း မာတိကာ အကြောင်းအရာ

### ပထမနှစ်၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာ

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | စာသင်ချိန် |
|---|---|---|---|---|---|
| ၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်း တမ်းမိတ်ဆက် | ၁.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။ | ၁.၁.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းသည် အဘယ်ကြောင့် အရေးပါသနည်း။ | • ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း အကြောင်း ရှင်းပြတတ်မည်။<br>• ရိုးရာဓလေ့ယဉ်ကျေးမှု၊ ဘာသာစကား၊ မျိုးနွယ်စုလူမျိုးဆိုင်ရာ ကိုယ်ပိုင် အတွေ့အကြုံများ အပေါ် မူတည်၍ မြန်မာနိုင်ငံရှိ ပြည်နယ်များ/ တိုင်းဒေသကြီးများကြားခြားနားချက်များကို နားလည် ကြောင်း သရုပ်ပြသတတ်မည်။<br>• ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားခြင်း၏ အရေးပါပုံကို ဥပမာများ ပေးတတ်မည်။ | (က)(၄.၁) | ၁ |
| | ၁.၂။ အခြေခံပညာရေးရှိ ဒေသဆိုင်ရာ သင်ရိုးညွှန်း တမ်း ခေါင်းစဉ်များ | ၁.၂.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ခေါင်းစဉ်များ | • မူလတန်းအဆင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းမည့် သင်ခန်းစာ ခေါင်းစဉ်အမျိုးမျိုးကို စာရင်းပြုစုဖော်ပြတတ်မည်။<br>• ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း နှင့်သက်ဆိုင်သည့် နိုင်ငံတကာ စာပေများကို စူးစမ်းလေ့လာ၍ ဤဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ဒေသခံလူထုအတွက် ပိုမိုဆီလျော်မှုရှိစေရန် မည်သို့လုပ်ဆောင်နိုင်ကြောင်း ရှင်းပြတတ်မည်။ | (က)(၄.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | စာသင်ချိန် |
|---|---|---|---|---|---|
| | | | • ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း၏ 'အဓိပ္ပာယ်'ကို ပြန်လည်ဖွင့်ဆို သတ်မှတ်ခြင်းဖြင့် ဤဘာသာရပ်ကို မိမိတို့ နားလည်ကြောင်း ပြသတတ်မည်။ | | |
| ၂။ တိုင်းရင်းသားရေးရာ ဘာသာစကားနှင့် ယဉ်ကျေးမှု | ၂.၁။ တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှု သင်ယူလေ့လာခြင်းမိတ်ဆက် | ၂.၁.၁။ တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှု သင်ယူ လေ့လာခြင်း | • ဘာသာစကား တစ်မျိုးတည်းသာ အသုံးပြုသင်ကြားသည့် ပညာရေး၏ ကန့်သတ်ချက်များ အကြောင်းကို ရှင်းပြတတ်မည်။<br>• မိခင်ဘာသာစကားကို သင်ကြားရေး ဘာသာစကား အဖြစ် အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာ စာပေများကို စူးစမ်းလေ့လာတတ်မည်။ | (က)(၅.၁)<br>(က)(၅.၂) | ၂ |
| | ၂.၂။ ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုးကူညီခြင်း | ၂.၂.၁။ တိုင်းရင်းသား ဘာသာစကားများ သင်ယူနေသည့် ကျောင်းသားများကို မည်သို့ ပံ့ပိုး ကူညီမည်နည်း | • တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှု သင်ယူလေ့လာခြင်းတွင် မူလတန်းကျောင်းသားများ တွေ့ကြုံလာနိုင်သည့် အခက်အခဲများနှင့် ၎င်းတို့ကို ဆရာမှ မည်သို့ ကူညီထောက်ပံ့ပေးနိုင်မည်ကို ဆွေးနွေးတတ်မည်။<br>• ကျောင်းနှင့် စာသင်ခန်းအဆင့်တွင်တိုင်းရင်းသားဘာသာစကား ဆရာ/မများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို ရှင်းပြတတ်မည်။ | (က)(၅.၁)<br>(က)(၅.၂) | ၁ |
| ၃။ စိုက်ပျိုးရေး | ၃.၁။ အပင်နှင့် မျိုးစေ့များ | ၃.၁.၁။ အပင်များ | • မူလတန်းကျောင်းသားများကို သင်ကြားပေးမည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံသဘောတရားနှင့် အသိပညာများကို ရှင်းပြတတ်မည်။<br>• အခြေခံစိုက်ပျိုးရေးသိပ္ပံနှင့် အပင်မျိုးပွားခြင်း နည်းစနစ်များ၏လက်တွေ့လုပ်ဆောင်ခြင်းကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့ တတ်ကျွမ်းမှုစံ | စာသင် ချိန် |
|---|---|---|---|---|---|
| | | | • အပင်များ၏ အရေးပါပုံကို ရှင်းလင်းပြနိုင်ပြီး အပင်အမျိုးမျိုးကိုအမျိုးအစား ခွဲခြားတတ်မည်။ | | |
| | | ၃.၁.၂။ မျိုးစေ့ များ | • မူလတန်းကျောင်းသားများအား မျိုးစေ့နှင့် အညှောက်ပေါက်ခြင်း အကြောင်း သင်ကြားမှု အခြေခံ စွမ်းရည်များကို သရုပ်ပြတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| | ၃.၂။ မြေဆီလွှာများနှင့် မြေသြဇာများ | ၃.၂.၁။ မြေဆီလွှာများ | • မြေဆီလွှာများ၊ အခြေခံ မြေဆီလွှာအမျိုးအစားများနှင့် မြေချဉ်ငန်ကိန်း၏ အရေးပါပုံကို ခွဲခြား သတ်မှတ်တတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| | | ၃.၂.၂။ ဓာတ်မြေသြဇာ များ | • အပင်များအတွက် အာဟာရများ၊ မြေသြဇာအမျိုးမျိုးနှင့်အသုံးချမှု နည်းလမ်းများကို ရှင်းပြတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| | ၃.၃။ အပင် မျိုးပွားခြင်း | ၃.၃.၁။ အပင်မျိုး ပွားခြင်းကို နားလည်ခြင်း | • အပင်မျိုးပွားခြင်းအကြောင်းနှင့် မြေထုပ်စည်းခြင်းနည်းလမ်းဖြင့် အချို့အပင်များကို မည်သို့မျိုးပွား သည်ဆိုသည်ကိုရှင်းပြတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၂ |
| | ၃.၄။ အင်းဆက် ဖျက်ပိုးများ၊ ရောဂါများနှင့် ကာကွယ် နှိမ်နင်းနည်း များ | ၃.၄.၁။ အင်းဆက် ပိုးများနှင့် ကာကွယ်နှိမ်နင်း နည်းများ | • အင်းဆက်များ၏ သဘော သဘာဝနှင့် ၎င်းတို့ကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုကို သိရှိမှတ်သားတတ်မည်။<br>• အင်းဆက်ကာကွယ်နှိမ်နင်းနည်း များကို ဖော်ပြတတ်မည်။<br>• စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီ နည်းလမ်းများကို စူးစမ်းလေ့လာ တတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| **စုစုပေါင်း စာသင်ချိန် (ပထမနှစ်ဝက်)** | | | | | ၁၂ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | စာသင်ချိန် |
|---|---|---|---|---|---|
| ၄။ စိမ်းလန်းစိုပြည်သော ဥယျာဉ်ကျောင်း | ၄.၁။ ကျောင်းဥယျာဉ်တစ်ခု ဖြစ်အောင် စီစဉ်ခြင်းနှင့် ပုံဖော်ခြင်း | ၄.၁.၁။ ကျောင်းဥယျာဉ် စီမံကိန်း ရေးဆွဲခြင်း | • စိမ်းလန်းလှပသော ကျောင်းပရဝဏ်တစ်ခု မည်သို့ ဖန်တီးနိုင်ကြောင်း ရှင်းပြတတ်မည်။<br>• ဒေသခံလူ့အဖွဲ့အစည်းကိုရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဖြစ်အောင် ထောက်ပံ့ပေးနိုင်သည့် စိမ်းလန်းသော ကျောင်းပရဝဏ် တစ်ခု ဖန်တီးတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| | | ၄.၁.၂။ စီးပွားရေး အခွင့်အလမ်း တစ်ခုအဖြစ် ရှိသည့် ကျောင်းဥယျာဉ် | • ဒေသခံလူ့အဖွဲ့အစည်း၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုနှင့် ဘဝပုံစံများ ဖြစ်စေရန် လုပ်ငန်းစတင်ဖို့ အသုံးပြုနိုင်သည့် ဒေသထွက်ကုန်များကို စူးစမ်းလေ့လာတတ်မည်။ | (က)(၄.၁)<br>(ခ)(၁.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့ တတ်ကျွမ်းမှုစံ | စာသင် ချိန် |
|---|---|---|---|---|---|
| ၅။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု များ | ၅.၁။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုကို သင်ယူခြင်း | ၅.၁.၁။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ အခွင့်အလမ်း အမျိုးမျိုး (အပိုင်း ၁) | • အလုပ်အကိုင်နှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ ကလေးများ ကြုံတွေ့ရသည့် ပြဿနာအချို့ နှင့် ၎င်းတို့၏ ပညာရေးအပေါ် ကျရောက်နိုင်သည့် အကျိုးသက်ရောက်မှုတို့ကို ရှင်းပြတတ်မည်။ | (က)(၄.၁) (ခ)(၁.၁) | ၁ |
| | | ၅.၁.၂။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ အခွင့်အလမ်း အမျိုးမျိုး (အပိုင်း ၂) | • မူလတန်းကျောင်းသားများ အတွက် သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ပြည်နယ်အလိုက်သင်ကြား မည့် လက်မှုပညာများ၊ စီးပွားဖြစ် ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများကဲ့သို့သော သက်မွေးမှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများသင်ခန်းစာ ခေါင်းစဉ်များကိုရှင်းပြတတ်မည်။ | (က)(၅.၁) (ခ)(၁.၁) | ၁ |
| | ၅.၂။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုကို သင်ကြားခြင်း | ၅.၂.၁။ အလုပ်ခန့်အပ်ရန် သင့်လျော်သော ကျွမ်းကျင်မှုများ နှင့် ဘဝတွက် တာ ကျွမ်းကျင် စရာ များ (အပိုင်း ၁) | • မူလတန်းကျောင်းတွင် သင်ကြားမည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ ကို သရုပ်ပြတတ်မည်။ | (က)(၅.၁) (ခ)(၁.၁) | ၁ |
| | | ၅.၂.၂။ အလုပ်ခန့်အပ်ရန် သင့်လျော်သော ကျွမ်းကျင်မှုများ နှင့် ဘဝတွက် တာ ကျွမ်းကျင် စရာ များ (အပိုင်း ၂) | • အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ယူရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သည့် အခက်အခဲများ နှင့် ဆရာက ၎င်းတို့ကို မည်သို့ ကူညီနိုင်ပုံတို့ကို ဆွေးနွေးတတ်မည်။ | (က)(၅.၁) (ခ)(၁.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | စာသင်ချိန် |
|---|---|---|---|---|---|
| ၆။ အိမ်တွင်းစီမံခန့်ခွဲမှုစွမ်းရည်များ | ၆.၁။ ချက်ပြုတ်ခြင်းနှင့်အာဟာရ | ၆.၁.၁။ အချက်အပြုတ်ဆိုင်ရာကျွမ်းကျင်မှုများ သင်ကြားခြင်း (အပိုင်း ၁) | • မူလတန်းကျောင်းသားများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သင်ကြားမည့် အချက်အပြုတ်ဆိုင်ရာ ကျွမ်းကျင်မှုများ၏သင်ခန်းစာခေါင်းစဉ်များကို ရှင်းပြတတ်မည်။<br>• မူလတန်းကျောင်းတွင် သင်ကြားမည့် အခြေခံ အချက်အပြုတ်ဆိုင်ရာ ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| | | ၆.၁.၂။ အချက်အပြုတ်ဆိုင်ရာ ကျွမ်းကျင်မှုများ သင်ကြားခြင်း (အပိုင်း ၂) | • အာဟာရ၏ အရေးပါပုံနှင့် ကျန်းမာစေသည့် ဟန်ချက်ညီသော အစာစားမှုပုံစံ လိုအပ်ပုံကို ရှင်းပြတတ်မည်။<br>• အချက်အပြုတ်ဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ယူရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သည့်အခက်အခဲများနှင့် ၎င်းတို့ကို မည်သို့ထောက်ပံ့နိုင်ပုံကို ဆွေးနွေးတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့ တတ်ကျွမ်း မှုစံ | စာသင် ချိန် |
|---|---|---|---|---|---|
| | ၆.၂။<br>အချုပ်အလုပ်နှင့် ဇာထိုးပန်းထိုး | ၆.၂.၁။<br>အချုပ်အလုပ်နှင့် ဇာထိုးပန်းထိုးဆိုင်ရာ ကျွမ်းကျင်မှုများ သင်ကြားပေးခြင်း | • မူလတန်းကျောင်းသားများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သင်ကြားမည့် အချုပ်အလုပ်နှင့် ဇာထိုးပန်းထိုးဆိုင်ရာ ကျွမ်းကျင်မှုများ၏ သင်ခန်းစာခေါင်းစဉ်များကို ရှင်းပြတတ်မည်။<br>• မူလတန်းကျောင်းတွင် သင်ကြားရမည့် အချုပ်အလုပ်နှင့် ဇာထိုးပန်းထိုးဆိုင်ရာကျွမ်းကျင်မှုများကိုသရုပ်ပြတတ်မည်။<br>• အချုပ်အလုပ်နှင့် ဇာထိုးပန်းထိုး ကျွမ်းကျင်မှုများ သင်ယူရာတွင် မူလတန်းကျောင်းသားများ တွေ့ကြုံရနိုင်သည့် အခက်အခဲများနှင့် ၎င်းတို့ကို မည်သို့ထောက်ပံ့နိုင်ပုံကို ဆွေးနွေးတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| | ၆.၃။<br>ပွဲ အခမ်းအနားပြင်ဆင်ခြင်း | ၆.၃.၁။<br>အခမ်းအနားများ၊ ပွဲတော်များ အလှအပတန်ဆာဆင်ခြင်းကို မိတ်ဆက် သင်ကြားခြင်း | • မူလတန်းကျောင်းသားများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သင်ကြားပေးရမည့် အခမ်းအနား အလှဆင်မှုဆိုင်ရာ ကျွမ်းကျင်မှုများ၏ သင်ခန်းစာခေါင်းစဉ်များကို ရှင်းပြတတ်မည်။<br>• မူလတန်းကျောင်းတွင် သင်ကြားပေးမည့် အခမ်းအနားအလှဆင်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။<br>• အခမ်းအနားအလှဆင်ခြင်းကို သင်ယူရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် ၎င်းတို့ကို မည်သို့ထောက်ပံ့နိုင်ပုံကို ဆွေးနွေးတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့ တတ်ကျွမ်းမှုစံ | စာသင် ချိန် |
|---|---|---|---|---|---|
| | ၆.၄။ အချိန် စီမံခန့်ခွဲမှု | ၆.၄.၁။ အချိန် စီမံ ခန့်ခွဲမှုကို ကျောင်းသား များအား မိတ်ဆက်ခြင်း | • မူလတန်းကျောင်းသားများ အတွက်သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်သင်ကြားပေးမည့် အချိန်စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ၏ သင်ခန်းစာခေါင်းစဉ်များကို ရှင်းပြတတ်မည်။<br>• မူလတန်းကျောင်းတွင် သင်ကြားပေးမည့် အချိန်စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။<br>• အချိန်စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ယူရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သည့်အခက်အခဲများနှင့် ၎င်းတို့ကို မည်သို့ ထောက်ပံ့နိုင်ပုံကိုဆွေးနွေးတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁) | ၁ |
| ၇။ စစ်ဆေး အကဲဖြတ်ခြင်း | ၇.၁။ ဒေသဆိုင်ရာ သင်ရိုး ညွှန်းတမ်းအား စစ်ဆေး အကဲဖြတ်ခြင်း | ၇.၁.၁။ ဒေသဆိုင်ရာ သင်ရိုး ညွှန်းတမ်းတွင် အသုံးပြုသည့် စစ်ဆေးအကဲ ဖြတ်ခြင်းနည်း လမ်းများ | • မူလတန်းကျောင်းအဆင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင်အသုံးပြုမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁)<br>(ခ) (၂.၁) | ၁ |
| **စုစုပေါင်း စာသင်ချိန် (ဒုတိယနှစ်ဝက်)** | | | | | ၁၂ |
| **စုစုပေါင်း စာသင်ချိန် (ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်)** | | | | | ၂၄ |

## လက်ကမ်းစာစောင် (၂)။ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်မှ ကောက်နုတ်ချက်

၁၇။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဆိုသည်မှာ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီ အလိုက်၊ မြို့နယ်အလိုက်၊ ကျောင်းအလိုက်တို့သည် မိမိတို့၏ ဒေသပညာရေး လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်နိုင်သော စာသင်ချိန်တစ်ချိန်ဖြစ်သည်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရန်အတွက် (အဓိက) သင်ရိုးညွှန်းတမ်းပါ ဆက်နွှယ်နေသော ဘာသာရပ်၏အကြောင်းအရာအချို့နှင့် ပေါင်းစည်း၍လည်းကောင်း၊ ဆက်စပ် အကြောင်းအရာအချို့ကို သီးခြားဘာသာရပ်များအဖြစ် သင်ကြားခြင်းဖြင့်လည်းကောင်း စီစဉ်မှုများကို ပြုလုပ်နိုင်ပါသည်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် ဆက်နွှယ်နေသော အဓိကဆက်စပ် အကြောင်းအရာများမှာ တိုင်းရင်းသားဘာသာစကားများ သင်ကြားခြင်း၊ ၎င်းတို့ ကိုယ်ပိုင် သမိုင်းကြောင်းများနှင့် ရိုးရာယဉ်ကျေးမှုများ၊ ဒေသတွင်းစီးပွားရေးအခြေအနေ၊ စိုက်ပျိုးရေး ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် အခြေခံကွန်ပျူတာတို့ ဖြစ်ကြသည်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် ဒေသအလိုက် လိုအပ်ချက်များအတွက် အသင့်လျော်ဆုံးဖြစ်သော ဆက်စပ်အကြောင်းအရာများကို ရွေးချယ်သင်ကြားရမည်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို ပြည်ထောင်စုအစိုးရက ရေးဆွဲခြင်းမဟုတ်သည့်အပြင် ဆက်စပ်အကြောင်းအရာများသည် ဒေသအလိုက် လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပြီး ရေးဆွဲထားသဖြင့် ၎င်းတို့ကို ပြည်နယ်/ တိုင်းဒေသကြီး အစိုးရတစ်ဖွဲ့ချင်း၏ အတည်ပြုချက်ဖြင့် သင်ကြားနိုင်ပါသည်။

၁၈။ ဘာသာရပ်များကို ရွေးချယ်ရန်နှင့် သင်ကြားရန် စီစဉ်ရာတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို တစ်ပတ်လျှင် ငါးရက်၊ တစ်နှစ်လျှင် နာရီ (၁၂၀) ထက်ပို၍ အချိန်မပေးသင့်ပါ။

၁၉။ အကြောင်းအရာများ၊ ပြဋ္ဌာန်းစာအုပ်များ၊ သင်ကြားရေး သင်ယူရေး အထောက်အကူပြု ပစ္စည်းများ၊ သင်နည်းဗေဒ ချဉ်းကပ်နည်းများ၊ အကဲဖြတ်ခြင်း စသည်တို့အပါအဝင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက တာဝန်ယူရမည်။

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန